ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 September 2020 ၁၀၁၂၇

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်နှင့် မတူပီမြို့တို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီမြို့ မြို့မိမြို့ဖများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၅

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ် (တောင်ပိုင်း)၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မင်းတပ်မြို့ ပြည်ထောင်စုအဆင့် ဆေး့ရိပ်သာ တည်ဆောက်နေမှု၊ မင်းတပ်ကောလိပ်စာသင်ဆောင် ဆောက်လုပ်နေမှု၊ လည်မျိုချောင်းတံတားတည်ဆောက်နေမှု၊ မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသုံးထပ်ဆောင် ဆောက်လုပ်နေမှုနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် မင်းတပ်မြို့၌ ပြည်ထောင်စုအဆင့် ဆေး့ရိပ်သာတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် လမ်းဦးစီးဌာနမှူး ဦးဆန်းလွင်က ရှင်းလင်းပြသသည်။ အဆိုပါ ပြည်ထောင်စုအဆင့် ဆေး့ရိပ်သာသည် အလျား ပေ ၁၂၀၊ အနံ ပေ ၅၀ ရှိပြီး သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် မင်းတပ်ကောလိပ် ပေါင်းစုတည်ဆောက်ခြင်းလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးက မင်းတပ်မြို့နှင့် မတူပီမြို့တို့တွင် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းအခြေအနေများ၊ မင်းတပ်ဝိဇ္ဇာသိပ္ပံကောလိပ်၊ ပညာရေးကောလိပ်နှင့် အစိုးရနည်းပညာနှင့် သက်မွေးပညာသိပ္ပံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဂျပန်နိုင်ငံထုတ် Diesel Electric Multiple Unit ရထားတွဲဆိုင်းသစ်များ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် အသုံးပြုမည့် ဂျပန်နိုင်ငံထုတ် Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းသစ်များကို ဩဂုတ် ၂၁ ရက်တွင် ဂျပန်နိုင်ငံ နီဂတဆိပ်ကမ်းမှ တင်ဆောင်လာခဲ့ရာ ယမန်နေ့ ညနေပိုင်းတွင် သီလဝါမြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MITT)သို့ ရောက်ရှိခဲ့သည်။

ယခုရောက်ရှိလာသည့် ရထားတွဲဆိုင်းသစ်များမှာ လေအေးပေးစက်ပါ ခရီးသည် ၃၆ ဦးဆံ့ အထက်တန်းတွဲ နှစ်တွဲနှင့် ခရီးသည် ၆၀ ဆံ့ ရိုးရိုးတန်းတွဲ လေးတွဲဖြစ်ပြီး တွဲတစ်တွဲ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း ရှိပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

COVID-19 : D614G :

ကြောက်သင့်သလောက် ကြောက်ပြီး လုပ်သင့်တာကို လုပ်ကြပါ

ဆောင်းပါး စာမျက်နှာ » ၆

ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၆ ဦးအား ပြန်လည်ခေါ်ဆောင်

စာမျက်နှာ » ၁၀

Sputnik V ကာကွယ်ဆေးသည် ထိရောက်မှုရှိပြီး ဘေးဥပဒ်မဖြစ်ကြောင်း ရုရှားသုတေသီများ အတည်ပြု

စာမျက်နှာ » ၁၂

ကြေးမုံ

ပြည်ထောင်စုအတွက် အမျိုးသားရေးကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ ဓနဥစ္စာအင်အားကြွယ်ဝမှု၊ အရင်းအမြစ်ပေါများမှုသာ နိုင်ငံ၏အရေးအရာကိစ္စမှန်သမျှ အလွယ်တကူ အချိန်မရွေးဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံတိုးတက်ရေး၊ ဥစ္စာဓနတောင့်တင်းခိုင်မာရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို အစဉ်အမြဲကြိုးပမ်းအားထုတ်နေကြသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံဖြစ်သည်။ ချမ်းသာကြွယ်ဝသော နိုင်ငံမဟုတ်ပေ။ စစ်မှန်သောဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာအောင် ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်နေစဉ် အရေးအရာကိစ္စများ ပေါ်ပေါက်လာပါက ရရှိထားသည့် ဘဏ္ဍာငွေအင်အားများ၊ ရှိသမျှအင်အားများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်။ အရေးပေါ်ကိစ္စတစ်ခုကို ပီပြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ငွေကြေးအင်အား၊ ပစ္စည်းအင်အား၊ လူ့အရင်းအမြစ်အင်အားတို့ကို အစွမ်းကုန်ထုတ်နုတ်သုံးစွဲရသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းကြရာတွင် ချမ်းသာကြွယ်ဝသောနိုင်ငံများ၌ ရောဂါဆိုးဆိုးရွားရွားဖြစ်ခြင်းကို ပူပန်ရခြင်းထက် မချမ်းသာမကြွယ်ဝသော နိုင်ငံငယ်များ၌ ရောဂါများများစားစားဖြစ်လာမည်ကို ပိုမိုစိုးရိမ်ရပေသည်။ ချမ်းသာကြွယ်ဝသည့်နိုင်ငံများမှာ ငွေကြေးဥစ္စာ၊ ပစ္စည်း၊ အရင်းအမြစ် ပေါများကြွယ်ဝသဖြင့် ဖြစ်ပေါ်လာသမျှသော ဒုက္ခအခက်အခဲများကိုမမှုဘဲ ရင်ဆိုင်ကျော်လွှားသွားနိုင်သော်လည်း မြန်မာနိုင်ငံကဲ့သို့ အဘက်ဘက်က အားနည်းသောနိုင်ငံအဖို့မှာမူ ခက်ခက်ခဲခဲရုန်းကန်ရသည့်အပြင် အရေးပေါ်ကာလပြီးဆုံးပြီးနောက် နိုင်ငံအင်အားယိုင်နဲ့မသွားစေရေး ရေရှည်အတွက်လည်း မြော်တွေးလုပ်ဆောင်နေရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ယနေ့ကာလတွင် ရခိုင်အရေး၊ ရန်ကုန်အရေးဟူ၍ ခွဲခြားဆောင်ရွက်နေ၍မရဘဲ ပြည်ထောင်စုကြီးအရေး၊ တစ်နိုင်ငံလုံးအရေးအဖြစ် လွှမ်းခြုံဆောင်ရွက်နေရသည်။ ရခိုင်ပြည်နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ငွေကြေး ၁၆ ဘီလီယံအသုံးပြုထားရကာ ဆေးဝါးပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာအရင်းအမြစ်များကို ရောဂါဖြစ်ပွားမှု ကျယ်ပြန့်လျှင် ကျယ်ပြန့်သလောက် တိုးမြှင့်ဖြည့်စွက်ပေးနေရသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အဘက်ဘက်တွင် လိုအပ်လျှင်လိုအပ်သလောက် ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် ဖြစ်ပွားသည်ဖြစ်စေ ပြည်ထောင်စုတစ်ခုလုံး၏ နာကျင်မှုစိတ်ဓာတ်ဖြင့် ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာလျှင် အဓိကဆောင်ရွက်ရသူများမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်ပြီး ပါဝင်ကူညီဆောင်ရွက်ကြရသူများမှာ ဆက်နွှယ်ရာအဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းပြည်သူများဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွင် အဓိကစိန်ခေါ်မှုနှင့် လိုအပ်ချက်မှာ စည်းလုံးညီညွတ်မှုနှင့် ပြည်သူများ၏ တာဝန်သိမှုဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဝန်ထမ်းများမှာ ၎င်းတို့၏ပင်မတာဝန်များအပြင် ကိုဗစ်-၁၉ ရောဂါ တိုးလျှင်တိုးသလောက် ဘဝများကိုပေးဆပ်၍ ၂၄ နာရီ ထမ်းဆောင်နေကြသည်။ ရောဂါဖြစ်မှုနည်းလျှင် နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်ပြီး ဖြစ်ပွားမှုများလျှင် မနိုင်မနင်းဖြစ်လာနိုင်သည်။ ထို့ကြောင့် ရောဂါကာကွယ်ထိန်းချုပ်ရေးကို ဆောင်ရွက်ရာ၌ ပြည်သူမပါလျှင် ထိထိရောက်ရောက် လုပ်ကိုင်နိုင်မည်မဟုတ်ပေ။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ တိုးခြင်း၊ လျော့ခြင်းမှာ ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးနိုင်မှုသည် အဓိကဆိုခြင်းထက် ပြည်သူများ၏ အသိတရားရှိရှိ ပါဝင်ခြင်း၊ မပါဝင်ခြင်းသည် ပို၍အဓိကကျသည်။ ပို၍အရေးပါသည်။ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ကျော်လွှားနိုင်ရေးအတွက် ငွေကြေး၊ ဆေးဝါးပစ္စည်း၊ လူအရင်းအမြစ်များ အစွမ်းကုန်ထုတ်နုတ်သုံးစွဲပေးလျက်ရှိနေသည်ကို ပြည်သူများအနေဖြင့် သိမြင်နားလည်ပြီး အသိတရားရှိရှိ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများအားလုံး အသိတရားဖြင့် ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုသည်။ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရေးသည် အသစ်အဆန်း မဟုတ်ပေ။ အတွေ့အကြုံရှိပြီးသားလည်း ဖြစ်သည်။ မလိုအပ်ဘဲ အိမ်ပြင်မထွက်ပါနှင့်၊ သတ်မှတ်ထားသောမြို့နယ်ဖြစ်လျှင် အိမ်မှာနေပါ။ ပြည်သူအားလုံး နှာခေါင်းစည်းဝတ်ပါ၊ လက်ကို ဆပ်ပြာနှင့်ဆေးပါ။ လူစုလူဝေးများကို ရှောင်ရှားပါ၊ ဖြစ်နိုင်လျှင် တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေစီလောက်ခွာထားပါ။ ရောဂါပိုးသံသယရှိလျှင် သက်ဆိုင်ရာဌာနများသို့ ချက်ချင်းအကြောင်းကြားပါ။

သို့ဖြစ်ရာ ပြည်သူသာလျှင် အဓိကဖြစ်၍ ကျန်းမာရေးဆိုင်ရာ အခြေခံစည်းမျဉ်း၊ စည်းကမ်းများကို ပြည်သူတိုင်း ပြည်သူတိုင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်း အားလုံးလိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုနိုင်ငံတော်ကြီး ရောဂါဘေးမှကင်းဝေးစေမည် ဖြစ်သည်။ ပြည်ထောင်စုကြီးရေရှည်အကျိုးစီးပွားအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပံ့ပိုးကူညီရာရောက်ပေမည်။ ။

၂၀၂၀ ပြည့်နှစ်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

INTERNATIONAL LITERACY DAY 2020

COVID -19 ကာလနှင့် အလွန်မှာ

ဆန်းသစ်တီထွင်ရောက်စေသော

သင်ကြားသင်ယူမှု နည်းလမ်းများ အသုံးချ၍

စာတတ်မြောက်ရေး ဆောင်ရွက်စို့

Literacy teaching and learning in the COVID -19 crisis and beyond

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၈) ရက်

8 September 2020

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ကန့်သတ်စောင့်ကြည့်စခန်းများနှင့် မြို့ဝင်၊မြို့ထွက် စစ်ဆေးရေးဂိတ်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့

တောင်ကြီး စက်တင်ဘာ ၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ ညနေ ၄ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် အမျိုးသမီးဆောင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဖွင့်လှစ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် လိုအပ်သော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးသုံး ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းအခု ၁၀၀၀၊ Apron ၄၀၊ လက်အိတ်အစုံ ၁၀၀၊ လက်သန့်ဆေးရည် ဘူး ၂၀၊ ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်နှင့် ငွေကျပ်ငါးသိန်းတို့ကို သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး စစ်ဆေးရေးဂိတ်တွင် အသုံးပြုနိုင်ရန်အတွက် နှာခေါင်းစည်းအခု ၅၀၀၀၊ လက်အိတ် ၁၀ ဘူး၊ မျက်နှာကာအခု ၂၀၊ Cap ၅၀၀၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်း ၁၀ စုံ၊ ရွှေလျားသန့်စင်ခန်းနှစ်ခု၊ တဲနှစ်ခု၊ ခေါက်ခုတင် ၁၀ ခု၊ ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်၊ ငွေကျပ် ၁၀ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်လေးလုံး အမာခံစစ်ဆေးရေးဂိတ် တည်ဆောက်မည့်နေရာအား ကြည့်ရှုရာ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

လက်ခံရယူ

ထို့နောက် ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဖွင့်လှစ်ထားသော မြို့ဝင်၊ မြို့ထွက်ဂိတ်များအတွက် ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တို့ကို ငွေကျပ် ၁၀ သိန်းစီနှင့် ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ကြက်ဥ၊ နှာခေါင်းစည်း အခု ၅၀၀၀ ၊ လက်အိတ် ၁၀ ဘူး၊ Face Shield ၂၀ ခု၊ Cap ၅၀၀ ၊ စောင်၊ ခြင်ထောင် ၊ ခေါင်းအုံး၊ အိပ်ရာခင်း ၁၀ စုံ၊ ရွှေလျားသန့်စင်ခန်း နှစ်ခု၊ တဲနှစ်ခု၊ ခေါက်ခုတင် ၁၀ ခု အသီးသီးတို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ထောက်ပံ့ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က လက်ခံရယူခဲ့သည်။

ခရိုင်(ပြန်/ဆက်)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
သတင်းထောက်မှူး	- ဦးမြင့်စိုး		
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	ဓာတ်ပုံသတင်းထောက်	- ဦးခင်မောင်ဝင်း
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်	စာပြင်	- ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီမြို့ ဖဖ/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေခွဲဝေရရှိမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် အဆောက်အအုံများ၊ မင်းတပ်ကောလိပ်ပေါင်းစုအတွက် အမြဲတမ်းသုံးရေရရှိရေး ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်၊ ကျောင်းဝင်းပြင်ပ လျှပ်စစ်လုပ်ငန်းများနှင့် မင်းတပ်ကောလိပ်ပေါင်းစု တည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၀-၂၀၂၁ အဆိုပြုရန်ပုံငွေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အချိန်မီဆောင်ရွက်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ကောလိပ်ပေါင်းစုဝင်းအတွင်း သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေထွက်မှ ရေသွယ်ယူဖြန့်ဝေခြင်းကို အချိန်မီဆောင်ရွက်သွားရေး၊ လမ်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး၊ အစိုးရ နည်းပညာနှင့် သက်မွေးပညာသိပ္ပံအတွင်း စာသင်ဆောင်ဆောက်လုပ်နိုင်ရေး၊ အဝင်လမ်းဖောက်လုပ်နိုင်ရန် ဦးစားပေးဆောင်ရွက်ရေးနှင့် ကောလိပ်ပေါင်းစုဝင်းအတွင်းရှိ တည်ဆောက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မင်းတပ်ကောလိပ် စာသင်ဆောင် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စာသင်ဆောင်သည် အလျား ၂၀၈ ပေ၊ အနံ ၃၈ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၃၂ ဒသမ ၃၂ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မတူပီမြို့နယ်ရှိ လည်မျိုတံတား ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးထက်၊ ဦးဝီကောနှင့် အင်ဂျင်နီယာချုပ် ဦးမျိုးဝင်းတို့က တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါတံတားသည် မင်းတပ် – မတူပီ လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ပေ ၂၄၀၊ အကျယ် ပေ ၃၀ နှင့် ခြောက်လက်မရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် မတူပီမြို့ ဖဖ/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးစိုးမင်းထွန်းက ချင်းပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အခြေအနေများ၊ တည်ဆောက်လျက်ရှိသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအခြေအနေများ၊ ချင်းပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝမ်းမြောက်ဝမ်းသာဖြစ်

ယင်းနောက် ဒုတိယသမ္မတသည် မတူပီမြို့ ဖဖ/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်ခဲ့သဖြင့် မတူပီမြို့သို့ မဟာဓာတ်အားလိုင်းစနစ်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၁ ရက်တွင် လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မတူပီမြို့ ဘုံတလာခန်းမ၌ မတူပီမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက မိမိတို့အစိုးရသက်တမ်း ကာလအတွင်း မတူပီမြို့သို့ လေးကြိမ်မြောက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို လက်တွေ့ကျကျ မြင်တွေ့နိုင်ရန် လာရောက်ရခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ဒေသခံပြည်သူတို့၏ အသံများကို ကြားသိနိုင်ရန် လာရောက်ရခြင်းလည်းဖြစ်ပါကြောင်း၊ မတူပီမြို့၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကို မြင်တွေ့ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ လေကြောင်းဆက်သွယ်ရေးအနေဖြင့် လိုင်လင်းပီလေယာဉ်ကွင်း တည်ဆောက်မှုသည် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ မတူပီမြို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် မဟာဓာတ်အားလိုင်းမှ ဖြည့်ဆည်းပေးနိုင်ပြီ ဖြစ်ပါကြောင်း၊

မင်းတပ်-မတူပီ လမ်းပေါ်ရှိ လည်မျိုတံတားကို တွေ့ရစဉ်။

မတူပီမြို့နယ်အတွင်း ကျန်ရှိနေသေးသည့်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကိုယ်စီအသိတရား

ကိုဗစ် – ၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆိုးရွားစွာ ကြုံတွေ့နေကြရပါကြောင်း၊ ကပ်ရောဂါ၏ စိန်ခေါ်မှုမှာ ကြီးမားပါကြောင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သေချာစွာလိုက်နာကျင့်သုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ စိုးရိမ်မှုလွန်ကဲရန် မလိုအပ်ပါကြောင်း၊ အဆိုပါရောဂါကို အစိုးရနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ကိုယ်စီအသိတရားများဖြင့် ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီး ငါးနှစ်လျှင် တစ်ကြိမ်သာ ပါဝင်ခွင့်ရသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မိမိတို့ရရှိသည့် ဆန္ဒမဲပေးခြင်းအခွင့်အရေးကို လက်လွတ်ဆုံးရှုံးမခံကြစေလိုပါကြောင်း၊ မဲစာရင်းများမှန်ကန်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း။

နိုင်ငံတော်အစိုးရက ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရအား တတ်အားသရွေ့ ပြန်လည်အထောက်အကူပေးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်အတွင်း နယ်မြေရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် ဈေးကွက်ဝင် “ဂ”ဥ၊ ကော်ဖီနှင့် ထောပတ်စသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် ဖြစ်ထွန်းအောင်မြင်အောင် တစိုက်မတ်မတ်အားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့် အခြေအနေကောင်းများရှိသည့်အတွက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀၀ အထိ ထုတ်လုပ်နိုင်သည်ဟု လေ့လာဆန်းစစ်ချက်များအရ သိရှိရပါကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်မည်ဆိုပါက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက် ဖြည့်ပေးနိုင်မည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချသွားနိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ရရှိနိုင်ရန် နည်းလမ်းများရှာဖွေဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မတူပီမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စေတနာ၊ မေတ္တာများကို မြင်တွေ့နိုင်ပါကြောင်း၊ နိုင်ငံအတွက်၊ ဒေသဖွံ့ဖြိုးရေးအတွက် မိမိအနေဖြင့် မည်သည်တို့ကို ဆောင်ရွက်ပေးနိုင်မည်နည်းဆိုသည်ကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒေသလိုအပ်ချက်များ

ထို့နောက် မြို့မိမြို့ဖ ဦးထန်ကျင်းက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သည့် မတူပီမြို့နယ်အတွင်း စက်မှုလက်မှုသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရေး၊ မတူပီပြည်သူ့ဆေးရုံကို ခုတင် (၁၀၀) ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ခရိုင်အဆင့်မြို့ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ ရေဇွာတိုက်နယ်ဆေးရုံကို (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေး၊ ရေဇွာမြို့အတွက် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေး၊ လိုင်လင်းပီမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်လှစ်ပေးနိုင်ရေးနှင့် လုံငိုးတိုက်နယ်ဆေးရုံတွင် ဆရာဝန်နှင့် ဝန်ထမ်းများ ခန့်ထားပေးနိုင်ရေးတို့ကိုလည်းကောင်း၊ **စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

မြို့မိမြို့ဖ ဦးတိတ်မင်းက ပလက်ဝ မြို့နယ်ရှိ ဝန်ထမ်းများအား မူရင်းလစာ၏ နှစ်ဆ ခံစားခွင့်ပြုပေးနိုင်ရေး၊ Multi– Purpose Shelter နှစ်ထပ်ဆောင် ဆောက်လုပ်ပေးနိုင်ရေး၊ ပလက်ဝမြို့ ဆေးရုံအား ခုတင်(၁၀၀) ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် တိုက်ပွဲရှောင်ပြည်သူများအား နေရာချထား ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ဦးရွှေထီးအိုး၊ ဦးပေါင်လွန်မင်းထန်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ် – ၁၉ ကာလအတွင်း မတူပီမြို့နယ်တွင် စေတနာ့ဝန်ထမ်း Volunteer ထမ်းဆောင်ခဲ့သူများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးတင်မြင့်က မတူပီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးက အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ဆောက်လုပ်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် ထပ်မံလိုအပ်သည့် ရန်ပုံငွေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဆောက်အအုံသည် အလျားပေ ၁၂၀၊ အနံ ၁၃၆ ပေ၊ အမြင့်ပေ ၄၀ ရှိပြီး သံကူကွန်ကရစ် သုံးထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား မင်းတပ်မြို့ လမ်းဦးစီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

သတင်းစဉ်

❒ ကျောဖုံးမှ

အခြေခံမူဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတိုင်း ခိုင်ခိုင်မာမာ လျှောက်လှမ်းရေး၊ တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအပေါ်တွင် ထားရှိသည့် တပ်မတော်၏ သဘောထားသည် ပြောင်းလဲသွားမည်မဟုတ်ကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် KNU/ KNLA (PC) အဖွဲ့အနေဖြင့် စံနမူနာပြအဖြစ်ဖြင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

KNU/ KNLA (PC) အဖွဲ့မှဥက္ကဋ္ဌ စောထော့လေးနှင့်အဖွဲ့ဝင်များက ပြန်လည်ပြောကြားရာတွင် ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းရန်မှာ မိမိတို့အဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်မှု၊ KNU/ KNLA (PC)အဖွဲ့အနေဖြင့် NCA လမ်းကြောင်းမှတစ်ဆင့် ဖော်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ပန်းတိုင်ရောက်သည်အထိ တပ်မတော်နှင့်လက်တွဲပြီး ဆက်လက် အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားအရေးနှင့် ပတ်သက်လာပါက မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော်ရှိသည့်အတွက် မည်သူ့ကိုမျှ ချန်လှပ်မထားရေး၊ အားလုံးပါဝင်နိုင်မည့် အခြေအနေဖြစ်စေရေးနှင့် အားလုံး၏အကျိုးစီးပွားကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသကို ပြန်လည်အကျိုးပြုနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး၊ ပညာရေးကို အားပေးရန်လိုအပ်သကဲ့သို့ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကိုလည်း မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ယခုတင်ပြခဲ့သည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား တပ်မတော်က ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များအလိုက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များစာရင်း ပြည့်စုံမှန်ကန်စွာကြေညာနိုင်ရေး ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် ကွင်းဆင်းဆောင်ရွက်ညှိနှိုင်းပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ် ရှစ်မြို့နယ်(ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်)တို့ရှိ သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအလိုက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သီးသန့်တာဝန်ပေးအပ်နိုင်ရေး

ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း မှန်ကန်ပြည့်စုံစေရန် ဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို သိရှိဖြည့်ဆည်းပေးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပင်မလုပ်ငန်းတာဝန်များပြားသော်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် အလေးထားဆောင်ရွက်နေကြသည်ကို ကျေးဇူးတင်ပါကြောင်း၊ ထောက်ပံ့ငွေများပေးအပ်ရာတွင် အလွဲသုံးစားမှုများ မရှိစေရေး အဆင့်ဆင့်ကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် မဲစာရင်းများ မှန်ကန်စွာ အချိန်မီပြုစုပြီးစီးနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ပြင်ပကွန်ပျူတာစာစီစာရိုက် ကျွမ်းကျင်သူနှစ်ဦးစီအား တစ်လ သီးသန့်တာဝန်ပေးအပ်နိုင်ရေးအတွက်ကိုလည်း နိုင်ငံတော် အစိုးရက မြို့နယ်ပေါင်း ၃၃၀ အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အထူးဂရုစိုက်ကြပ်မတ်

ကိုဗစ် – ၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ အခြေခံလူတန်းစား အိမ်ထောင်စုများအား တတိယအကြိမ် ကျပ် ၂၀၀၀၀ ထပ်မံပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပေးအပ်ရာတွင် အောက်ခြေအဆင့်ဆင့်၌ အလွဲသုံးစားမှုမရှိစေရေး အထူးဂရုစိုက်ကြပ်မတ်သွားစေလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို မဲရုံများတွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ကူညီပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညှိနှိုင်းမေတ္တာရပ်ခံလာမှုနှင့်စပ်လျဉ်း၍ မိမိတို့ဌာန၏ ဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် အခြားဌာနဆိုင်ရာ/ စေတနာ့ဝန်ထမ်းများဖြင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း။

အလေးထားမှာကြားလို

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သောကြောင့် “နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ (၂၆) ပုဒ်မခွဲ (က) တွင် “နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်” ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (ဆ)တွင် ဝန်ထမ်းများ လိုက်နာရမည့် တာဝန်များတွင် “ပါတီနိုင်ငံရေး ကင်းရှင်းခြင်း” ဟုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဝန်ထမ်းကျင့်ဝတ်၊ အခန်း (၁) အပိုဒ် (၁)၊ အပိုဒ်ခွဲ(ဆ)တွင် “ပါတီ နိုင်ငံရေးကင်းရှင်းခြင်း”ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ နိုင်ငံရေးပါတီ/ အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှု၊ စည်းရုံးရေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လှုပ်ရှားဆောင်ရွက်မှုများ၊ စည်းရုံးရေးလုပ်ငန်းများနှင့် အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ညွှန်ကြားထားပြီးဖြစ်သောကြောင့် ယခုကာလတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် အထူးအလေးထား မှာကြားလိုကြောင်း။

နိုင်ငံသားတိုင်း၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကိုယ်စီ မဲပေးနိုင်ရန်အတွက်လည်း နှိုးဆော်ပေးစေလိုကြောင်း ပြောကြားပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် လက်ရှိဆောင်ရွက်ပြီးစီးနေသည့်အခြေအနေနှင့် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လုပ်ငန်းစဉ်တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လှည်းကူးမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဝေ

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီက ပြောကြားခဲ့သည်။

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း လူစည်ကားရာနေရာဖြစ်သော မြို့မဈေးကြီး ဝင်/ထွက်ပေါက်နေရာများ၌ ယမန်နေ့ နံနက် ၉ နာရီတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပူးပေါင်းအဖွဲ့က ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြို့မဈေးကြီး ဝင်/ထွက်နေရာများတွင် ပြည်သူများ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ အပြင်ထွက်စေရန်၊ ဈေးသူ ဈေးသား ဈေးဝယ်လာပြည်သူများ၊ လမ်းသွားလမ်းလာများ၊ နှာခေါင်းစည်းများ ဝတ်ဆင်ပြီးမှ အပြင်ထွက်စေရန် အသိပညာပေး ဆောင်ရွက်ခြင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း မရှိကြသူများအား နှာခေါင်းစည်း အခု ၃၅၀ ကို အခမဲ့ဝေငှပေးခဲ့ကြသည်။

ကိုဗစ်–၁၉ ရောဂါသည် လူထူထပ်ရာနေရာများတွင် ရောဂါပိုမိုကူးစက်နိုင်သောကြောင့် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် တစ်စုံတစ်ရာ အရေးကြီးကိစ္စရှိပါက နှာခေါင်းစည်းဝတ်ဆင်ပြီးမှ သွားလာရန်၊ သတ်မှတ်ဦးရေထက် ပိုမိုစုဝေးခြင်းမပြုရန်တို့ကို လက်ကိုင် အသံချဲ့စက်ဖြင့် ပညာပေးနှိုးဆော်ခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်

ဥာဏ်ဟိန်း

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် CHID Bank အထူးအထွေထွေအစည်းအဝေးနှင့် သတ္တမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်၍ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၅

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)အထူးအထွေထွေအစည်းအဝေးနှင့် သတ္တမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းရှိ CHID Bank(ရုံးချုပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ CHID Bank ဥက္ကဋ္ဌ ဦးမင်းထိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရန်ကုန်မှ CHID Bank ဒုတိယဥက္ကဋ္ဌ၊ စာရင်းစစ်အဖွဲ့၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ တာဝန်ရှိသူများက Zoom Application ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်မှုရရှိစေရန်အတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အိမ်ရာဘဏ္ဍာငွေကြေးစနစ်တစ်ရပ်ကို တာဝန်ယူဆောင်ရွက်ပေးမည့် ဘဏ်တစ်ခု လိုအပ်လာသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းပါဝင်သော ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ကို ၂၀၁၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဘဏ်ခွဲပေါင်း ၁၇ ခုထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒထဲ၌ပါဝင်သည့် စနစ်ကျသော မြို့ပြများဖွံ့ဖြိုးပေါ်ထွက်လာရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ငွေကြေးလက်လှမ်းမီလာစေရေးနှင့် အိမ်ရာဘဏ္ဍာငွေကြေးစနစ်အားကောင်းခိုင်မာစေရေး၊ နိုင်ငံသားတိုင်း လုံခြုံစိတ်ချရသော အိမ်ရာများကိုပိုင်ဆိုင်ရေးအတွက် ငွေကြေးဝန်ဆောင်မှုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ ပုဂ္ဂလိကအိမ်ရာထုတ်လုပ်ရေးအတွက် လိုအပ်သော အိမ်ရာချေးငွေများ ချေးပေးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း။

ဝင်ငွေနည်းပြည်သူအား အိမ်ရာဝယ်ယူနိုင်စွမ်းရှိစေရန် ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်ရှည် အိမ်ရာချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အိမ်ရာချေးငွေကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံ JICA မှ နှစ်ရှည်အတိုးနှုန်းသက်သာသော ODA Two Step Loan ဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ODA Two Step Loan ဖြင့် ဇူလိုင်လကုန်အထိ အိမ်ရာဝယ်ယူလိုသူ ၁၈၆၈ ဦးအပါအဝင် စုစုပေါင်းအိမ်ရာဝယ်ယူလိုသူ ၅၀၄၁ ဦးကို ငွေချေးပေးနိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ ချေးငွေအတိုးနှုန်းသက်သာခွင့်များပေးခဲ့ရာ ဘဏ်၏ငွေရင်းနှင့် ထုတ်ချေးသူများ၏ အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း အထိလည်းကောင်း၊ JICA နှစ်ဆင့်ချေးငွေ နှင့် ထုတ်ချေးသူများ၏ အတိုးနှုန်းကို ၈ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချပေးခဲ့ပါကြောင်း။

CHID Bank အနေဖြင့် ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ဝင်ငွေထိခိုက်မှုရှိခဲ့သည့် အိမ်ရာချေးငွေရယူထားသူများအား လစဉ်ပေးသွင်းရမည့် အရစ်ကျငွေ(အရင်း+အတိုး)အနက် အရင်းငွေကိုဆိုင်းငံ့၍ အတိုးငွေကိုသာ ပေးသွင်းရမည့် အစီအစဉ်ကိုလည်း ၂၀၂၀ ပြည့်နှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက် စိစစ်၍ ခွင့်ပြုပေးခြင်းနှင့် လစဉ်ပေးဆပ်ငွေ သတ်မှတ်နောက်ဆုံးရက်ကို ၅ ရက်မှ ၁၅ ရက်သို့ နောက်ကျကြေးကောက်ခံခြင်းမပြုဘဲ ရွှေ့ဆိုင်းလက်ခံခြင်းတို့ကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေလျှော့ပေးသည့်အနေဖြင့် Commercial Loan၊ Construction Loan များကို ချေးငွေပမာဏ တိုးမြှင့်ထုတ်ချေးပေးခြင်း၊ ချေးငွေအသစ်ခွင့်ပြုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ရာတွင် International Financial Reporting Standard (IFRS) နှင့်အညီ တီထွင်ဆန်းသစ်မှုရှိသည့် ငွေကြေးဝန်ဆောင်မှုပုံစံများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် ဦးဆောင်ဘဏ်ကြီးတစ်ခုအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးမင်းထိန်က ဘဏ်ဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်၊ ဘဏ်၏တိုးတက်မှုအခြေအနေနှင့် ပြည်သူများအတွက် အနာဂတ် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုနှင့် ဘဏ်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသာဌေးက ဘဏ်၏လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Chief Policy Officer ဦးဝင်းဇော်က ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution)ကို တင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဒုတိယပိုင်း သတ္တမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းများနှင့် အမြတ်ဝေစုခွဲဝေမှုများကို တင်ပြအတည်ပြုချက်ရယူခြင်း၊ စာရင်းစစ်အစီရင်ခံစာ တင်ပြအတည်ပြုချက်ရယူခြင်း၊ လက်ရှိအစုရှယ်ယာရှင်များသို့ အစုရှယ်ယာများရောင်းချခြင်း၊ ပြန်လည်ဝယ်ယူခြင်းကိစ္စရပ်များကို တင်ပြအတည်ပြုချက်ရယူခြင်း ၊ ဒါရိုက်တာအဖွဲ့ဝင်သုံးပုံတစ်ပုံ နုတ်ထွက်ခြင်း၊ ၂၀၁၉-၂၀၂၀ သက်တမ်းအတွက် လစ်လပ်သည့်နေရာတွင် ဒါရိုက်တာများ ရွေးချယ်ခြင်း ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်ထားခြင်းနှင့် အခကြေးငွေသတ်မှတ်ခြင်း၊ Chief Policy Officer က အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ ဒေသအလိုက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၅

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ပါ ဒေသအလိုက် ဦးစားပေးဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးများ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ လူငယ်ရေးရာကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်များ၏ အခွင့်အရေးများ၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ရန် လမ်းပွင့်သွားပြီဖြစ်ပါကြောင်း၊ ယနေ့ခေတ် လူငယ်များအနေဖြင့် အတိတ်သမိုင်းကို သိရှိပြီး ယခုမိမိတို့ကာလအတွင်း အချိန်ကို အကျိုးရှိစွာအသုံးချကာ အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယနေ့လူငယ်များသည် လွတ်လပ်စွာပြောဆို တီထွင်ဖန်တီး လုပ်ဆောင်ခွင့်များ ရရှိကြပြီဖြစ်သော်လည်း တည်ဆဲဥပဒေဘောင်အတွင်း၌သာ ဆောင်ရွက်ကြရကြောင်း၊ ထိုဥပဒေများသည် လူငယ်များ၏ ပါဝင်နိုင်မှုနှင့် သာတူညီမျှ အကျိုးခံစားခွင့်ကို လွတ်လပ်လုံခြုံစွာ ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ခံစားရရှိနိုင်ရန် ပြည်သူ့ဆန္ဒနှင့်ကိုက်ညီပြီး လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အာမခံနိုင်သော စစ်မှန်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ဖော်ဆောင်ရန် မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရေး လိုက်လျောညီထွေရှိမည့် အခြေခံဥပဒေတစ်ရပ်လည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ယူစဉ်ကာလတွင် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် လူ့ဘဝစက်ဝန်းတစ်လျှောက် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အာမခံနိုင်သော မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ပေါ်ပေါက်ပြီးဖြစ်သည့် လူငယ်မူဝါဒသည် လူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ ထိုမူဝါဒအပေါ် အခြေခံသော မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိလာပြီဖြစ်ကြောင်း၊ ထိုတာဝန်ကို လူငယ်များနှင့်အတူ မူဝါဒပါ ပေါင်းစပ်ညှိနှိုင်းမှုယန္တရားအရ အစိုးရဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကာလတွင် အဟန့်အတားများရှိသော်လည်း လုပ်ငန်းယန္တရား ရပ်တန့်မသွားအောင် ကိုဗစ်-၁၉ နှင့် ယှဉ်တွဲပြီး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် လူငယ်ဆိုင်ရာကဏ္ဍ ၁၆ ရပ်အနက် အားလုံးသဘောတူပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည့် ဦးစားပေးလုပ်ငန်းစဉ်များကို ရွေးချယ်ပြီး ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးများက မိမိတို့ဒေသအလိုက် လူငယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်လူငယ်များက မဟာဗျူဟာအရ မိမိတို့ဒေသအလိုက် ဦးစားပေးရွေးချယ်ထားသောကဏ္ဍများ၊ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှုများပါဝင်သော လုပ်ငန်းစီမံချက် (Costed Action Plan) ရေးဆွဲနိုင်ရေးနှင့် ဒေသအလိုက် အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အားလုံးတစ်ပြိုင်တည်း စတင်အကောင်အထည်ဖော်နိုင်မည့်ကဏ္ဍများကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် လူငယ်များပူးပေါင်းဆောင်ရွက်မှု အားကောင်းလာပါကြောင်း၊ Costed Action Plan နှင့် ပတ်သက်၍ အသေးစိတ် ထပ်မံဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ခရိုင်/မြို့နယ်ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံးအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအား ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အနေဖြင့် ယခု ကိုဗစ်-၁၉ ကာလတွင် ရင်ဆိုင်ရသောအခက်အခဲများကြားက အခွင့်အလမ်းကောင်းများ ပေါ်ပေါက်ခဲ့ကြောင်း၊ လူငယ်အများစုပါဝင်သည့် စေတနာ့ဝန်ထမ်းများကို စုစည်းဆောင်ရွက်နိုင်မှုကြောင့် လူငယ်များနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ပိုမိုနီးစပ်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း၊ အစိုးရဌာနဆိုင်ရာများနှင့် လူငယ်များအကြား အပြန်အလှန်ယုံကြည်မှု ပိုမိုလာခြင်းနှင့် အချို့သော အခက်အခဲရှိသည့် ပြည်နယ်များကို ပိုမိုအားဖြည့် ကူညီပူးပေါင်းလာနိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းတို့ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံချက်ပါ အကောင်အထည်ဖော်မည့်ကဏ္ဍများတွင် ဘဏ္ဍာငွေလိုအပ်ချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ လျာထားဆောင်ရွက်မှုများကို ညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ လူငယ်ကဏ္ဍနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

COVID–19 : D614G :
ကြောက်သင့်သလောက်ကြောက်ပြီး လုပ်သင့်တာကိုလုပ်ကြပါ

ပါမောက္ခသိန်း
ဆေးတက္ကသိုလ်(၁) ရန်ကုန်

မိမိတို့ ဆေးလောကမှာ စာတမ်းတွေရေးကြ၊ ဖတ်ကြရင် အစမှာဖြစ်စေ အဆုံးမှာဖြစ်စေ **“Disclosure”** ဆိုပြီး စာတမ်းနဲ့ပတ်သက်လို့ ပြောဖို့လိုတဲ့ ဖွင့်ဟဝန်ခံချက်ကို ဖော်ပြရေးသားပြောဆိုလေ့ရှိပါတယ်။ အခုရေးမယ့် ဆောင်းပါးအတွက်လည်း မိမိအနေနဲ့ ဖွင့်ဟဝန်ခံချက် ဖော်ပြရေးသားလိုပါတယ်။ မိမိဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ပြောရေးဆိုခွင့် ပုဂ္ဂိုလ်လည်း မဟုတ်ပါဘူး။ USA / NIH က Dr Anthony Fauci လို UK Oxford University က Professor Sarah Gilbert နဲ့ London, Imperial College က Professor Robin Shattock တို့လို ကမ္ဘာကျော် ကျွမ်းကျင်ပညာရှင်အဆင့် လည်းမဟုတ်ပါဘူး။ မြန်မာပြည်ဆေးလောကမှာ ဆယ်စုနှစ်လေးခုကျော် ဖြတ်သန်းလာခဲ့တဲ့ အငြိမ်းစားဆေးပညာရှင်တစ်ဦးပါ။ အခု COVID–19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်နေတဲ့ အချိန်မှာ မိမိအနေနဲ့ သာမန်အများပြည်သူတွေ အတွက် ဒီရောဂါနဲ့ပတ်သက်လို့ သိသင့်တဲ့အချက်၊ ဆောင်ရန်ရှောင်ရန်အချက်တွေကို ရေးသားနေတဲ့အခါမှာ ကြောက်အောင်၊ လန့်အောင်ခြောက်လှန့်ရေးတာမဟုတ်ဘဲ လူအများအနေနဲ့ သိသင့်တာနဲ့လုပ်သင့်ပြီး လုပ်နိုင်တာကိုသာ ရေးသားနေတာဖြစ်ပါကြောင်း ပထမဆုံး ဖော်ပြလိုပါတယ်။

ကြောက်မက်ဖွယ်တိုးပွား

အခုရက်ပိုင်းမှာ မိမိတို့နိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဟာ (ခြောက်တာမဟုတ်ပါဘူးနော်) ကြောက်မက်ဖွယ် များပြားတိုးပွားနေပါတယ်။ မိမိတို့နိုင်ငံရဲ့ အနောက်တံခါး ရခိုင်ပြည်နယ်က အစပြုခဲ့တဲ့သဘောပါ။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့အထိ ပိုးတွေ့လူနာ ၃၇၄ ယောက်နဲ့ ပြည်တွင်းကူးစက်မှု (Local Transmission) တစ်လတိတိမရှိဘဲ နေခဲ့ရာက ဩဂုတ်လ ၁၆ ရက်မှာ ရခိုင်ပြည်နယ် စစ်တွေမြို့မှာ ပြည်တွင်းကူးစက်မှုလူနာအသစ် စတွေ့ရာက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက် နံနက် ၈ နာရီအထိ ပိုးတွေ့လူနာ ၈၈၇ ဦး ဖြစ်နေပါပြီ။

မိမိတို့နိုင်ငံမှာ ပထမဆုံး ပိုးတွေ့ အတည်ပြုလူနာကို ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှာ စတွေ့ခဲ့တာမို့ အဲဒီနေ့ကနေ ဩဂုတ်လ ၁၅ ရက်အထိ ငါးလနီးပါး အတိအကျပြောရရင် ၁၄၁ ရက်မှာ ပိုးတွေ့လူနာ ၃၇၄ ဦးသာရှိခဲ့ပေမယ့် ဩဂုတ်လ ၁၆ ရက်မှ စက်တင်ဘာလ ၁ ရက် နံနက်အထိ ၁၇ ရက်မှာ နောက်ထပ် ၅၁၃ ဦးတိုးလာလို့ ၈၈၇ ဦးဖြစ်လာ တာကိုကြည့်ရင် အခုလဝက်ဖြစ်တာဟာ အရင်ငါးလလောက်ကထက်များနေတာမို့ ကြောက်မက်ဖွယ်ဆိုတဲ့စကားကို ကျိုးကြောင်းညီလျော်စွာ သုံးစွဲဖော်ပြရတာကို သဘောပေါက်စေလိုပါတယ်။

အဲဒီမှာ လူပြောများနေသလို တချို့ငြင်းနေကြတဲ့ အချက်နဲ့စတင်ပါရစေ။ ခဏခဏ ပြောနေကြတဲ့ “Second Wave” ဒုတိယလှိုင်း စနေပြီလား၊ ဒုတိယလှိုင်းရော သေချာရဲ့လား “ First Wave” ပထမလှိုင်းကရောတကယ်ပြီးသွားပြီလား၊ ပထမလှိုင်းရဲ့ အဆက်ရောမဖြစ်နိုင်ဘူးလား။ အရင်ကမဖြစ်ဖူးတဲ့နေရာသစ်မှာဖြစ်တာကို ဒုတိယလှိုင်း ပြောတာ လက်ခံရမှာလားဆိုတဲ့ ဝေဖန်ငြင်းခုံမှုတွေ တွေ့နေကြားနေကြရပါတယ်။ တချို့ကလည်း ပင်လယ်ဒီလှိုင်းနဲ့ နှိုင်းယှဉ်ပြီး လှိုင်းရဲ့ သဘာဝက နောက်ပိုင်းလှိုင်းတွေဟာ ပထမဆုံးလှိုင်းတွေလောက် မပြင်းထန်တတ်ပါဘူးလို့ ဆိုကြပြန်တယ်။

ငြင်းခုံနေတာ အကျိုးမရှိနိုင်

ဒီကပ်ရောဂါရဲ့လှိုင်းကိုပင်လယ်လှိုင်းနဲ့တစ်ထပ်တည်း စဉ်းစားဥပမာပေးလို့တော့မဖြစ်ပါဘူး။ လွန်ခဲ့တဲ့နှစ်တစ်ရာကျော် ၁၉၁၈ ခုနှစ်မှာဖြစ်ခဲ့ပြီး ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံလောက်ဆုံးပါးခဲ့တယ်လို့ ယူဆခဲ့ကြတဲ့ စပိန်တုပ်ကွေး (Spanish Flu)တုန်းက ဒုတိယအကြိမ် (Second Wave) က ပထမအကြိမ် (First Wave) ထက်အများကြီး သေဆုံးခဲ့ကြတာပါ။ ဒီထက်ပိုအရေးကြီးတာက ဒီကိုဗစ်– ၁၉ ရဲ့လောလောဆယ်ဖြစ်စဉ်ကို ဘယ်နှကြိမ်မြောက် လှိုင်းလို့သတ်မှတ်ရမလဲဆိုတာ မိမိလိုဆေးပညာရှင် အပါအဝင် သာမန်လူအများစုရဲ့ အလုပ်မဟုတ်ပါဘူး။ ကျန်းမာရေးလောကမှာတောင် ကပ်ရောဂါဆိုင်ရာပါရဂူ (Epidemiologist)တွေ၊ နိုင်ငံနဲ့ချီပြီး ကျန်းမာရေးဝန်ဆောင်မှုအတွက် တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ အလုပ်ပါ။ ဘာလှိုင်းပဲဖြစ်ဖြစ် ပြည်သူလူထုတစ်ဦးချင်း တစ်ယောက်ချင်း ဆောင်ရွက်လုပ်ကိုင်ကြရမယ့် အချက်တွေက လုံးဝအတူတူပါပဲ။ ပြောင်းလဲမှုရှိမှာမဟုတ်လို့ ကိုယ့်အလုပ်မဟုတ်တာနဲ့ စိတ်အရှုပ်ခံပြီး ငြင်းခုံနေတာတွေဟာ ဘယ်သူမှ အကျိုးမရှိနိုင်တာကိုသိစေချင်ပါတယ်။

ဆက်လက်ပြီး ခြောက်တာမဟုတ်ပါဘူး။ ကြောက်သင့်ပါတယ်ဆိုတဲ့အချက် ဆက်ပါရစေ။ အခုပထမ ငါးလလောက်မှာ တဖြည်းဖြည်းနဲ့ ငြိမ်ငြိမ်လေး ကူးစက်နေရာက အခုလဝက်အတွင်းမှာ ငါးလစာမကအောင်ကို ဝုန်းခနဲတက်လာတာဟာ စိုးရိမ်စရာ ဟုတ်၊ မဟုတ် အငြင်းပွားဖွယ်မရှိ လောက်ပါဘူး။ ဘာလို့ဒီလိုဒီလောက်ကြီးဖြစ်သွားရတာလဲဆိုတာကတော့ သိသင့်တာပေါ့။ ဒါလည်း ဘယ်သူကမှ ရာနှုန်းပြည့် အဖြေမပေးနိုင်ပေမယ့် ဖြစ်နိုင်ဖွယ်အချက်လေးတွေဖော်ပြပါမယ်။

သတိထားချီးကျူးလောက်

ပြောခဲ့သလို ငါးလလောက် အထူးသဖြင့် ဇွန်၊ ဇူလိုင်လတွေမှာ ရောဂါကူးစက်နှုန်း သိသိသာသာကျလာပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ ရောဂါကူးစက်မှုရော သေဆုံးမှုပါ ကမ္ဘာက သတိထားချီးကျူးလောက်အောင် သိပ်များခဲ့ရတာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးစီးပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သာမက ဝန်ကြီးဌာနပေါင်းစုံ၊ လူမှုရေးအဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံသား တစ်ဦးချင်းရဲ့ဆောင်ရွက်ခဲ့မှုတွေကြောင့်ပါ။

ပြောင်းလဲသွားတဲ့ မျိုးရိုးအသစ်က နဂိုမူလထက်စွမ်းအားနိမ့် ပျော့ညံ့တာမျိုးရှိနိုင်ပေမယ့် အဲဒီလိုပြောင်းခဲ့ရင်တော့ ရောဂါကူးစက်မှုကအစ လျော့နည်းသွားမှာပါ။ အခု ကိုဗစ်-၁၉ ရောဂါပိုးဟာလည်း သုတေသနပညာရှင်တွေအဆိုအရ စဖြစ်ခါစက ပိုးအမျိုးအစားမဟုတ်တော့ဘဲ မျိုးရိုးဗီဇပြောင်းလဲသွားပြီ ဖြစ်ပါတယ်။ ဥရောပတိုက်မှာ အဲဒီလို မျိုးရိုးဗီဇပြောင်းလဲမှုကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကတည်းက တွေ့ခဲ့ပြောခဲ့ကြ။

အဓိက အချက်ကတော့ အသွားအလာမှုကန့်သတ်ခြင်းကိုဖိဖိစီးစီးလုပ်ခဲ့တာ၊ အထူးသဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကာလမှာ ပြည်သူတစ်ရပ်လုံးက တညီတညွတ်တည်း ပါဝင်ခဲ့ကြလို့ပါ။ တစ်ဖက်က သွားလာမှုကန့်သတ်ခြင်းကြောင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်သော်လည်း အခြားတစ်ဖက်မှာ လူထုအလွှာအသီးသီးရဲ့ စီးပွားရေး၊ လူမှုရေးဆက်ဆံရေးနဲ့ နိုင်ငံရေးတွေအထိ အတိုင်းအတာတစ်ခုအထိ နစ်နာဆုံးရှုံးထိခိုက်မှုတွေကို ကမ္ဘာပေါ်ကတခြားနိုင်ငံတွေလိုပဲ မိမိတို့နိုင်ငံလည်း ကြုံတွေ့ခဲ့ကြရတာပါ။ ဒါကြောင့် ဖြေလျှော့မှုတွေကို ကိုယ့်နိုင်ငံရဲ့ အခြေအနေအရ တစ်ဆင့်ချင်း တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ပါတယ်။ ဖြေလျှော့ပေးပေမယ့် ကာကွယ်ရမယ့် ဆောင်ရန်ရှောင်ရန်တွေကို မမေ့ကြ၊ မပေါ့ကြဘဲလုပ်ကြဖို့ သက်ဆိုင်ရာတွေက အဆက်မပြတ် သတိပေးနေကြပါတယ်။ ဒါပေမယ့် လူ့သဘာဝအရ နိုင်ငံတကာမှာလိုပဲ လူတွေက လုံးဝမကြောက်ကြတော့ဘဲ အိမ်မှာနေခြင်း “Stay Home”ကို သိပ်မကျင့်သုံးကြတော့ဘဲ လူထုထပ်တဲ့နေရာတွေကို ပိုသွားလာကြသလို နှာခေါင်းစည်း၊ ပါးစပ်စည်း ပုံမှန်မတပ်ကြ၊ တပ်ရင်လည်း စနစ်တကျမတပ်၊ လက်သန့်ရှင်းရေး hand Hygeine ကိုလည်း ပေါ့ဆလာကြပါတယ်။

အဲဒီလိုအချိန်မှာ (ကံဆိုးတယ်လို့ဆိုချင်ဆို) တိုက်ဆိုင်မှုက ကိုဗစ်–၁၉ ရောဂါပိုးရဲ့ မျိုးရိုးဗီဇပြောင်းလဲခြင်း (Genomic Mutation)က ဖြစ်ခဲ့ပါတယ်။ သာမန်လူအများနားလည်လွယ်အောင်ပြောရရင် ရောဂါပိုးမွှားတွေရဲ့ သဘာဝကိုက လောကကြီးထဲ ရောက်လာပြီးရင် သူတို့ရဲ့ ရှင်သန်မှုအတွက်မျိုးရိုးဗီဇကို ပြောင်းလဲလေ့ရှိတတ်ကြပါတယ်။ ပိုမိုခံနိုင်ရည်ရှိအောင်ပြောင်းလေ့ရှိတာမို့ နဂိုမူလထက်တော့ ပိုအစွမ်းထက်၊ ပိုသန်မာတဲ့ မျိုးရိုးအသစ်ဖြစ်တတ်ကြပါတယ်။

ဆိုလိုတာက ရောဂါဖြစ်စေတဲ့ပိုးဆိုရင် ပိုမိုပြင်းထန်ဖို့များမှာပါ။ ကူးစပ်မှုပိုများတာကအစ ရောဂါလက္ခဏာ ပိုပြင်းတာ နောက်ဆုံးအသေအပျောက် ပိုဖြစ်တာအထိ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ပြောင်းလဲသွားတဲ့ မျိုးရိုးအသစ်က နဂိုမူလထက်စွမ်းအားနိမ့် ပျော့ညံ့တာမျိုးရှိနိုင်ပေမယ့် အဲဒီလိုပြောင်းခဲ့ရင်တော့ ရောဂါကူးစက်မှုကအစ လျော့နည်းသွားမှာပါ။ အခု ကိုဗစ်–၁၉ ရောဂါပိုးဟာလည်း သုတေသနပညာရှင်တွေအဆိုအရ စဖြစ်ခါစက ပိုးအမျိုးအစားမဟုတ်တော့ဘဲ မျိုးရိုးဗီဇပြောင်းလဲသွားပြီဖြစ်ပါတယ်။ ဥရောပတိုက်မှာ အဲဒီလိုမျိုးရိုးဗီဇပြောင်းလဲမှုကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကတည်းက တွေ့ခဲ့ပြောခဲ့ကြပါတယ်။

အခုအများပြောနေကြတဲ့ D614G ဆိုတဲ့ မျိုးရိုးပြောင်းလဲမှုအကြောင်းနဲ့ ပတ်သက်လို့ပြောရရင်တော့ ကိုဗစ်–၁၉ ပိုးရဲ့ဖွဲ့စည်းပုံမှာ အမိုင်နိုအက်ဆစ်အတန်း (Amno acid Chain) ရဲ့ နံပါတ် ၆၁၄ နေရာမှာ မူလကရှိနေတဲ့ Aspartate (D လို့သတ်မှတ်ထားတာပါ) အစား Glycine (G ပေါ့) ပြောင်းသွားတာပါ။ အတိုချုံးပြောရရင်တော့ မူလက D 614 ဖြစ်ပြီး အခုတော့ G 614 ဖြစ်နေတာပေါ့။ အခုလက်ရှိကာလမှာ ကမ္ဘာ့နိုင်ငံ အတော်များများမှာ ပြန့်ပွားကူးစက်နေတာဟာ အဲဒီမျိုးရိုးဗီဇအသစ် G614 အမျိုးအစားပါ။ အပေါ်မှာဖော်ပြခဲ့သလိုပဲ အသွင်ပြောင်းပိုးက မူလထက်ပြင်းထန်မှုမှာ သေချာတာကတော့ ကူးစက်ပြန့်ပွားမှုသိသိသာသာများတာပါပဲ။ သုတေသနပြုမှုတွေကနေ ထုတ်ပြန်ထားချက်တွေအရ အရင်ကထက် ၁၀ ဆ ပိုမိုကူးစက်ပြန့်ပွားနိုင်တယ်လို့ သိရပါတယ်။

“The Cell”ဆိုတဲ့ သိပ္ပံဂျာနယ် အဆိုအရ ကမ္ဘာပေါ်မှာ ပျံ့နှံ့နေတဲ့ ရောဂါပိုး Circulating COVID–19 ရဲ့ ၉၀ % ကျော် (တိတိကျကျ ပြောရရင် ၉၇%) ဟာ မျိုးရိုးဗီဇအသစ် G614 ဖြစ်နေတာပါ။ မိမိတို့နိုင်ငံမှာလည်း သတင်းစာရှင်းလင်းပွဲမှာ တရားဝင် ထုတ်ပြန်ထားတဲ့သတင်းအရ COVID–19, G614 တွေ တွေ့နေကြရပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ နှစ်ပတ်လောက်အတွင်းမှာ တစ်ဟုန်ထိုးများလာရခြင်းကိုပြန်စမ်းစစ်ရင် လူထုတွေ ပေါ့ဆမိကြပြီး အိမ်မှာ မနေကြတာ၊ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေရမယ်ဆိုတာကို မလိုက်နာကြတာ၊ နှာခေါင်းစည်း၊ ပါးစပ်စည်းတွေ မတပ်ကြတာ၊ စနစ်တကျလက်ဆေးဖို့ ပေါ့ခဲ့ကြတာရယ်၊ မျိုးဗီဇ အသစ်ဝင်လာတာ ရယ်ကြောင့်လို့ ယူဆရမှာပါ။ သုတေသီတွေက အခုပိုးအသစ်က ၁၀ ဆ ပိုပွားနိုင်တယ် ပြောထားကြသလို မိမိတို့နိုင်ငံမှာပြန်ကြည့်ရင် လောလောဆယ် ၁၇ ရက်ပိုးတွေ့လူနာဟာ အရင်ရက် ၁၅၀ နီးပါး တွေ့ခဲ့သလောက်ထက်များနေတာ သတိထားမိပါတယ်။

ကြောက်စရာမလိုဘူးလို့ ပြောမထွက်

အခုတွေ့နေရတဲ့ပိုးအသစ်ဟာ တခြားနိုင်ငံတွေလိုပဲ ကူးစက်မှုမြန်တာကတော့ သေချာနေပါပြီ။ ဒီလောက်ကူးစက်မှုမြန်နေတာကို ကြောက်စရာမလိုဘူးလို့တော့ ဆေးပညာရှင်တစ်ယောက်အနေနဲ့တော့ ပြောမထွက်ပါဘူး။ နောက်ထပ်တွေ့ရှိထားချက်တွေက ဒီပိုးအသစ်ဟာ အသက်ရှူလမ်းကြောင်းထဲဝင်ရင် ပိုပြီးတွယ်ကပ် (Increased Stickiness) နိုင်စွမ်းရှိနိုင်တာရယ်၊ ပိုးကောင်ရေ (Viral Load)ပိုများများ ဝင်နိုင်တာရယ်ဆိုတဲ့ အချက်လေးတွေပါ။

ဒီအချက်နှစ်ချက်ကလည်း အခုပိုးအသစ်ဟာ အရင်လောက် မပြင်းနိုင်ဘူးလို့ သေချာပေါက်ပြောဖို့ခက်စေတဲ့ အချက်တွေပါ။ ကလေးတွေး တွေးရင်တောင် ပိုးကောင်ရေ ၁၀ ကောင်နဲ့ ပိုးကောင်ရေ ၁၀၀ ဘယ်ဟာက ပိုပြင်း၊ ပိုဆိုးနိုင်မလဲ တွေးဆနိုင်မှာပါ။ လောလောဆယ် တွေ့နေကြရတဲ့ အချက်က ကူးစက်မှု ၁၀ ဆ တက်ပေမယ့် ရောဂါလက္ခဏာ ပိုပြင်းထန်သလားဆိုတာကို ပြောဖို့စောနေသေးသလို သေဆုံးမှုလည်း ဘယ်နိုင်ငံမှာမှ သိသိသာသာတက်လာတာကို မတွေ့ကြရသေးပါဘူး။ အရေးအကြီးဆုံးအချက်ကတော့ အရင်ထက်သေချာပေါက် ပျော့တယ်၊ အရင်လောက် မပြင်းထန်တာ သေချာတယ်၊ အရင်လောက် မသေနိုင်ဘူးလို့ ဘယ်သူကမှ အာမခံပြီး မပြောနိုင်သေးပါဘူး။ တစ်ဖက်မှာလည်း သေချာပေါက်ကို ပိုပြင်း၊ ပိုဆိုးပိုသေမယ်လို့ လည်း မပြောနိုင်ကြ၊ မပြောကြသေးပါဘူး။ နိုင်ငံတိုင်းက အထူးဂရုတစိုက်ဆောင်ရွက်ရင်း စောင့်ကြည့်လေ့လာနေရဆဲပါ။

လောလောဆယ်ကံကောင်းနေတာကတော့ အခုရောဂါကူးစက်ပြန့်ပွားနေတဲ့ အများစုဟာ ယေဘုယျအားဖြင့်ကိုယ်ခံအားကောင်းနေကြတဲ့ လူငယ်လူရွယ်၊ လူလတ်ပိုင်းတွေ ဖြစ်နေကြတာပါပဲ။ ၇၀–၇၅ % လောက်က ဘာရောဂါလက္ခဏာမှ မပြကြပါဘူး။ ထိတွေ့မှု Contact ကြောင့် စစ်လိုက်လို့သာ သိလိုက်ရတာပါ။ ရောဂါလက္ခဏာပြသူတွေကလည်း ပြင်းထန်တဲ့အခြေအနေမဟုတ်တာဟာ လူငယ်တွေ ဖြစ်နေလို့ပါ။ စစ်လိုက်လို့သိလိုက်ရတဲ့ လူတွေတွေ့နေသလို မိမိတို့ပတ်ဝန်းကျင်မှာသူတို့လိုပဲ ပိုးကူးစက်ထားပေမယ့် ရောဂါလက္ခဏာမပြဘဲ လူသာမန်လို သွားလာလှုပ်ရှားနေတဲ့သူ ဘယ်လောက်များနေမလဲဆိုတာကို ဘယ်လိုမှခန့်မှန်းလို့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာမှာလည်း လောလောဆယ် ဒီအတိုင်းပါပဲ။

နဂိုရောဂါအခံရှိသူများ ဖြစ်ခဲ့

ကိုဗစ်–၁၉ စဖြစ်တုန်းကာလတွေတုန်းက ပြင်ဆင်မှုမရှိခဲ့တာရယ်၊ တချို့ကလည်း သိပ်မပြင်းထန်ကောင်းပါဘူးဆိုပြီး Herd Immunity ရအောင် တမင်လွှတ်ထားခဲ့ကြတာရယ် (အမေရိကန်၊ ယူကေနိုင်ငံ) တွေကြောင့် သေဆုံးမှု များပြားခဲ့ကြရပါတယ်။ သေဆုံးသွားသူအတော်များများဟာလည်း သက်ကြီးရွယ်အိုများနဲ့ သွေးတိုး၊ သွေးချို ဆီးချို၊ အဆုတ်ပွ၊ နှလုံးရောဂါ၊ ကင်ဆာအမျိုးမျိုး စသည်ဖြင့် နဂိုရောဂါအခံရှိသူများဖြစ်ခဲ့ကြတာပါ။ အဲဒီနောက်ပိုင်းမှာတော့ အဲဒီ Vulnerable group လို့သတ်မှတ်နိုင်တဲ့ လူအုပ်စုတွေကို မိသားစုတိုင်းက အထူးဂရုစိုက်ပြီး အပြင်ကို မထွက်ခိုင်းကြသလို မဖြစ်မနေထွက်ရရင်လည်း လိုအပ်တဲ့ကာကွယ်မှုတွေ မမေ့မလျော့ လုပ်ဆောင်ကြတာမို့ အဲဒီလူအုပ်စုတွေ ရောဂါကူးစက်ပြန့်ပွားမှု နည်းသလို သေပျောက်မှုလည်းနည်းနေတာ ဖြစ်ပါတယ်။ အဲဒီအချက်ကြောင့် အခုလောလောဆယ် ရောဂါပြင်းထန်မှုတွေ သိပ်မတွေ့ရသလို သေဆုံးမှုလည်း သိပ်မများတာဟာ ကောင်းတဲ့အချက်ဖြစ်ပေမယ့် စိတ်ချလက်ချ ပေါ့ပေါ့ဆဆပြုမူနေထိုင်လို့တော့ မရနိုင်တာကို ထပ်သတိပေးချင်ပါတယ်။ ကြောက်နေကြရဦးမှာပါဆိုတာကို ခြောက်လှန့်တာ မဟုတ်ဘဲ အမှန်အတိုင်း ပြောနေရခြင်းပါ။

ဒါကြောင့်လဲ နိုင်ငံ့ခေါင်းဆောင် ကိုယ်တိုင်ဦးဆောင်တဲ့ ဌာနဆိုင်ရာအားလုံးရဲ့ လမ်းညွှန်မှုနဲ့အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရှေ့တန်းမှာ တာဝန်ယူနေကြတဲ့ အဆင့်ဆင့်သော ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းအားလုံးက လက်ရှိဆောင်ရွက်နေကြတဲ့ ဆောင်ရွက်မှုအားလုံးကို လုံးဝမလျှော့ဘဲ အရှိန်အဟုန်မြှင့်ဆက်လုပ်နေကြသလို လူမှုရေးအဖွဲ့အစည်းတွေနဲ့ စေတနာရှင်ပြည်သူတွေကလည်း Volunteer လုပ်အားပေးကူညီမှုနဲ့ လိုအပ်တဲ့ပစ္စည်းနဲ့ငွေကြေးလှူဒါန်းပံ့ပိုးမှုကို တစ်ရှိန်ထိုးလုပ်နေကြပါတယ်။ ဒါပေမယ့် အမှန်အတိုင်းပြောရရင်တော့ Health Care Worker တွေ၊ Volunteer တွေ၊ Donor တွေ အကုန်လုံးလိုလိုပဲ Fatigue (အားအင်ကုန်ခမ်းချိန့်စ) ဖြစ်နေပါပြီ။ အဲဒီအုပ်စု သုံးခုစလုံးမှာလည်း Manpower လို့ခေါ်တဲ့ လူအင်အားအနေနဲ့ နောက်ထပ်အများကြီး တိုးလာစရာ မရှိတာလည်း သေချာပါတယ်။ ဒီအုပ်စုတွေ မပြိုလဲသွားဖို့ အလွန်အရေးကြီးနေပါပြီ။ အဲဒီအချက်ကလည်း အခုအခြေအနေဟာ မပေါ့သင့်တဲ့၊ ကြောက်ကို ကြောက်သင့်တဲ့ အချက်ဆိုရင် မမှားပါဘူး။

စာမျက်နှာ ၇ သို့ ○

နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခ ငွေ (၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း– Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ (၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေသတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀)ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀)ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင် ဖိတ်ကြားစာပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး(Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရလည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှလည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ (Referral Letter)ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သောလူနာများအား နေပြည်တော် အဝင်ဂိတ်များတွင် ခြွင်းချက်ဖြင့် လူနာနှင့် လူနာစောင့်(၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး၊ ဆေးရုံများရှိ သီးခြားဆောင် (Isolation Room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့ စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ထန်းတပင်မြို့နယ်၌ စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကန့်လန့်ကုန်းကျေးရွာ၌ စိုက်ပျိုးရေပိုမိုပေးဝေနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် မြို့နယ်တာဝန်ရှိသူများ တွေ့ဆုံပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဒေသခံတောင်သူများ စပါးနှင့်သီးနှံများ စိုက်ပျိုးရာတွင် အဆင်ပြေစေရေးအတွက် စိုက်ပျိုးရေများကို ငွေ့တန်းရှည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နှစ်စဉ်ပေးဝေလျက်ရှိသော်လည်း ယခင်နှစ် စိုက်ဧကများထက် စိုက်ပျိုးရေပိုမိုပေးဝေနိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပြီး တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးငွေမော်၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်မောင်သန်း၊ ခရိုင်ဦးစီးမှူး ဦးမြတ်ကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

နွေစပါးနှင့် သီးနှံစိုက်တောင်သူများ စိုက်ပျိုးရေအဆင်ပြေစေရေးအတွက် ငွေ့တန်းရှည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပင်မမြောင်းအရှည်ပေ ၁၃၇၀၀၊ လက်တံ(၁)မြောင်း အရှည်ပေ ၁၃၂၅၀၊ လက်တံ(၂)မြောင်းအရှည်ပေ ၁၄၇၅၀ တို့ဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိပြီး စိစစ်ပြီးသည့်ဧက ၁၁၇၉ ဧကရှိသည့်အနက် ငွေ့တန်းရှည်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် နွေစပါးနှင့် သီးနှံစိုက်ဧက ၅၀၀ တို့အတွက် စိုက်ပျိုးရေများကို ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

ငါးမွေးတောင်သူများအား ပထမအကြိမ် ငါးသားပေါက်ကောင်ရေ သုံးသိန်း ပေးအပ်

မင်းလှ စက်တင်ဘာ ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ နိုင်ငံတော်အစိုးရက ငါးမွေးတောင်သူများအား ပထမအကြိမ် ငါးသားပေါက်များ ထောက်ပံ့ပေးခြင်းကို ဩဂုတ် ၃၀ ရက်က သရက်တပင်စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ ပြုလုပ်ခဲ့သည်။

ငါးသားပေါက်ပေးအပ်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်ထွန်းက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးစုံမိုင်းက ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ နိုင်ငံတော်အစိုးရက ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ငါးသားပေါက်ပေးအပ်ခြင်းတွင် မင်းလှမြို့နယ်အတွင်း ၃၇၅ ဧကတွင် ငါးမွေးတောင်သူများအား ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ သုံးသိန်းကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးတောင်သူများအား စက်တင်ဘာလအတွင်း ငါးသားပေါက်ကောင်ရေ ၉၈၁၀၉၇ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

○ စာမျက်နှာ ၆ မှ

အခု ကိုဗစ် – ၁၉ ရောဂါနဲ့ မိမိတို့လူသားတွေနဲ့ တိုက်ပွဲ ဆင်နေကြရတာပါ။ လူတိုင်း မကြားချင်လောက်အောင် ရွံမုန်းနေတဲ့ လက်နက်ကိုင်စစ်ပွဲနဲ့ ဥပမာမပေးဘဲ လူတွေ သဘောကျနှစ်ခြိုက်ကြတဲ့ ပရီမီယာလိဂ်/ ချန်ပီယံလိဂ် ဘောလုံးပွဲလေးတွေနဲ့ ဥပမာပေးပါရစေ။ အခုပွဲမှာ ကိုဗစ်– ၁၉ ပိုးက တိုက်စစ်ဆင်နေပြီး မိမိတို့လူသားတွေက တောက်လျှောက်ခံစစ်နဲ့ ကစားနေကြရတာပါ။ ကိုဗစ်– ၁၉ ပိုးက ရာသီစခါစကထက်ပိုပြီး ကျွမ်းကျင်ပြီး တန်ဖိုးကြီးတဲ့ ကမ္ဘာ့အဆင့်တိုက်စစ်မှူးတွေနဲ့ ပြင်ဆင်ပွဲထွက်နေပါပြီ။ အရင်ထက် ပါဝါကြီးတာသေချာနေပါတယ်။ မိမိတို့လူသားတွေအနေနဲ့ နဂိုက တောင့်တင်းလှတဲ့ခံစစ်ကို နည်းနည်းမှ လျှော့လို့၊ အပွန်းအပဲ့ခံလို့ မဖြစ်ပါဘူး။ မိမိတို့ခံစစ်ကို ထပ်အားဖြည့်မယ့် (ကာကွယ်ဆေး / ကုသဆေး) ကမ္ဘာ့အဆင့် ခံစစ်မှူး / တိုက်စစ်မှူးတွေ ထပ်မံဖြည့်တင်းမှု မပြုလုပ်နိုင်ခင်မှာ လက်ရှိခံစစ်ကိုတော့ ဟာကွက်လုံးဝမရှိအောင် ပြင်ဆင်မြဲ ပြုလုပ်မြဲထက် ပိုပြီးဝီရိယစိုက်ထုတ်ကြရမှာပါ။

လိုအပ်သလောက်ပဲ ထွက်

အဲဒီလုပ်ငန်းတွေက မိမိတို့ ခဏခဏပြောနေတဲ့ (၁) Stay Home မလိုအပ်ရင် အိမ်ပြင်မထွက်ကြဘဲ အိမ်ထဲမှာပဲ နေကြပါ၊ အထူးသဖြင့် အရင်လောက် မဆိုးနိုင်ပါဘူးဆိုတဲ့ ရာနှုန်းပြည့် သက်သေပြထားတာ မဟုတ်ဘဲ ပြောဆိုရေးသားနေကြတာကိုယုံပြီး Vulnerable Group သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေကို အပြင်ခေါ် မထုတ်ကြပါနဲ့။ နိစ္စဓူဝ စားဝတ်နေရေးအတွက် မဖြစ်မနေထွက်ရမယ့်လူတွေကတော့ မထွက်လို့မှမဖြစ်ဘဲ ထွက်ကြရမှာပေါ့။ စားဝတ်နေရေးအတွက် မဖြစ်မနေကိစ္စကလွဲလို့ မထွက်ကြဖို့လိုပါတယ်။ အိမ်တစ်အိမ်က လိုအပ်သလောက်ပဲ ထွက်အောင်စီစဉ်ဖို့လိုပါတယ်။ ဥပမာဈေးသွားတာမျိုးမှာ တစ်အိမ်တည်းက သုံးယောက်သွားမယ့်အစား တစ်ယောက်ပဲသွားရင် ၁၀ အိမ်ဆိုလူ ၂၀ အပြင်မှာလျော့စေမှာပါ။

အဲဒီပြုမူချက်က နောက်အချက်(၂) Social Distancing အပြင်ကိုထွက်ရင် တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာနေရမယ့်အချက်ကို အထောက်အကူပြုမှာပါ။ ဘယ်နေရာမှာမဆို လူနည်းရင် ခွာနေလို့ ပိုအဆင်ပြေမှာပါ။ လူတစ်ဦးနဲ့တစ်ဦး (အခုအထိ လက်ခံထားတာအရ) ခြောက်ပေကွာရင် ရောဂါကူးစက်ဖို့ ခဲယဉ်းပါတယ်။ မိမိအနေနဲ့ အခုအထိဆိုတဲ့ စကားသုံးရတာက ဒီကိုဗစ်– ၁၉ ပိုးက တစ်နေ့တစ်မျိုး မရိုးရအောင် အသစ်၊ အသစ် တွေ့ရှိမှုတွေ ဖြစ်နေလို့ပါ။ အဲဒီလိုခွာနေရမှာက လူကြီးလူငယ်၊ ကျားမ မရွေးပါနော်။ အပေါ်မှာပြောခဲ့သလိုပဲ လူငယ်တွေက ရောဂါကူးစက်သွားပေမယ့် ရောဂါလက္ခဏာမပြ မခံစားရပေမယ့် ဝင်သွားတဲ့ပိုးက မိမိအိမ်ပြန်ရောက်ရင် တွေ့ရမယ့် မိဘ၊ ဘိုးဘွားတွေ၊ လူမမယ်ကလေးတွေ၊ ရောဂါအခံရှိသူတွေကိုတော့ သေချာပေါက် ကူးစက်ပျံ့နှံ့မှာဖြစ်ပြီး လူကြီးတွေနဲ့ ရောဂါအခံရှိသူတွေမှာတော့ ရောဂါပြင်းထန်ရုံမက အသက်အန္တရာယ်ပါ ရှိနိုင်တာမို့ လူတိုင်းလူတိုင်း တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာနေရမှာကို မဖြစ်မနေလိုက်နာကျင့်သုံးကြရမှာပါ။

> Stay Home မလိုအပ်ရင် အိမ်ပြင်မထွက်ကြဘဲ အိမ်ထဲမှာပဲ နေကြပါ၊ အထူးသဖြင့် အရင်လောက်မဆိုးနိုင်ပါဘူးဆိုတဲ့ ရာနှုန်းပြည့် သက်သေပြထားတာမဟုတ်ဘဲ ပြောဆိုရေးသားနေကြတာကိုယုံပြီး Vulnerable Group သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေကို အပြင်ခေါ်မထုတ်ကြပါနဲ့။ နိစ္စဓူဝ စားဝတ်နေရေးအတွက် မဖြစ်မနေ ထွက်ရမယ့်လူတွေကတော့ မထွက်လို့မှမဖြစ်ဘဲ ထွက်ကြရမှာပေါ့၊ စားဝတ်နေရေးအတွက် မဖြစ်မနေကိစ္စကလွဲလို့ မထွက်ကြဖို့လို။

အပြင်ထွက်ရင် မမေ့မလျော့လုပ်ရမယ့် နောက်အချက် (၃) ကတော့ နှာခေါင်းစည်း၊ ပါးစပ်စည်းကို စနစ်တကျ တပ်ဆင်ခြင်းပါပဲ။ မေးစေ့ချိတ်တဲ့ Chin Mask မဖြစ်စေဖို့၊ တပ်ပြီးရင် လက်နဲ့မထိစေဖို့၊ စိုနေရင်၊ မသန့်တော့ရင် အသစ်တစ်ခုလဲဖို့၊ စွန့်ပစ်ရင်လည်း ကြုံသလိုမပစ်ဘဲ စနစ်တကျစွန့်ပစ်ဖို့ပါ။

တချို့က Face Shield ခေါ်တဲ့ (ပလတ်စတစ်) မျက်နှာကာအကြောင်း သိချင်မှာပါ။ မျက်နှာကာက နှာခေါင်းစည်းအစား သုံးလို့ လုံးဝမရပါဘူး။ တစ်ခုပဲရွေးရရင် နှာခေါင်းစည်းကိုပဲ သုံးရမှာပါ။ နှာခေါင်းစည်းတပ်ပြီး မျက်နှာကာ ထပ်တပ်လို့ရပေမယ့် မျက်နှာကာတစ်ခုတည်းကို နှာခေါင်းစည်းမပါဘဲ သုံးတာက စိတ်မချရပါဘူး။ (ခြွင်းချက်ကတော့ ရင်ခွင်ပိုက်နဲ့ ကလေးငယ်လေးတွေမှာတော့ နှာခေါင်းစည်းအစား သုံးကြလေ့ ရှိပါတယ်။ အပြင်မထွက်ရင် သူတို့လည်း မလိုပါဘူး)

အလေ့အကျင့်တောင်ပျောက်

နောက်အရေးကြီးတဲ့ အချက် (၄) ကတော့ Hand Hygiene and Hand Washing လက်သန့်ရှင်းရေးနဲ့ လက်ဆေးခြင်းပါပဲ။ ရောဂါပိုးကူးစက်ပြန့်ပွားတာမှာ အသက်ရှူလမ်းကြောင်းက တိုက်ရိုက်ဝင်သလို ရောဂါပိုးထိရောက်ကပ်ငြိနေတဲ့ ပစ္စည်းတွေ၊ မျက်နှာပြင်တွေကို လက်နဲ့ထိမိပြီး အဲဒီမသန့်တဲ့လက်နဲ့ မျက်နှာမှာ “T–zone” လို့ခေါ်တဲ့ မျက်စိနှစ်လုံး၊ နှာခေါင်း၊ ပါးစပ်တွေနဲ့ ထိမိရင်လည်း ရောဂါကူးစက်တာမို့ အပြင်ထွက်ရင် တံခါးလက်ကိုင်၊ လက်ရန်း၊ စားပွဲ၊ ကုလားထိုင်၊ ဘယ်ပစ္စည်း ဘယ်အရာဝတ္ထုကိုမှ မိမိလက်နဲ့ ထိတွေ့မှုမရှိအောင် အထူးဂရုစိုက်နေရပါမယ်။ အခုခေတ် တစ်ဦးနဲ့တစ်ဦး လက်ဆွဲနှုတ်ဆက်တဲ့ အလေ့အကျင့်တောင် ပျောက်သွားပါပြီ။

နောက်တစ်ချက်က အပြင်ကပြန်လာတိုင်း၊ တစ်ခုခုနဲ့ ထိမိပြီးတိုင်း၊ မသင်္ကာတိုင်း လက်ကို စနစ်တကျ ဆပ်ပြာနဲ့ အနည်းဆုံး စက္ကန့် ၂၀ နေရာအနှံ့ စနစ်တကျ မကြာမကြာဆေးတဲ့အကျင့်ကို လုပ်ကြရပါမယ်။ ကိုယ်အပြင်ရောက်နေလို့ ဆပ်ပြာနဲ့ရေ အလွယ်တကူမရနိုင်မှာမို့ အပြင်ထွက်နေသူတွေကတော့ အရက်ပြန် Alcohol ၇၀ ရာခိုင်နှုန်းပါတဲ့ လက်သန့်ဆေးရည် (Alcohol Hand Gel / Sanitizer) လေးတွေ ဆောင်ထားပြီး ထိမိကိုင်မိပြီးတိုင်း လက်တစ်ခုလုံးကို သန့်စင်ရပါမယ်။

အခုဖော်ပြထားချက်တွေဟာ အထူးအဆန်း ကြီးကြီးကျယ်ကျယ်တွေ မဟုတ်ပါဘူး။ ကိုဗစ် – ၁၉ စဖြစ်ခါစကတည်းက ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ တာဝန်ရှိအဖွဲ့အစည်းအသီးသီးက မဖြစ်မနေ လုပ်ဆောင်ကြဖို့ တဖွဖွသတိပေးနေတဲ့ အချက်တွေပါပဲ။ အချိန်ကြာလာတာနဲ့အမျှ အဲဒီအလေ့အကျင့်တွေ မေ့လျော့ပေါ့ဆ မလုပ်မိကြလို့ ကူးစက်မှုများလာနိုင်ပါတယ်။

နည်းနည်းလေးမှ ပေါ့လိုက်လို့မဖြစ်

နိဂုံးချုပ်ရရင် အခုခေါင်းပြန်ထောင်လာတဲ့ ကိုဗစ်– ၁၉ ကပ်ရောဂါဆိုးဟာ ဘာလှိုင်းပဲဖြစ်ဖြစ် စိုးရိမ်ရမှာပါ။ ၁၀ ဆ ပိုကူးစက်တာ သေချာနေပါတယ်။ မိမိတို့နိုင်ငံမှာ စဖြစ်တဲ့ မတ် ၂၃ ရက်ကနေ ဩဂုတ် ၁၅ ရက်အထိ ပိုးတွေ့လူနာ ၃၇၄ ယောက်သာရှိခဲ့ပေမယ့် ဩဂုတ် ၁၆ ရက်ကနေ ဒီဆောင်းပါးရေးနေတဲ့ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီအထိ ၈၈၇ ယောက် ရှိနေတာမို့ ၁၇ ရက်မှာ ၅၁၃ ယောက် ထပ်တိုးလာတာပါ။ ပေါ့သေးသေး မဟုတ်ပါဘူး။ ခြောက်တာမဟုတ်ပါဘူး။ အရင် လောက် မဆိုးလောက်ပါဘူးဆိုပြီး နည်းနည်းလေးမှ ပေါ့လိုက်လို့ မဖြစ်ပါဘူး။ ကြောက်ကြရမှာပါ။ ကြောက်ကိုကြောက်ကြပါ။ ဒါပေမယ့် Panic ဖြစ်လောက်အောင် အကြောက်လွန်ပြီး တစ်လ၊ နှစ်လစာ ပစ္စည်းတွေ မတန်တဆဈေးနဲ့ဝယ်၊ တစ်အိမ်လုံး တစ်ယောက်မှ အိမ်ထဲက အိမ်ပြင်မထွက်ဘဲနေ၊ အသက်တောင် ပြင်းပြင်းမရှူကြနဲ့လို့ သဘာဝမကျတဲ့ အကြံဉာဏ်တွေပေး၊ ဆောင်ရွက်မှုတွေ လုပ်ခိုင်းနေတာ မဟုတ်ပါဘူး။ နဂိုကတည်းက တဖွဖွပြောပြီး လုပ်ခိုင်းထားတဲ့ လေးမျိုးကိုသာ မမေ့မလျော့၊ မပေါ့မဆ သတိချပ်လုပ်ကြရန်သာ တိုက်တွန်းနေတာပါ။ အဲဒီအခြေခံ အချက်လေးမျိုးကို မလစ်ဟင်းရအောင် ဆောင်ရွက်ကြရင်း မိမိကိုယ်တိုင်နဲ့ မိမိရဲ့မိသားစု၊ ပတ်ဝန်းကျင်မြို့ရွာကနေ နိုင်ငံတစ်ခုလုံးအနေနဲ့ ဒီကိုဗစ်ကပ်ရောဂါဆိုးကြီးရဲ့ အန္တရာယ်ကို အကောင်းဆုံးခံစစ်နဲ့ ရင်ဆိုင်ကြပါစို့။

(၁–၉–၂၀၂၀)

သတင်းအချက်အလက် ညစ်ညမ်းမှုနှင့် ဖောင်းပွမှုတို့ကို သတိပြုပါ

Pollution ဆိုသော ဝေါဟာရကို ယနေ့ခေတ်တွင် လူအများရင်းနှီးနားရည်ဝလောက်ပြီးဖြစ်သည်။ ညစ်ညမ်းမှု၊ ဖောင်းပွမှုတို့ကို ညွှန်းဆိုလိုသောအခါတွင် ယင်းဝေါဟာရကို အသုံးပြုကြသည်။ ဆိုကြပါစို့။ ရေထုညစ်ညမ်းမှု (Water Pollution)၊ လေထုညစ်ညမ်းမှု (Air Pollution)၊ အလားတူ အသံအဆမတန်ဆူညံမှု (Noise Pollution)၊ မီးရောင်စုံများလိုအပ်သည်ထက် ပိုမိုစူးရှများပြားမှု (Light Pollution) စသည်တို့ဖြစ်သည်။

ယနေ့ခေတ် မြို့ပြနေလူသားတို့သည် အဆိုပါ ညစ်ညမ်းမှုများ၏ သားကောင်များဖြစ်ကြသလို တစ်ပြိုင်နက်တည်းမှာပင် ဖန်တီးသူများလည်းဖြစ်နေပြန်သည်။ ညအချိန်တွင် ကားတစ်စီးသည် ရောင်စုံမီးများကို လိုအပ်သည်ထက် ပိုမိုတပ်ဆင်ထားသည်။ အိတ်ဇောမှထွက်သော အသံကို ကျယ်လောင်စွာမြည်ဟည်းစေရန် တမင်တကာဖန်တီးထားသည်။ အရှိန်ပြင်းစွာ မောင်းနှင်သွားသော ကား၏နောက်တွင် မီးခိုးလုံးများ ကားလမ်းတစ်လျှောက်လွင့်ပါးလျက်။

အဓိကအကြောင်းရင်းတစ်ခုဖြစ်

လူတို့သည် ဖော်ပြပါ ညစ်ညမ်းမှုများနှင့်မတင်းတိမ်လေရော့သလားမသိ။ သတင်းအချက်အလက် ညစ်ညမ်းမှုနှင့်ဖောင်းပွမှုတို့ကို ဖန်တီးလာသည်။ သတင်းအချက်အလက် (Information) နှင့် ညစ်ညမ်းမှု၊ ဖောင်းပွမှု (Pollution) ဟူသော ဝေါဟာရနှစ်ရပ်ကို ပေါင်းစပ်လိုက်သောအခါ Infollution ဟူသော ဝေါဟာရသည် ပေါ်ထွက်လာသည်။ သတင်းအချက်အလက် အများအပြားကို လွယ်လင့်တကူ ရရှိနိုင်ခြင်း၊ ပြန်လည်မျှဝေနိုင်ခြင်းနှင့် ရေးသားဖြန့်ဝေနိုင်ခြင်းတို့သည် Infollution ဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

ယနေ့ခေတ်ကာလကို သတင်းအချက်အလက်နှင့် နည်းပညာခေတ်ဟုဆိုကြသည်။ လူသားတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများတွင် သတင်းအချက်အလက်ရှာဖွေကြည့်ရှုခြင်းသည် မသိမသာရော သိသိသာသာပါ ပါဝင်လာသည်။ မတူကွဲပြားသော အကြောင်းအရာ အချက်အလက်များကို အမျိုးအမည်စုံလင်သော သတင်းအရင်းအမြစ်ပေါင်းမြောက်မြားစွာမှ အချိန်နှင့်တစ်ပြေးညီ ရယူနေကြသည်။ ဖျော်ဖြေရေးသက်သက်အတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အပါအဝင် ဘာသာရေး၊ အတွေးအခေါ်၊ ကျင့်စဉ်စသည့်အကြောင်းအရာတို့ကိုပါ ပုံနှိပ်မီဒီယာ၊ အင်တာနက်နှင့်ဆိုရှယ်မီဒီယာ လူမှုကွန်ရက်၊ ရုပ်သံအစီအစဉ်စသည်တို့မှ ကြည့်ရှုလေ့လာနေကြသည်။

ကျွန်တော်တို့ငယ်စဉ်ကာလများတွင်မတော့ နေ့စဉ်ထုတ်သတင်းစာများနှင့်နိုင်ငံပိုင်ရုပ်သံမှ ထုတ်လွှင့်သော ရုပ်မြင်သံကြားနှင့်ရေဒီယိုအစီအစဉ်များကိုသာ ကြည့်ရှုနားဆင်ရသည်။ ရုပ်မြင်သံကြား၊ ရေဒီယိုဆိုသည်မှာလည်း နိုင်ငံပိုင်ရုပ်သံလိုင်း တစ်လိုင်းသာရှိသည်။ အခြားပြောင်းလဲကြည့်ရှုရန်မရှိ။ ပုံနှိပ်မီဒီယာဆို၍ လက်လှမ်းမီသမျှ နေ့စဉ်ထုတ်သတင်းစာများနှင့် မဂ္ဂဇင်းအချို့သာရှိ၏။ တတ်နိုင်သူများက နယူးစ်ဝိခ် (Newsweek)၊ တိုင်းမ်စ် (Times)၊ ရီးဒါးဒိုင်ဂျက်စ် (Reader's Digest) စသည့် နိုင်ငံရပ်ခြားမှထုတ်ဝေသော မဂ္ဂဇင်းစာစောင်များကို မှာယူဖတ်ရှုကြသည်။

ယနေ့ခေတ်တွင် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်အတူ စာအုပ်စာတမ်းများ ကျယ်ကျယ်ပြန့်ပြန့်ရေးသားထုတ်ဝေခွင့်ရရှိလာသည်။ ပုံနှိပ်မီဒီယာများတွင် အစိုးရနှင့်ပုဂ္ဂလိကမှ ရေးသားထုတ်ဝေသော သတင်းစာဂျာနယ်များသာမက နိုင်ငံရပ်ခြားမှထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များကို အလွယ်တကူဖတ်ရှုနိုင်ကြပြီဖြစ်သည်။ မိမိသိရှိလေ့လာလိုသော ဘာသာရပ်အလိုက် သီးခြားထုတ်ဝေသော စာအုပ်စာတမ်းများကိုလည်း လက်လှမ်းမီစွာလေ့လာနိုင်ပြီဖြစ်သည်။

အင်တာနက်ပေါ်ပေါက်လာသည်နှင့် သတင်းအချက်အလက်စီးဆင်းမှုသည် မြန်နှုန်းမြင့် ကျည်ဆန်ရထား၏ အရှိန်ကဲ့သို့ မြန်ဆန်လာသည်။ တစ်နေ့ထက်တစ်နေ့ နည်းပညာဆန်းသစ်တီထွင်မှုများ ပေါ်ပေါက်လာသောအခါ သတင်းအချက်အလက်စီးဆင်းမှုကွန်ရက်သည် အတိုင်းအဆမဲ့ ကျယ်ပြန့်လာခဲ့သည်။ လူသားတို့သည် သတင်းအချက် အလက် ပိုက်ကွန်တွင် မိကုန်သော သတ္တဝါများကဲ့သို့ အုန်းအုန်းကျွက်ကျွက်ဖြစ်လေသည်။ ငယ်စဉ်တောင်ကျေးကလေးဘဝက ရုပ်မြင်သံကြားစက်ရှေ့ကြမ်းပြင်တွင် တင်ပျဉ်ချိတ်ထိုင်ကာ ရွေးချယ်စရာမရှိ တစ်လိုင်းတည်းသော ရုပ်သံအစီအစဉ်ကို ကြည့်ခဲ့ရသူကလေးသည် ယခုအခါ လက်တစ်ဝါးစာ စမတ်ဖုန်းမျက်နှာပြင်ကို စက္ကန့်မလပ်ရွှေ့လျားစေကာ နည်းပညာရေစီးကြောင်းတွင် အလျားလိုက်ကူးခပ်နေလေပြီ။ မြန်မာနိုင်ငံနှင့်မိုင်ထောင်ချီဝေးကွာသော အင်္ဂလန်နိုင်ငံတွင် ယှဉ်ပြိုင်ကစားနေသော မန်ချက်စတာယူနိုက်တက်နှင့်အာဆင်နယ်တို့၏ ဘောလုံးပွဲကို မန်ချက်စတာမြို့ခံများနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်း အားပေးကြည့်ရှုနိုင်လေပြီ။

အမေရိကန်လူမည်းအမျိုးသား ဂျော့ဖလွိုက်သေဆုံးရမှုအတွက် ဆန္ဒပြမှုများဆက်လက်ဖြစ်ပေါ်နေကြောင်း စီအင်န်အင်န် (CNN) ရုပ်သံဌာနက တိုက်ရိုက်အစီရင်ခံနေသည်။ အသားရောင်ခွဲခြားမှုကို ဆန့်ကျင်သော လူအုပ်ကြီးသည် မိမိနေ့ခန်းအတွင်း ဒေါသတကြီးဆူပွက်အော်ဟစ်နေသည်။ တွစ်တာတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ရေးသားမှုများကို နာရီမဆိုင်းသိရှိနိုင်သည်။

သတင်းအချက်အလက်နည်းပညာအသိုက်အဝန်း ကျယ်ပြန့်လာခြင်းနှင့်အတူ လူသားတို့အတွက် ကြီးမားသော အကျိုးရလဒ် ရရှိနိုင်သည်ကို ငြင်းဆိုရန်မရှိချေ။ သို့ရာတွင် သတင်းဖြန့်ဝေမှုကွန်ရက်ကျယ်ပြန့်လာခြင်းနှင့်အတူ အခြားမလိုလားအပ်သော သတင်းဖောင်းပွမှု ပြဿနာသည်လည်း ကွဲကူးရောဂါဆိုသလို ပေါ်ပေါက်လာခဲ့သည်။ သတင်းအချက်အလက်များတွင် အမှန်နှင့်အမှား ရောထွေးနေတတ်သည်။ အမှားချည်းသက်သက်လည်း ဖြစ်နေတတ်သည်။ မလိုအပ်သော သို့မဟုတ် မလိုလားအပ်သော သတင်းစကားများဖြစ်နေတတ်သည်။ အရင်းအမြစ်က ခိုင်မာမှုမရှိ။ အကိုးအကားမပါ။ အကိုးအကားပြုနိုင်ဖွယ်လည်းမရှိချေ။ သို့သော် ယင်းသတင်းစကားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဖြူးသူများလည်း ရှိနေတတ်ပြန်သည်။

ဆိုခဲ့ပြီးသည့်အတိုင်း သတင်းအချက်အလက်နည်းပညာခေတ် (တစ်နည်း အင်တာနက်ခေတ်) တွင် လူသား၏ ရှင်သန်ရပ်တည်မှုသည် သတင်းအချက်အလက်ပေါ်တွင် မှီခိုသည်။ နိစ္စဓူဝ ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတင်းအချက်အလက်များအပေါ် မှီခိုလာရသည်။ ကုန်ဈေးနှုန်းအတက်အကျ၊ ဝယ်လိုအားရောင်းလိုအားတို့သည် သတင်းဖောင်းပွမှုအပေါ် တည်မှီလာသည်။ "ကိုဗစ်-၁၉ ကူးစက်ရောဂါ မြန်မာနိုင်ငံတွင် စတင်တွေ့ရှိ" ဆိုသော သတင်းနှင့်အတူ ဈေးဝယ်စင်တာများတွင် စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများကို ညလုံးပေါက် အလုအယက်ဝယ်ယူကြရာ ပစ္စည်းများပြတ်လပ်သည်အထိ ဖြစ်ခဲ့သည်။

> ❖ **အင်တာနက်ချိတ်ဆက်ပြီး မိုဘိုင်းဖုန်းများ ကလေးသူငယ်ကအစ အသုံးပြုနိုင်နေခြင်းနှင့် ဖေ့စ်ဘွတ်ယဉ်ကျေးမှု ခေတ်စားလာခြင်းသည် မြန်မာနိုင်ငံတွင် Infollution အားကောင်းလာစေသည့် အချက်တစ်ချက်ဖြစ်သည်ကို ငြင်းမရ။ Information Literacy ဟုခေါ်သော သတင်းအချက်အလက် အသိပညာမပြည့်ဝမီ အလုံးအရင်းနှင့် ဝင်ရောက်နေရာယူလာသော သတင်းစကားအချက်အလက်များကြောင့် ခုတ်ရာတခြား ရှရာတလွဲဖြစ်ကြရ။**
>
> ❖ **သတင်းစကားကို အလွဲအမှား အသုံးပြုမိကြရ။**
>
> ❖ **ဝေးကွာနေသော မိတ်ဆွေနှင့်ဆွေမျိုးသားချင်းများကို နီးကပ်စေသော၊ သတင်းစကားများဖလှယ်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို တိုးပွားစေသော ဖေ့စ်ဘွတ်သည် အမုန်းစကားနှင့်ဆဲဆိုသံများ ပြည့်နှက်ရာနေရာ ဖြစ်လေပြီ....**

စည်သူကျော်

အလည်အပတ်ခရီးထွက်ခြင်းသည်လည်း သတင်းဖောင်းပွခြင်းနှင့်သက်ဆိုင်လာရသည်။ တစ်စုံတစ်ယောက်က မည်သည့်နေရာသည် မည်ကဲ့သို့လှပကြောင်း၊ အချိန်မနှောင်းမီ ဦးဦးဖျားဖျားသွားရောက်လည်ပတ်သင့်ကြောင်း လူမှုကွန်ရက်တွင် တင်လိုက်သည်နှင့် ၎င်းနေရာသို့ သူ့ထက်ငါ အလုအယက်သွားရောက်ကြရာ ဝန်နှင့်အားမမျှသည်နှင့် ခရီးစဉ်ဒေသ အသစ်ကလေးသည် မကြာမြင့်မီပင် ယိုယွင်းပျက်စီးခြင်းသို့ ရောက်ရတော့သည်။ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်ရေး မြော်မြင်စဉ်းစားသင့်လေသည်။

အချိန်တိုအတွင်းရောက်ရှိသွားနိုင်

လူလူချင်းတိုက်ရိုက်ထိတွေ့ဆက်ဆံရာတွင် သတင်းစကားတစ်ခုသည် တစ်ကြိမ်တွင် အများဆုံးလူဆယ်ဂဏန်းခန့်ကိုသာ ဖြန့်ဝေနိုင်သော်လည်း ယနေ့ခေတ်တွင် စက္ကန့်ပိုင်းအတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ လူသန်းပေါင်းများစွာထံကို အချိန်တိုအတွင်းရောက်ရှိသွားနိုင်ပေသည်။ အင်တာနက်ချိတ်ဆက်ပြီး မိုဘိုင်းဖုန်းများ ကလေးသူငယ်ကအစ အသုံးပြုနိုင်နေခြင်းနှင့် ဖေ့စ်ဘွတ်ယဉ်ကျေးမှု ခေတ်စားလာခြင်းသည် မြန်မာနိုင်ငံတွင် Infollution အားကောင်းလာစေသည့် အချက်တစ်ချက် ဖြစ်သည်ကို ငြင်းမရ။ Information Literacy ဟုခေါ်သော သတင်းအချက်အလက်အသိပညာမပြည့်ဝမီ အလုံးအရင်းနှင့် ဝင်ရောက်နေရာယူလာသော သတင်းစကားအချက်အလက်များကြောင့် ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ကြရသည်။ သတင်းစကားကို အလွဲအမှားအသုံးပြုမိကြရသည်။ ဝေးကွာနေသော မိတ်ဆွေနှင့်ဆွေမျိုးသားချင်းများကို နီးကပ်စေသော၊ သတင်းစကားများဖလှယ်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကို တိုးပွားစေသော ဖေ့စ်ဘွတ်သည် အမုန်းစကားနှင့်ဆဲဆိုသံများ ပြည့်နှက်ရာနေရာ ဖြစ်လေပြီ။ အချို့ကား ကိုယ်ကျိုးစီးပွားအတွက် ရန်ဘက်ပြု၏။ အချို့ကား မည်သူ့အကျိုး စီးပွားအတွက်မျှ မဟုတ်။ ဝင်ရေးရပြီးရော ရေးကြသည်။ ဝင်ပြောရပြီးရော ပြောကြသည်။ မှန်၏၊ မှား၏၊ သင့်၏၊ မသင့်၏ မသုံးသပ်။ ခွေးလှေးခုန်လို့ ဖုန်မထသော်လည်း ပတ်ဝန်းကျင် ညစ်ညမ်းရာ၏။ တန်ဖိုးရှိသော သတင်း တစ်ခုတွေ့ရှိဖတ်ရှုဖို့ရာ ဖောင်းပွနေသော သတင်းမျက်နှာစာများကို ကျော်လွှားရသည်။ စာတစ်ပုဒ်သည် သုတသော်လည်းကောင်း၊ ရသသော်လည်းကောင်း ရစေအပ်သည်။ သို့မဟုတ်ပါက အချည်းနှီး လူ့အသိုက်အဝန်းကို အကျိုးမပြု စာအမှိုက်သာဖြစ်တော့သည်။ ယင်းသဘောကို မိမိတို့ငယ်စဉ်ကလေ့လာဖတ်ရှုခဲ့ရသည်။ သို့သော် ယနေ့တွင်ကား သုတလည်းမမည်၊ ရသလည်းမမြောက်သောစာများ၊ သတင်းစကားများကား ပတ်ဝန်းကျင်တွင် အနမတဂ္ဂ။ အမှန်နှင့်အမှား၊ အကျိုးနှင့်အကြောင်းကိုကား မိမိ၏ ပညာဉာဏ်၊ ဆင်ခြင်တုံတရားဖြင့်သာ ပိုင်းခြားရာဖြစ်တော့သည်။ အားလုံးသတင်းအမှန်ရကြပါစေ။ ။

အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော်လက်တက် တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) ၈၅ ရာခိုင်နှုန်း ပြီးစီး

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန (တံတား)က ကြီးကြပ်၍ A1 ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည့် တံတားအရှည် ၄၄၁ ပေရှိ အင်းစိန်ကားလမ်းကူး မီးရထားခုံးကျော်လက်တက်တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ယမန်နေ့နံနက် ၉ နာရီခွဲတွင် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်၊ ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများသည် အဆိုပါလက်တက်တံတားသစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြသည်။

ထိုသို့စစ်ဆေးကြည့်ရှုကြရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့အား တာဝန်ယူတည်ဆောက်လျက်ရှိကြသည်။ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန(တံတား)နှင့် တင်ဒါအောင် A1 ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများက တံတားတိုင်များပြီးစီးမှု၊ တံတားပေါင်များ၊ သံပေါင်များတပ်ဆင်ပြီးစီးမှု၊ တံတားကြမ်းခင်းကွန်ကရစ်လောင်းရန်ကျန်ရှိမှု၊ ယခုခုံးကျော်လက်တက်တံတားသစ်တည်ဆောက်ရေးလုပ်ငန်း ၈၅ ရာခိုင် နှုန်းနီးပါးပြီးစီးမှု၊ စက်တင်ဘာလကုန်ပြီးစီးအောင် ကြိုးပမ်းလုပ်ဆောင်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဥဏ်ဟိန်း

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ၂၀၁၈–၂၀၁၉ နှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၅ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု

ရန်ကုန် စက်တင်ဘာ ၅

အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသော ၂၀၁၈–၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် အကျဉ်းသား ကျောင်းသား၊ ကျောင်းသူများအနက် ၅၅ ဦးအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတက ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုရာ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော အကျဉ်းသား ၂၅ ဦး ပါဝင်လွတ်မြောက်ခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

၂၅ ဦး လွတ်မြောက်

အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်က "ထူးထူးချွန်ချွန်အောင်မြင်ခဲ့တဲ့ အကျဉ်းသား ကျောင်းသားတွေကို နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းသက်သာခွင့်ပေးတာဖြစ်ပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်က ၂၅ ဦး လွတ်မြောက်ပါတယ်။ အဓိကကတော့ သူတို့ကို နိုင်ငံတော်သမ္မတကြီးက လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ ထူးချွန်စွာ ကြိုးစားအားထုတ်မှုကြောင့် လည်းကောင်း၊ အပြင်မှာလည်း တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ဖို့အတွက် လည်းကောင်း၊ နိုင်ငံတော်ရဲ့ မေတ္တာ၊ စေတနာကိုနားလည်ပြီး လူကောင်းလေးတွေဖြစ်အောင် နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့လွှတ်ပေးတာဖြစ်ပါတယ်" ဟုပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့ လွတ်မြောက်သူများတွင် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ကြသူများအနက်မှ အကျဉ်းသား ကျောင်းသား ၁၁ ဦးနှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ကြသူများအနက်မှ အကျဉ်းသား ကျောင်းသား ၁၄ ဦး ပါဝင်ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် လေးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူ အကျဉ်းသားကျောင်းသား မောင်စစ်ပိုင်ထူးက "မူးယစ်ဆေးဝါးအမှုနဲ့ ထောင် ၁၃ နှစ် ကျခဲ့တယ်။ အထဲမှာ လေးနှစ်ကျော်လောက် နေခဲ့ရတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ကျွန်တော်တို့ကို အသိအမှတ်ပြုပြီး လွတ်ငြိမ်းသက်သာခွင့် ပေးခဲ့တဲ့အတွက် ကျေးဇူးတင်တယ်။ အတိုင်းမသိဝမ်းသာပါတယ်။ အပြင်ရောက်ရင် ကျွန်တော်ရထားတဲ့အမှတ်နဲ့ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားပြီး တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာက ပါဝင်ချင်ပါတယ်" ဟုပြောသည်။

ယနေ့ လွတ်မြောက်သူများအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူ ကိုးဦးအား ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ စစ်ဆေးမှုခံယူနိုင်ရန် အကျဉ်းထောင်တာဝန်ရှိသူများက လှိုင်မြို့နယ်အတွင်းရှိ Quarantine Center သို့ ပို့ဆောင်သွားမည်ဖြစ်ပြီး အခြားသော နေရပ်ဒေသများသို့ပြန်မည့်သူများအား သက်ဆိုင်ရာ ကားဂိတ်များသို့ လိုက်လံပို့ဆောင်ပေးမည့်အပြင် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိချိန်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုခံယူနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးငွေးက ပြောသည်။

ပေးအပ်ချီးမြှင့်

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အကျဉ်းသား ကျောင်းသားများအား ယနေ့နံနက်ပိုင်းက အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းအတွင်းရှိ အနုပညာနှင့် အားကစားခန်းမ၌ အကျဉ်းဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆုံးမသြဝါဒစကားများပြောကြားပြီး ထောင်လွတ်လက်မှတ်၊ လွတ်လူခရီးစရိတ်၊ လမ်းစရိတ်ထောက်ပံ့ငွေနှင့် အကျဉ်းသားတစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်း–ဇော်ကြီး
ဓာတ်ပုံ–ဖေဇော်

မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၀၁၈–၂၀၁၉ နှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၉ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု

မန္တလေး စက်တင်ဘာ ၅

မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၀၁၈–၂၀၁၉ နှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အကျဉ်းသား ကျောင်းသား ကျောင်းသူ ၂၉ ဦးအား ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအကျဉ်းထောင် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး အောင်မြေသာစံမြို့နယ် ပညာရေးမှူး ဒေါက်တာစမ်းပပကျော်နှင့် ကျောင်းပရဟိတ အကျိုးတော်ဆောင် ဒေါက်တာသိန်းဇော်တို့က သြဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်က လွတ်မြောက်သွားသည့် အကျဉ်းသား ကျောင်းသား ကျောင်းသူ ၂၉ ဦးတို့အား လွတ်လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်တို့ကို ပေးအပ်သည်။

ယနေ့တွင် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသည့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသားကျောင်းသူ ၂၉ ဦးမှာ ကျောင်းသား ၂၃ ဦးနှင့် ကျောင်းသူ ခြောက်ဦးတို့ဖြစ်ကြပြီး ၎င်းတို့အနက် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် နှစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသူနှစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ ကျောင်းသား ငါးဦး စုစုပေါင်း ရှစ်ဦးနှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် သုံးဘာသာဂုဏ်ထူးရှင် ကျောင်းသား ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ၁၁ ဦးနှင့် ကျောင်းသူ သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား တစ်ဦးနှင့် ကျောင်းသူ တစ်ဦး စုစုပေါင်း ၂၁ ဦးတို့ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်က "ပညာတစ်ပိုင်းတစ်စနဲ့ ဘဝကိုရုန်းကန်ရင်း မထင်မှတ်တဲ့ အမှားအယွင်းတွေကြောင့် ထောင်ထဲရောက်လာတဲ့ လူငယ်တွေကို ပညာဆက်လက်သင်ယူနိုင်ဖို့ ကျွန်တော်တို့နဲ့ ဆရာ၊ ဆရာမတွေအားလုံးက အားပေးကူညီခဲ့ကြသလို သူတို့ကလည်း အများကြီး ကြိုးစားအားထုတ်ခဲ့ကြတဲ့အတွက် အခုလို အောင်မြင်မှုအသီးအပွင့်တွေ ခံစားရတာပါ။ ဒါကြောင့် ကျွန်တော်တို့အားလုံး သူတို့ အောင်မြင်မှုတွေအတွက် ဝမ်းသာဂုဏ်ယူမိပါတယ်၊ ကျွန်တော်တို့လိုလူကြီးတွေက ဘဝကို ကြိုးစားနေတဲ့လူငယ်တွေ လမ်းမှားကို မရောက်သွားဖို့ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပြုပြင်ပြီး လက်တွဲခေါ်ယူသွားကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီ၊ သမိုင်း နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကာ ပြန်လည်လွတ်မြောက်လာသူ မခိုင်မေဦးက "ထောင်ပိုင်ကြီးနဲ့ ဆရာ၊ ဆရာမတွေကျေးဇူးကြောင့် အခုလို ထူးချွန်စွာ အောင်မြင်မှုရခဲ့တာပါ။ မိသားစုက ဝန်ထမ်းတွေဖြစ်တဲ့အတွက် ဝန်ထမ်းပဲလုပ်ဖြစ်သွားမှာပါ၊ ပြစ်ဒဏ် ၁၂ နှစ် ကျပေမယ့် သုံးနှစ်ကျော်ပဲနေခဲ့ရပြီး ပြန်လည်လွတ်မြောက်လာတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ အခုလို ဂုဏ်ပြုချီးမြှင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ သင်ကြားပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်၊ ရှေ့ဆက်ပြီး ဘဝကို ကောင်းမွန်စွာ ဖြတ်သန်းသွားပါမယ်"ဟု ပြောသည်။

မန္တလေးဗဟိုအကျဉ်းထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ၂၀၁၈–၂၀၁၉ ပညာသင်နှစ်၌ ဖြေဆိုသူ ၇၀ အနက် ၄၂ ဦးအောင်မြင်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ဖြေဆိုသူ ၆၉ ဦးအနက် အောင်မြင်သူ ၄၈ ဦးရှိခဲ့ကာ ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူဦးရေမှာ ၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှ ရှစ်ဦးနှင့် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်မှ ၂၁ ဦး စုစုပေါင်း ၂၉ ဦးဖြစ်သည်။

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အကျဉ်းထောင် အကျဉ်းစခန်းအသီးသီးမှ နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ၂၀၁၈–၂၀၁၉ နှင့် ၂၀၁၉–၂၀၂၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အကျဉ်းသား၊ အကျဉ်းသူ ၅၅ ဦး ပြန်လည်လွတ်မြောက်ခဲ့သည့်အပြင် ၃၈ ဦးမှာ လျှော့ရက်များ ခံစားရကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

❖ ဂျပန်နိုင်ငံမှ

DEMU တွဲအဖြစ် မြန်မာနိုင်ငံသို့ ပထမဦးဆုံး ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းပြီးစီးပါက ခေတ်မီလူစီးရထား DEMU များဖြင့် ရထားအမြန်နှုန်းကို 100 km/hr အထိ တိုးမြှင့်ပြေးဆွဲနိုင်မည်ဖြစ်ပြီး ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်သွားရန် ယခုလက်ရှိကြာချိန် ၁၆ နာရီခန့်မှ ၈ နာရီခန့်သာ ကြာမြင့်တော့မည်ဖြစ်ကာ အချိန်ထက်ဝက်ခန့် လျော့ကျသွားမည်ဖြစ်သည်။

အကျိုးကျေးဇူးများ ရရှိခံစားနိုင်

ထို့အပြင် အချိန်တိကျမှုရှိခြင်း၊ ခရီးသွားလာရာတွင် ခရီးသည်များ သက်သောင့်သက်သာရှိခြင်း၊ ခရီးသည်နှင့် ကုန်ပစ္စည်းများကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန်မိုးစပါး စိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင်မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့်အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ် လျာထားမိုးစပါးစိုက်ကွေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိ သိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ်လျာထားပမာဏများအတိုင်း ပြည့်မီစွာစိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကမ္ဘောဇဘဏ်နှင့် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ် သိန်း ၁၂၀၀ ခန့်တန်ဖိုးရှိ ရွှေ့လျားကိုယ်အပူချိန်တိုင်းစက် ခြောက်လုံးအပါအဝင် အလှူရှင် ၁၆ ဦးက ငွေကျပ် ၂၃၀၄၇၂၀၀၀ တန်ဖိုးရှိ လိုအပ်သောပစ္စည်းများကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ ယနေ့အချိန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၁၆၄၂ သိန်း လှူဒါန်းခဲ့ကြောင်း၊ နိုင်ငံတော်အတွက် ကဏ္ဍအသီးသီးတွင်လည်း စုစုပေါင်း အလှူငွေကျပ် ၁၆၆ ဘီလီယံကျော် လှူဒါန်းခဲ့သည့်အပြင် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် လှူဒါန်းသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

World First Aid Day

“ ရှေးဦးပြုစုအလေ့အကျင့်များ ကပ်ရောဂါအလိုက်ပြင်ဆင်သွား ”

“ Adapting First Aid practices to the Pandemic ”

၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာ ၁၂ ရက်။

ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၃၆ ဦးအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် ကမ္ဘာ့အရပ်ရပ်မှ မြန်မာသဘော်သားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သား ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသား လေကြောင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ပနားမားနိုင်ငံမှ ၂၇ ဦး၊ အီဂျစ်မှ လေးဦး၊ ဘရာဇီးမှ ၂၄ ဦး၊ အင်ဒိုနီးရှားမှ ကိုးဦး၊ ဂါနာမှ ကိုးဦး၊ တူရကီမှ ၁၁ ဦး၊ မလေးရှားမှ တစ်ဦး၊ နယ်သာလန်မှ ငါးဦး၊ မက္ကဆီကိုမှ တစ်ဦး၊ ကိုရီးယားမှ ၄၅ ဦး စုစုပေါင်း မြန်မာသဘော်သား ၁၃၆ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ညောင်လေးပင်မြို့နယ်၌ သဘာဝရေပြင်နှင့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ညောင်လေးပင် စက်တင်ဘာ ၅

ရေရှည်စဉ်ဆက်မပြတ် ငါးရိက္ခာရရှိရေးနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးများ ပြန့်ပွားကာ ငါးအထွက်နှုန်းတိုးတက်စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေးတို့အတွက် သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းနှင့် တောင်သူများသို့ ငါးမျိုးများ ဖြန့်ဝေပေးခြင်းအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ညောင်လေးပင်မြို့နယ်တွင် ယနေ့ကျင်းပခဲ့သည်။

ပေးအပ်

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သူများ၊ ရေလုပ်သားများ တက်ရောက်ကျပြီး မုက္ခမူချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၃၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြပြီး ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာရှိ တောင်သူ ၂၅ ဦးတို့၏ စပါးခင်းဧက ၃၀၀ အတွင်းသို့ ထည့်သွင်းမွေးမြူရန်အတွက် ငါးခုံးမကြီးကောင်ရေ ၁၅၀၀၀၀ ကို တောင်သူများအား လက်ဝယ်သို့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လားရှိုးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၅

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်သူရ ဦးစီးပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုလမ်းမကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ အသိပညာပေးလက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများ ပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ဇလွန်မြို့နယ်၌ ငါးသားပေါက်များ ထောက်ပံ့

ဇလွန် စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဇလွန်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ ၁၈ ဦး၏ ငါးမွေးဧက ၆၆ ဒသမ ၉၀ အတွက် ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၁၃၃၈၀၀ အား ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါပေးအပ်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြို့လှနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ရေတာရှည် စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မိုးကျော်စိုး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ မြို့လှမြို့ အမှတ် (၅) ရပ်ကွက်ရှိ ပဏ္ဍိတာရာမမြေတောင် ပရဟိတကျောင်းဝင်းအတွင်း သာသနိကအဆောက်အအုံ တည်ဆောက်လျက်ရှိသည့် မြေနေရာအား မြေသဲ ဖို့ခြင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

အကြောင်းရှာတော့ ခေါင်းမှာ ချာချာလည်

■ ကိုရင်သြ


PHOTO: Shutterstock

> ၁၉၀၀ ပြည့်နှစ်သည် ကမ္ဘာ့သမိုင်းတွင် နိုင်ငံများအချင်းချင်း ယှဉ်ပြိုင်မှု အလွန်ကြီးမားလှသော ခေတ်တစ်ခေတ်ကို ထင်ဟပ်လျက်ရှိသည်။ အရင်းရှင်နိုင်ငံကြီးများအချင်းချင်း ပြိုင်ဆိုင်မှုပြင်းထန်လာရကား ပထမကမ္ဘာစစ်ကြီး(၁၉၁၄-၁၈ ခုနှစ်) ဖြစ်ပွားခဲ့သည်။ ကမ္ဘာစစ်ကြီး ဖြစ်စေသော အကြောင်းတရားများကို ကြည့်လျှင် ကိုလိုနီနယ်မြေများ အပြိုင်အဆိုင်ရှာဖွေလာခြင်း၊ အမျိုးသားရေးဝါဒများ ပြင်းထန်လာခြင်း၊ မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းလာကြခြင်းနှင့် လက်နက် အပြိုင်အဆိုင် တပ်ဆင်လာကြခြင်းတို့ကို တွေ့မြင်နိုင်သည် ......

မျက်မှောက်ကာလ ကြုံတွေ့နေကြရသော စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမရှိပါက ကမ္ဘာ့စီးပွားရေး အခြေအနေသည် ၁၉၀၀ ပြည့်နှစ်က ရှိခဲ့သည့် အနေအထားမျိုးသို့ ဦးတည်ရောက်ရှိသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ် အကြီးအကဲဟောင်း ရောဘတ်ဇိုးလစ်က ပြင်းပြင်းထန်ထန် သတိပေးလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ သူ၏ထူးထူးခြားခြား တူးတူးခါးခါး သတိပေးချက်၏ အဓိပ္ပာယ်သက်ရောက်မှုများ မည်သို့ရှိလိမ့်မည်ဆိုခြင်းနှင့်ပတ်သက်၍ စေ့ငုလေ့လာမိလေ၏။

ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူရေး၏ အဓိကအတားအဆီးကြီးတစ်ရပ်မှာ အမေရိကန်နှင့် တရုတ်နိုင်ငံအကြား အကွဲအပြဲဖြစ်နေခြင်း ဖြစ်သည်ဟု ဇိုးလစ်က ထောက်ပြသည်။

အကြံပေးရသူ

ဇိုးလစ်သည် အမေရိကန်ပြည်ထောင်စု၏ ပြည်သူ့ရေးရာဌာနန္တရ အဆင့်မြင့်အရာရှိကြီးတစ်ဦးအဖြစ် ကာလကြာရှည် တာဝန်ထမ်းရွက်ခဲ့သူဖြစ်ပြီး အစိုးရအထက်တန်းတာဝန်ရှိသူအဖြစ် တာဝန်ထမ်းဆောင်နေချိန်အတွင်း အမေရိကန်သမ္မတ ခြောက်ဆက်တိုင်တိုင် အကြံပေးရသူအဖြစ် ထူးထူးခြားခြား တာဝန်ယူခဲ့သူဖြစ်သည်။

အမေရိကန်စီးပွားရေး ကျဆင်းနေခြင်းမှ ပြန်လည်နာလန်ထူကာ ကမ္ဘာ့စီးပွားရေးပြန်လည် ဦးမော့လာနိုင်စေမည့် နည်းလမ်းမှာ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်ရေးသာလျှင် ဖြစ်ကြောင်း ဇိုးလစ်က ဘီဘီစီသတင်းဌာန၏ “အာရှစီးပွားရေးသတင်းလွှာ” အမည်ရှိ ရုပ်မြင်သံကြားအစီအစဉ်သို့ စက်တင်ဘာ ၄ ရက်က ပြောကြားခဲ့သည်။

မိမိ၏နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးသည် ယနေ့ကာလအတွင်း “ဧောက်ထိုးမိုးမျှော်” ကျဆင်းလျက်ရှိကြောင်း၊ ယင်းမှာ ကမ္ဘာကြီးအတွက် အလွန်အမင်း ဘေးအန္တရာယ်ပေးနိုင်သော အခြေအနေတစ်ရပ်ဖြစ်ကြောင်း သူက သူ၏အမြင်ကို ဖွင့်ချသည်။

“ကမ္ဘာနှင့်ချီ လက်တွဲဆောင်ရွက်ခြင်း (ဝါ) ဂလိုဘယ်လိုက်ဖေးရှင်း” သည့် လည်းကောင်း၊ “မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာလျှင် ဦးထိပ်ပန်ဆင်ခြင်း (ဝါ) အမျိုးသားအကျိုးစီးပွားက ပထမ” မူဝါဒသည်လည်းကောင်း ကမ္ဘာကြီးအတွက် စီးပွားရေးအရ အလုပ်မဖြစ်နိုင်ပုံကို သူကထောက်ပြသည်။

ဂလိုဘယ်လိုက်ဖေးရှင်းကို ပစ်ပယ်ပြီး အမျိုးသား ကောင်းစားရေးမူဝါဒများကို ဦးစားပေးကျင့်သုံးလာကြမည်ဆိုပါက ယနေ့ကမ္ဘာကြီးသည် ၁၉၀၀ ပြည့်နှစ်က ရှိခဲ့သည့် အနေအထားသို့ ပြန်လည်ရောက်ရှိသွားလိမ့်မည်ဆို၏။

ဇိုးလစ်ဆိုလိုသော ၁၉၀၀ ပြည့်နှစ် အခြေအနေဆိုသည်ကား အင်အားကြီးနိုင်ငံများ အချင်းချင်း အကြိတ်အနယ် ယှဉ်ပြိုင်နေကြသော ခေတ်တစ်ခေတ်ကို ရည်ညွှန်းနိုင်ပေလိမ့်မည်။

“ခေတ်သစ်ကမ္ဘာ”

ဤတွင် ကမ္ဘာ့သမိုင်းပညာရှင်များ၏ “ခေတ်သစ်ကမ္ဘာ” (Modern world) ကို ကျွန်ုပ်စကေးချုံ့၍ ကြည့်လေသော် –

၁၄ ရာစုခေတ်သည် ဥရောပတိုက်၏ “ရီနေးဆန့်ခေတ်” (ဝါ) တစ်ကျော့ ခေတ်ပြန်စားလာခြင်းခေတ်ဖြစ်၏။ ရှေးဟောင်းဂရိယဉ်ကျေးမှု၊ အတွေးအခေါ်များကို ဖော်ထုတ်လိုက်စားမှုကြောင့် ၁၄ ရာစုမှ ၁၆ ရာစုတို့အတွင်း ဖြစ်တည်ခဲ့သော အနုပညာနှင့်စာပေ ပြန်လည် ထွန်းကားလာသည့်ခေတ်ဖြစ်၏။ “အလယ်ခေတ်များ” ကျော်လွှားလွန်မြောက်ခဲ့ပြီးနောက် “သိုးဆောင်းသား” (European) တို့၏ ယဉ်ကျေးမှု၊ အနုပညာ၊ နိုင်ငံရေးနှင့် စီးပွားရေးတို့အရ “ပြန်လည်မွေးဖွားခြင်း” ခေတ်ဖြစ်၏။ ၁၇ ရာစုအထိ ဥရောပ၏ ပြန်လည်နှိုးကြွမှု ဖြစ်ပေါ်ခဲ့၏။ ယင်းခေတ်အတွင်း ဂန္ထဝင်ဒဿန အတွေးအခေါ်များ၊ စာပေနှင့်အနုပညာတို့ကို ရှာဖွေဖော်ထုတ်မြှင့်တင်နိုင်ခဲ့ကြ၏။

၁၆၀၀ ပြည့်နှစ်သည်ကား အကြွင်းမဲ့အာဏာရှင်များ အင်ပါယာကြီးများချဲ့ထွင်ကာ အုပ်စိုးခဲ့ကြသည့်ကာလကို အမှတ်အသားပြုသည်။ အရှေ့အလယ်ပိုင်းဒေသတွင် “အော်တိုမန်အင်ပါယာ” ပေါ်ထွန်းလာသည်။ ယင်းမှာ တူရကီတို့ထူထောင်ခဲ့သော အင်ပါယာ ၁၆ ခုတွင် တစ်ခုအဖြစ်ပါဝင်သည်။ ၁၂၉၉ ခုနှစ်မှ ၁၉၂၃ ခုနှစ်အထိ သက်တမ်းကြာမြင့်ခဲ့သည်။ ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးအင်ပါယာ၊ သက်တမ်းအရှည်ကြာဆုံးအင်ပါယာဖြစ်သည်။ အိန္ဒိယတွင် “မဂိုအင်ပါယာ” ပေါ်ထွန်းခဲ့သည်။ ၁၆ ရာစုမှသည် ၁၉ ရာစုအထိ တောင်အာရှဒေသ၏ နယ်မြေအများအပြားသည် ယင်းအင်ပါယာအတွင်း သွတ်သွင်းခံခဲ့ရသည်။

စည်းရုံးသိမ်းသွင်း

ယနေ့ တရုတ်နိုင်ငံဟုသိရှိကြသော ရှေးဟောင်း “ပြည်ကြီးတွင်ရစ် ဂန္ဓာလရာဇ်” တိုင်းပြည်တွင် “မင်မင်းဆက်” ပေါ်ထွန်းခဲ့သည်။ မွန်ဂိုဦးဆောင်သော ယွန်မင်းဆက်ကျဆုံးခဲ့ပြီးနောက် ၁၃၆၈ ခုနှစ်မှ ၁၆၄၄ ခုနှစ်အထိ “မင်မင်းဆက်” စိုးစံသည်။ တရုတ်ရှေးဟောင်းယဉ်ကျေးမှုသည် မြစ်ဝါမြစ်ဝှမ်းဒေသမှ တရုတ်ပြည် မြောက်ပိုင်းတစ်ခွင်တွင် စတင်ပေါ်ထွန်းခဲ့သည်။ နှစ်ပေါင်း ခြောက်ထောင်ကျော်မျှ သက်ဦးဆံပိုင် ဘုရင်စနစ်ဖြင့် နိုင်ငံတော်ကို အုပ်ချုပ်လာခဲ့သည်။ မင်းဆက်ပေါင်းများစွာရှိသည့်အနက် ပထမဆုံးမင်းဆက်မှာ ဘီစီ ၂၀၀၀ ခန့်က စတင်ခဲ့သည်။ ဘီစီ ၂၂၁ ခုနှစ် “ချင်မင်းဆက်” လက်ထက်တွင် နိုင်ငံတော်ကို တစည်းတလုံးတည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

၁၈ ရာစုသည်ကား “စက်မှုတော်လှန်ရေး” စတင်ခဲ့သော ခေတ်ကာလပါပေတည်း။ နည်းပညာသစ်များဖြင့် ခေတ်သစ်ကမ္ဘာကို တည်ဆောက်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ဗြိတိသျှနှင့် ဒတ်ချ်အင်အားစုတို့က ကမ္ဘာ့တိုက်ကြီးများအထိ နယ်မြေဖြန့်ကြက်ကာ အာဏာကို တည်ဆောက်နိုင်ခဲ့ကြသည်။ အမေရိကတိုက်များနှင့် အရှေ့အိန္ဒိယကျွန်းစုတို့သို့တိုင် နယ်မြေဖြန့်ကြက်ခဲ့ကြသည်။ တခြားသော ကိုလိုနီ အရှင်သခင်ကြီးများကလည်း အလားတူပင် နယ်မြေပိုင်စိုးမှုကို တိုးချဲ့ခဲ့ကြသည်။ ယင်းနောက်တွင်မူ ကိုလိုနီနယ်မြေများက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် အသီးသီး တိုက်ပွဲဝင်ခဲ့ကြလေသည်။

၁၉၀၀ ပြည့်နှစ်သည် ကမ္ဘာ့သမိုင်းတွင် နိုင်ငံများအချင်းချင်း ယှဉ်ပြိုင်မှု အလွန်ကြီးမားလှသော ခေတ်တစ်ခေတ်ကို ထင်ဟပ်လျက်ရှိသည်။ အရင်းရှင်နိုင်ငံကြီးများ အချင်းချင်း ပြိုင်ဆိုင်မှုပြင်းထန်လာရကား ပထမကမ္ဘာစစ်ကြီး(၁၉၁၄–၁၈ ခုနှစ်) ဖြစ်ပွားခဲ့သည်။ ကမ္ဘာစစ်ကြီးဖြစ်စေသော အကြောင်းတရားများကိုကြည့်လျှင် ကိုလိုနီနယ်မြေများ အပြိုင်အဆိုင်ရှာဖွေလာခြင်း၊ အမျိုးသားရေးဝါဒများ ပြင်းထန်လာခြင်း၊ မဟာမိတ်စစ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့စည်းလာကြခြင်းနှင့် လက်နက်အပြိုင်အဆိုင် တပ်ဆင်လာကြခြင်းတို့ကို တွေ့မြင်နိုင်သည်။

ကြောက်ခမန်းလိလိ

ယနေ့ကာလ ကမ္ဘာ့ထိပ်သီး အင်အားကြီးနိုင်ငံများအချင်းချင်း ယှဉ်ပြိုင်မှု လွန်ကဲလာသည်နှင့်အမျှ ကမ္ဘာကြီးသည် ၁၉၀၀ ပြည့်နှစ် အခြေအနေသို့ ပြန်လည်ဦးတည်နိုင်ခြင်းမှာ ကျွန်ုပ်တို့ ကမ္ဘာသားများအားလုံးအတွက် ကြက်သီးမွေးညင်း ထရလောက်အောင်ပင် ကြောက်ခမန်းလိလိ မှတ်သားမိစရာဖြစ်ရ၏။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလ (၂၀၀၇–၂၀၁၂) အတွင်း ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသူ ဇိုးလစ်သည် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် လည်းကောင်း၊ ကမ္ဘာ့အစိုးရအဖွဲ့များနှင့် လည်းကောင်း ယင်းအကျပ်အတည်းကိုဖြေရှင်းနိုင်ရန် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့သူဖြစ်ပေရာ သူ၏ သတိပေးချက်မှာ ပေါ့ပေါ့တန်တန် မဟုတ်လှချေ။

ဤတွင် ဇိုးလစ် မည်သူမည်ဝါဖြစ်သနည်းဟု ကျွန်ုပ် စေ့ငုမိပြန်၏။

ရောဘတ်ဘရုဇ်ဇိုးလစ်ဟု အမည်နာမအပြည့်အစုံရှိသော ပုဂ္ဂိုလ်ဟူသည်ကား ဂျာမန်နွယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ပြီးလျှင် သူသည် ကမ္ဘာ့ဘဏ်၏ ၁၁ ဦးမြောက် ဥက္ကဋ္ဌအဖြစ် ၂၀၀၇ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်အထိ ငါးနှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူပါပေတည်း။

ဇိုးလစ်သည် ချီကာဂိုမြို့အနီး နာပါဗီးလ်မြို့တွင် ကြီးပြင်းခဲ့သည်။ သမိုင်း ဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့၊ ဥပဒေဘွဲ့၊ ပြည်သူ့ရေးရာမူဝါဒ မဟာဘွဲ့တို့ကို အထင်ကရ တက္ကသိုလ်ကြီးများမှ ဆွတ်ခူးရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ရီပတ်ဘလီကန် သမ္မတ သုံးဦး အဆက်ဆက်လက်ထက်တွင် အစိုးရအဖွဲ့အစည်း၌ အလုပ်လုပ်ကိုင်ခဲ့သည်။ သမ္မတရော်နယ်ရီဂင်၏လက်ထက်တွင် ဘဏ္ဍာရေးဌာန၏ ဒုတိယလက်ထောက်ဝန်ကြီးအဖြစ် ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

အမေရိကန်အိမ်ဖြူတော်၏ ဒုတိယအတွင်းဝန်ချုပ် တာဝန်နှင့် သမ္မတ၏ လက်ထောက်တာဝန်တို့တွင် (၁၉၉၂–၉၃ ခုနှစ်)ထမ်းဆောင်ခြင်းမရှိမီ သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ် အစိုးရအဖွဲ့တွင် ၁၉၈၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ပညာရှင်တစ်ဦးအဖြစ်

ဂျာမနီနှစ်နိုင်ငံ ပေါင်းစည်းရေးဆွေးနွေးပွဲများတွင် အမေရိကန်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန်ရေတပ် အကယ်ဒမီနှင့် ကနေဒီ အုပ်ချုပ်မှုပညာသင်ကောလိပ်တို့တွင်လည်း ပညာရှင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ရပ်တည်ခဲ့ပြီး ဘုရှ် အာဏာရရှိချိန်တွင် အစိုးရအဖွဲ့အစည်း၌ အလုပ်လုပ်ကိုင်ခဲ့သည်။

ဇိုးလစ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖြစ် တာဝန်ယူချိန်တွင် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများနှင့် အမေရိကန် ပြည်ထောင်စု အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ် အများအပြား ချုပ်ဆိုနိုင်စေရန် ညှိနှိုင်းရေးမှူးတစ်ဦးအဖြစ် ကျေပွန်ခဲ့သည်။

ဇိုးလစ်၏ စေ့စပ်ဆွေးနွေးပေးမှုများမှာ အရာထင်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)သို့ တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ) တို့ဝင်ရောက်လာနိုင်စေရန် စွမ်းဆောင်နိုင်ခဲ့သည်။

သူ၏ ကြိုးပမ်းချက်အရ ၂၀၀၂ ခုနှစ် ကုန်သွယ်ရေးအက်ဥပဒေကို ကွန်ဂရက်လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့သည်။

၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရာတွင် အထူးအားဖြင့် တရုတ်နိုင်ငံနှင့် ဆူဒန်နိုင်ငံတို့နှင့်ပတ်သက်နေသော ကိစ္စအဝဝများနှင့် ပတ်သက်၍ ထူးထူးခြားခြား ကိုင်တွယ်နိုင်စွမ်းကို ပြသနိုင်ခဲ့သည်။

၂၀၀၆ ခုနှစ် ဇွန်လတွင် အစိုးရတာဝန်မှ အနားယူခဲ့ပြီးနောက် ရင်းနှီးမြှုပ်နှံရေးဘဏ်ဖြစ်သော Goldman Sachs ဘဏ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အဆိုပါဘဏ်ကြီးသည် နိုင်ငံတကာတွင် ဖြန့်ကြက်လုပ်ကိုင်နေသော ဘဏ်ကြီးဖြစ်သည်။

၂၀၀၇ ခုနှစ် မေလ ၃၀ ရက်တွင် သမ္မတဘုရှ်က ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် ဇိုးလစ်အား အမည်စာရင်းတင်သွင်းခဲ့သည်။ ကမ္ဘာ့ဘဏ် ဘုတ်အဖွဲ့သည် ယင်းနှစ် ဇွန်လ ၂၅ ရက်တွင် ဇိုးလစ်အား ဥက္ကဋ္ဌအဖြစ် အတည်ပြုပေးခဲ့သည်။

သုခမိန်အကြံပေးပုဂ္ဂိုလ်ကြီး

သမ္မတအဆက်ဆက် သမ္မတ၏ သုခမိန်အကြံပေးပုဂ္ဂိုလ်ကြီးအဖြစ် ဦးဆွေးဆံမြည့် အမှုတော်ထမ်းရွက်ခဲ့သော ဇိုးလစ်သည် ယနေ့ခေတ်ကာလတွင် ဖြစ်ပေါ်နေသော ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှုပြဿနာနှင့်ပတ်သက်၍ အဖြေရှာနေသူတစ်ဦးအဖြစ် ကျွန်ုပ်သတိမူ မိ၏။

ဇိုးလစ်သည် အမေရိကန်ပြည်ထောင်စု၏ လက်ရှိသမ္မတကြီး ဒေါ်နယ်ထရမ့်အား အားမလိုအားမရဖြစ်နေပုံကို ဘီဘီစီသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ရင်ဖွင့်ခဲ့သည်။

“ကျုပ်ကတော့ ဒေါ်နယ်ထရမ့်ကို အစကတည်းက ဆန့်ကျင်ခဲ့သူပါ။ သူ့ရဲ့ မူဝါဒရပ်တည်ချက်ကို ကျုပ်မနှစ်မြို့သလို သူ့ရဲ့ ဝိသေသ လက္ခဏာတွေမှာ အားနည်းချက်တွေရှိတယ်လို့ ကျုပ်ယူဆတယ်။”

သမ္မတထရမ့်သည် အမေရိကန်ပြည်ထောင်စု၏ ပင်မဏ္ဍိုင်အဖွဲ့ အစည်းကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် တွေ့ထိဆက်ဆံပုံအရ မိမိစိုးရိမ် ပူပန်မှုများရှိရသည်ဟု ဇိုးလစ်ကဆိုသည်။ ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်နေချိန်တွင် ရောဂါထိန်းချုပ်ရေး သမ္မတ၏ ကိုင်တွယ် ဆောင်ရွက်ပုံနှင့်ပတ်သက်၍လည်း မေးခွန်းထုတ်စရာကောင်းသည်ဟု ဇိုးလစ်က ညည်းတွားသည်။

စိုးရိမ်ပူပန်ခြင်းကြီးစွာ

အာရှဒေသတွင် တရုတ်နိုင်ငံက တန်ခိုးအာဏာလွှမ်းမိုးမည့် လက္ခဏာများ ပြသနေချိန်တွင် သမ္မတထရမ့်က အမေရိကန်၏မဟာမိတ်နိုင်ငံများအပေါ် သံသယစိတ်ဝင်ခြင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ ကျင့်သုံးခြင်းတို့ ပြုလုပ်နေခြင်းကြောင့် အာရှဒေသရှိ မိမိတို့၏ မဟာမိတ်နိုင်ငံများ စိုးရိမ်ပူပန်ခြင်းကြီးစွာ ဖြစ်ပေါ်ရသည်ဟု ယူဆမိကြောင်း ဇိုးလစ်က ဘီဘီစီသို့ ပြောကြားခဲ့သည်။

ဇိုးလစ်ရေးသားပြုစုသော စာအုပ်သစ်တစ်အုပ် ဖြစ်သည့် “America in the World: A History of US Diplomacy and Foreign Policy” အမည်ရှိ စာအုပ်တွင် ကမ္ဘာ့စီးပွားရေး ကျဆင်းလာမှုပြဿနာကို အဖြေရှာနိုင်ရန် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား တင်းမာမှုလျှော့ချကာ စီးပွားရေးအရ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံကိုတင်ပြထားသည်ဟု ဘီဘီစီ သတင်းဌာန၏ ဖော်ပြချက်ကို ကျွန်ုပ်အလေးမူမိရင်း “အကြောင်းရှာတော့ ခေါင်းမှာ ချာချာလည်”ဟု ကျူးရင့်မိပါသတည်း။ ။

Ref: Ex–World Bank head Robert Zoellick: ‘The world could look like 1900 again’ –– BBC

Sputnik V ကာကွယ်ဆေးသည် ထိရောက်မှုရှိပြီး ဘေးဥပဒ်မဖြစ်ကြောင်း ရုရှားသုတေသီများ အတည်ပြု

မော်စကို စက်တင်ဘာ ၅
ရုရှားသုတေသီများက ၎င်းတို့ စမ်းသပ်ထုတ်လုပ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အကျိုးသက်ရောက်မှုရှိပြီး မည်သည့် ကျန်းမာရေးဘေးဥပဒ်ကိုမျှ ခံစားရခြင်းမရှိကြောင်း ယနေ့ ထပ်မံအတည်ပြု ပြောကြားခဲ့သည်။

ရုရှားသုတေသီများက Sputnik V ဟု အမည်ပေးထားသော အဆိုပါကာကွယ်ဆေးကို ဆေးဘက်ဆိုင်ရာ ကနဦးစမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ရလဒ်ထွက်ပေါ်မှုများကို စက်တင်ဘာ ၃ ရက်ထုတ် ဗြိတိန်ဆေးပညာဂျာနယ်၌ ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရသည်။

Sputnik V ကာကွယ်ဆေးကို ကနဦးစမ်းသပ်မှုများလုပ်ဆောင်ရာတွင် အသက် ၁၈ နှစ်မှ ၆၀ အရွယ် ပြည်သူများပါဝင်ခဲ့သည်။ ကာကွယ်ဆေးထိုးပြီးနောက် စမ်းသပ်ခံပြည်သူများ၏ ခုခံအားစနစ် တိုးတက်လာသည်ကို တွေ့ရှိရကြောင်းနှင့် ဘေးအန္တရာယ်ကင်းစေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဂျာနယ်တွင် ဖော်ပြထားသည်။

ကာကွယ်ဆေးမထိုးသော လူနာများသည် ရောဂါလက္ခဏာပြင်းထန်စွာ ခံစားနေရချိန်တွင် ကာကွယ်ဆေးထိုးပြီးသည့် လူနာများသည် ၄၂ ရက်အတွင်း ဖျားနာခြင်း သို့မဟုတ် ခေါင်းမူးခြင်း စသည့် ရောဂါလက္ခဏာ အနည်းငယ်သာ ခံစားရကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကာကွယ်ဆေးဒုတိယအကြိမ်ထိုးပြီးသည့် လူနာ ၄၀ ခန့်သည် အားပျော့သော ရောဂါလက္ခဏာများကိုသာ ခံစားရသည့်အပြင် ၎င်းတို့၏ ကိုယ်ခန္ဓာမှ ဗိုင်းရပ်စ်ပိုးကို ခုခံနိုင်သည့် ပဋိဇီဝဆေးတစ်မျိုးကို ထုတ်လုပ်ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဂျာနယ်၌ ရေးသားထားသည်။

ကာကွယ်ဆေးထိုးထားသော လူနာများသည် ကာကွယ်ဆေးထိုးထားခြင်းမရှိသော လူနာများနှင့် ရောဂါကင်းစင်သွားသော လူနာများထက် ခုခံအားစနစ် ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရသည်ဟု သုတေသီများက ဆိုသည်။

Sputnik V ကာကွယ်ဆေးကို ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုအဆင့် ၃ ၏ နောက်ဆုံးရလဒ်ထွက်ပေါ်မှုကို စောင့်ဆိုင်းခြင်းမရှိဘဲ ရုရှားအစိုးရက ဩဂုတ်လတွင် တရားဝင် အတည်ပြုခဲ့သည်။ နိုဝင်ဘာလအတွင်း ကာကွယ်ဆေးအများအပြားထုတ်လုပ်နိုင်ရန် ကျန်းမာရေးအာဏာပိုင်များက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၄၃၂ တွေ့ရှိ၊ ရောဂါ ကူးစက်ခံရသူပေါင်း လေးသန်းကျော်ရှိလာ

နယူးဒေလီ စက်တင်ဘာ ၅
အိန္ဒိယနိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၄၃၂ ဦး တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၂၃၁၇၉ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၁၀၈၉ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၉၅၆၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

သို့သော် အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၃၁၀၇၂၂၃ ဦးကို အောင်မြင်စွာ ဆေးဝါးကုသပေးခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ရာ လတ်တလောတွင် လူနာ ၈၄၆၃၉၅ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ အိန္ဒိယအစိုးရက မကြာသေးမီ သီတင်းပတ်များမှစ၍ ကိုဗစ်-၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်လာခြင်းသည် နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှတ်တရက် မြင့်တက်လာခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အိန္ဒိယအစိုးရသည် ယမန်နေ့တစ်ရက်အတွင်း လူဦးရေ ၁၀၅၉၃၄၆ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ လူဦးရေ ၄၇၇၃၈၄၉၁ ဦးတို့၏ နမူနာကို စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ အချက်အလက်အရ သိရသည်။

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့် ခုနစ်လခန့်က ကိုဗစ်-၁၉ ရောဂါနှင့် စတင်ရင်ဆိုင်ကြုံတွေ့ခဲ့ပြီးနောက် အသွားအလာကန့်သတ်မှု ဖြေလျှော့ရေး အဆင့်လေးသို့ ရောက်ရှိနေပြီဖြစ်သော်လည်း စာသင်ကျောင်းများနှင့် ပညာရေး ဆိုင်ရာကျောင်းများအားလုံးကို ပိတ်ထားဆဲဖြစ်သည်။ သို့သော် စားသောက်ဆိုင်များနှင့် ဘီယာဆိုင်များကို စက်တင်ဘာ ၉ ရက်မှစ၍ ပြန်ဖွင့်ရန်စီစဉ်ထားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

အီရန်နိုင်ငံအနောက်ပိုင်း၌ ကလိုရင်းဓာတ်ငွေ့သယ်ယာဉ် ပေါက်ကွဲ ၂၁၇ ဦး ဒဏ်ရာရ

တီဟီရန် စက်တင်ဘာ ၅
အီရန်နိုင်ငံအနောက်ပိုင်းရှိ အယ်လ်လမ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ကလိုရင်းဓာတ်ငွေ့များ သယ်ယူသည့်နောက်တွဲယာဉ်မှ ဓာတ်ငွေ့ဆလင်ဒါ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၁၇ ဦးထက်မနည်း ဒဏ်ရာရခဲ့ကြောင်း အီရန်ကျောင်းသားသတင်းဌာန(အိုင်အက်စ်အန်အေ)က ယနေ့တွင် သတင်းဖော်ပြသည်။

အီရန်နိုင်ငံမှ အီရတ်နိုင်ငံသို့ပို့ဆောင်မည့် ကလိုရင်းဓာတ်ငွေ့များ သယ်ဆောင်လာသည့် နောက်တွဲယာဉ် တစ်စီးသည် ဇန်နရီဟာအိုလီကျေးရွာတွင် ယမန်နေ့ညက ရပ်တန့်ထားစဉ် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဓာတ်ငွေ့တင်နောက်တွဲယာဉ်မောင်းအား ဖမ်းဆီးခဲ့ပြီး အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း အယ်လမ်ပြည်နယ် အစိုးရရှေ့နေချုပ်က ပြောကြားသည်။

ဓာတ်ငွေ့ဆလင်ဒါပေါက်ကွဲမှုကြောင့် လေထုအတွင်းသို့ ပျံ့နှံ့သွားသည့် ကလိုရင်းဓာတ်ငွေ့များကို ရှူရှိုက်မိပြီး လူအများ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ဒါရာလီယာရီက မီဝမ် သတင်းဌာနသို့ ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂၆၈၄၁၃၀၉ ဦး

သေဆုံးသူ ၈၇၉၈၆၆ ဦး

ပြန်လည်ကျန်းမာလာသူ ၁၈၉၆၄၈၁၂ ဦး

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘာသာရေးအဆောက်အအုံ၌ လေအေးပေးစက်များ ပေါက်ကွဲမှုဖြစ်ပွားရာ ၁၂ ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

ဒါကာ စက်တင်ဘာ ၅
ဒါကာမြို့တော်မှ ကီလိုမီတာ ၂၀ ခန့်အကွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအလယ်ပိုင်း နာရာရန်ဂါနီခရိုင်ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ယမန်နေ့ညပိုင်းက လေအေးပေးစက်များ ပေါက်ကွဲခဲ့ရာ ကလေးငယ်တစ်ဦးအပါအဝင် ဝတ်ပြုသူ ၁၂ ဦး သေဆုံးခဲ့ပြီး အများအပြား မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားလိုက်သည်။

"ကိုယ်ခန္ဓာမှာ မီးလောင်ဒဏ်ရာရရှိခဲ့တဲ့သူတွေကို ဆေးရုံတင်ခဲ့ပြီး ယနေ့နံနက်ပိုင်းက လူ ၁၂ ဦး ကွယ်လွန်ခဲ့ပါတယ်"ဟု ဒါကာမြို့တော်ရှိ ရှိတ်ခ်ဟာစီနာ မီးလောင်ဒဏ်ရာနှင့် ပလတ်စတစ်ကုသရေးဌာနမှ ညွှန်ကြားရေးမှူး လယ်လ်ဆန်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ယမန်နေ့ညပိုင်းက ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ၎င်းက ဆိုသည်။ ဒဏ်ရာရရှိသူအများစုက မီးလောင်ဒဏ်ရာ ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိ ရရှိခဲ့ပြီး ၂၅ ဦး၏အခြေအနေမှာ စိုးရိမ်ရသည်။ ယမန်နေ့ ဒေသစံတော်ချိန် ၉ နာရီဝန်းကျင်တွင် ဝတ်ပြုသူများက ဝတ်ပြုပြီးနောက် ဘာသာရေးအဆောက်အအုံမှ ထွက်ခွာတော့မည့်အချိန်တွင် ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခဲ့သည်ဟု မီးသတ်ဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သုံးထပ် ဘာသာရေး အဆောက်အအုံ၌ ဝတ်ပြုသူ ၁၀၀ ဝန်းကျင် ရှိနေချိန် မြေညီထပ်ရှိ လေအေးပေးစက်ရှစ်လုံး ပေါက်ကွဲ၍ မီးလောင်ခဲ့ခြင်းဖြစ်သည်။ ကြီးမားသော ပေါက်ကွဲမှုကြောင့် ဘာသာရေးအဆောက်အအုံမှ မှန်ကွဲစများ လမ်းမပေါ်ရောက်ရှိကာ မျက်နှာကြက်ပန်ကာများ၊ ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ခလုတ်များ မီးလောင်ကျွမ်းခဲ့ကြောင်း ဖာတူလာ ရဲစခန်းမှ ရဲအရာရှိ ရှာဖီကူအစ္စလာမ်က ပြောသည်။ မီးသတ်သမားများက မီးတောက်များ ထိန်းနိုင်ခဲ့ပြီး နာရီဝက်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု ဒါကာမြို့တော်ရှိ မီးသတ်ဌာနချုပ်မှ တာဝန်ရှိသူ ကမ်ရူအက်ဆန်က ပြောသည်။

ဘင်္ဂလားဒေ့ရှ် မီးသတ်နှင့် ပြည်သူ့ကာကွယ်ရေးဌာနက အခင်းဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ခု ဖွဲ့စည်းခဲ့သည်။ **ကိုးကား - ဆင်ဟွာ**
ဘာသာပြန် - ကျော်ထိုက်စိုး

ဗြိတိန်နိုင်ငံရှိ သတင်းစာများ၏ ဖြန့်ချိရေးလုပ်ငန်းများအား ရာသီဥတုပြောင်းလဲရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများက ဟန့်တားမှုများပြုလုပ်

လန်ဒန် စက်တင်ဘာ ၅

ဗြိတိန်နိုင်ငံရှိ နာမည်ကြီးပုံနှိပ်သတင်းစာတိုက်များ၏ သတင်းစာဖြန့်ချိရေးလုပ်ငန်းများကို ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ဆန္ဒဖော်ထုတ်သူများက နှောင့်ယှက်ခဲ့သဖြင့် သတင်းစာဖြန့်ချိရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ကြောင်း သိရသည်။

လန်ဒန်မြောက်ပိုင်းနှင့် လီဗာပူးမြို့အနီးအနားတွင်တည်ရှိသော သည်တိုင်းမ်၊ သည်ဒေးလီးတယ်လီဂရပ်ဖ်နှင့် သည်ဆန်းသတင်းစာများ၏ ပုံနှိပ်စက်ရုံများကို ဆန္ဒဖော်ထုတ်သူများက မော်တော်ယာဉ်များအသုံးပြုပြီးလမ်းများပိတ်ဆို့ခြင်းနှင့် အခြားအတားအဆီးများကို လမ်းများပေါ်တွင်ထားရှိခဲ့ခြင်းကြောင့် ၎င်းသတင်းစာများ၏ ဖြန့်ချိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။ ၎င်းသတင်းစာများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖော်ပြရာတွင် တိကျမှန်ကန်စွာဖော်ပြခြင်း မရှိသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ်သူများက ပြောကြားသည်။ မီဒီယာလုပ်ငန်းရှင် ရူပတ်မာဒေါ့ခ်စ်မိသားစုပိုင် နယူးစ်ကော်ပိုရေးရှင်းမှ ထုတ်ဝေသော သတင်းစာများကို ဆန္ဒဖော်ထုတ်သူများက ဦးတည်ချက်ထားပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသတင်းစာများကို ပုံနှိပ်ထုတ်ဝေသော ကုမ္ပဏီများက သတင်းစာဖြန့်ချိရေးလုပ်ငန်းများနှောင့်နှေးကြန့်ကြာခဲ့ရသည့်အတွက် သတင်းစာဖတ်ပရိသတ်များအား တောင်းပန်ခဲ့သည်။

“နိုင်ငံသားတွေရဲ့ သတင်းအရင်းအမြစ်ဆိုင်ရာအခွင့်အရေးကို ဒီလိုနှောင့်ယှက်ခဲ့တဲ့ကိစ္စဟာ လက်မခံနိုင်စရာဖြစ်ပါတယ်။ လွတ်လပ်တဲ့သတင်းစာတစ်စောင်အနေနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအပါအဝင် နိုင်ငံရဲ့အရေးကြီးတဲ့ကိစ္စတွေကို အချိန်နဲ့တစ်ပြေးညီ ဖော်ပြနိုင်ဖို့ အရေးကြီးပါတယ်”ဟု ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ

၂၀၂၁ ခုနှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ဂျီနီဗာ စက်တင်ဘာ ၅

ကမ္ဘာပေါ်တွင် ၂၀၂၁ ခုနှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးသိပ္ပံပညာဆိုင်ရာအကြီးအကဲ ဆွန်ရာဆွာနီသန်က ပြောကြားရာတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ပြီးပါက ဆေးဖြန့်ဖြူးရေးကို နိုင်ငံတကာကကျင့်သုံးနေသော လုပ်ငန်းမူဘောင်နှင့်အညီ ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံအများအပြားတွင် လက်ရှိစမ်းသပ်ထုတ်လုပ်နေသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများရှိနေပြီး အချို့မှာ လက်တွေ့စမ်းသပ်မှုအဆင့်(၃)သို့ ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါဆေးများ၏ စမ်းသပ်ချက်ဆိုင်ရာရလဒ်များကို ယခုနှစ်ကုန်(သို့မဟုတ်) ၂၀၂၁ ခုနှစ်အစောပိုင်းတွင် ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဘရုစ်အေဝတ်ကပြောကြားရာတွင် အချို့ဆေးဝါးများသည် တိုးတက်မှုများရှိသော်လည်း အချို့ဆေးဝါးများမှာ ရောဂါကို ထိထိရောက်ရောက်ကာကွယ်နိုင်ရေးအတွက် အတည်ပြုရန်လိုအပ်ကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၂၈ ဦး တွေ့ရှိပြီး ၁၀၈ ဦး သေဆုံး

ဂျကာတာ စက်တင်ဘာ ၅

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၂၈ ဦး စမ်းသပ်တွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၀၆၆၅ ဦး ရှိလာသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၀၈ ဦး သေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၉၄၀ ရှိလာခဲ့ကြောင်း သိရသည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၂၂၂၀ သည် တစ်ရက်အတွင်း ရောဂါမှပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ဆင်းခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၃၆၄၀၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၈၇၇ ဦး၊ အရှေ့ဂျာဗား၌ ၃၂၆ ဦး၊ အလယ်ဂျာဗား၌ ၂၅၈ ဦး၊ အနောက်ဂျာဗား၌ ၂၂၈ ဦးနှင့် ရီအော၌ ၁၇၈ ဦး စသည်ဖြင့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီး ကူးစက်ခံခဲ့ရကြောင်း သိရသည်။

သို့သော် ဂျမ်ဘီ၊ ဘန်ကာဘယ်လီတုန်၊ အလယ်ကာလီမန်တန်နှင့် မြောက်မာလူကူ စသည့်ပြည်နယ်နှင့် ဒေသလေးခုတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ် ကူးစက်မှုမရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ

အမေရိကန်၏ အလုပ်လက်မဲ့ဦးရေ လေးလဆက်တိုက် လျော့ကျလာ

ဝါရှင်တန် စက်တင်ဘာ ၅

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ဩဂုတ်လအတွင်း အမေရိကန်နိုင်ငံအတွင်း၌ အလုပ်လက်မဲ့ဦးရေ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ကြောင်း အမေရိကန်အလုပ်သမားဌာန၏ ယမန်နေ့က ထုတ်ပြန်ချက်အရ သိရသည်။

ဧပြီလတွင် အမေရိကန်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် အလုပ်လက်မဲ့ဦးရေ ပမာဏသည် ၁၄ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ အလုပ်လက်မဲ့ ဦးရေသည် မေလအတွင်း၌ ၁၃ ဒသမ ၃ ရာခိုင်နှုန်း၊ ဇွန်လအတွင်း၌ ၁၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဇူလိုင်လအတွင်း၌ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာ ဩဂုတ်လအတွင်း အလုပ်လက်မဲ့ဦးရေသည် ဇူလိုင်လထက် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။

အဆိုပါကိန်းဂဏန်းများအရ လေးလဆက်တိုက် အလုပ်လက်မဲ့ဦးရေ သိသိသာသာ လျော့ကျလာသည်ကို တွေ့ရှိရသည်။ မွေးမြူရေးလုပ်ငန်း၊ လယ်ယာလုပ်ငန်းများမှအပ ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ချိရေးကုမ္ပဏီများ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၏ လစာပေးငွေပမာဏသည် ဇူလိုင်လနှင့် နှိုင်းယှဉ်လျှင် ဩဂုတ်လအတွင်း၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ သန်းအထိ တိုးမြှင့်လာခဲ့ကြောင်း တွေ့ရှိရသည်။

သို့သော် အမေရိကန်အစိုးရအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများ ချမှတ်ပေးခြင်းမရှိပါက အမေရိကန်လေကြောင်းကုမ္ပဏီများက ၎င်းတို့၏ဝန်ထမ်း အများအပြားအား အလုပ်မှထုတ်ပယ်ရန် စီစဉ်ထားကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

ဂျပန်နိုင်ငံ၌ တိုင်ဖုန်း ဟိုင်ရှန် မတိုက်ခတ်မီ သတိပေးချက်များ ထုတ်ပြန်ထား

တိုကျို စက်တင်ဘာ ၅

ဂျပန်နိုင်ငံ ကာဂိုရှီမာခရိုင်၌ တိုင်ဖုန်း ဟိုင်ရှန် ချဉ်းကပ်လာသည့်အတွက် ဒေသတွင်းရှိပြည်သူများအား အရေးပေါ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း မိုးလေဝသစောင့်ကြည့်ရေး အေဂျင်စီက ဆိုသည်။

ကာဂိုရှီမာခရိုင်သည် တိုင်ဖုန်း ဟိုင်ရှန် ဝင်ရောက်တိုက်ခတ်မည့် လမ်းကြောင်းအတွင်း၌ ကျရောက်နေသည့်အတွက် အဆိုပါဒေသ၌ လေပြင်းတိုက်ခတ်မှုများ၊ မြေပြိုခြင်းများ၊ လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသစောင့်ကြည့်ရေးအေဂျင်စီ မန်နေဂျာ နာကာမိုတို ယိုရှိဟီဆာက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် ဒေသတွင်းရှိပြည်သူများအနေဖြင့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အာဏာပိုင်များ၏ သတိပေးညွှန်ကြားချက်များကိုလိုက်နာရန် လိုအပ်ကြောင်း ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။ တိုင်ဖုန်း ဟိုင်ရှန်သည် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် စတင်တိုက်ခတ်နိုင်ခြေရှိပြီး တစ်နာရီလျှင် ၁၅၅ မိုင်နှုန်းဖြင့် တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်လုပ်ငန်းကော်မတီ၏ အမိန့်နှင့် ညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်သည့် KTV ၊ Night Club ၊ Bar ၊ အနှိပ်ခန်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအရ အရေးယူ

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်လျက်ရှိသည့် COVID-19 ရောဂါ ကူးစက်မှုအား ထိရောက်စွာ ထိန်းချုပ်ရန်အတွက် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်လုပ်ငန်းကော်မတီက KTV၊ Night Club ၊ Bar ၊ အနှိပ်ခန်းများ ဖွင့်လှစ်လုပ်ကိုင်ခြင်း မပြုရန် ထုတ်ပြန်ထားသော်လည်း လိုက်နာခြင်းမရှိဘဲ တရားမဝင် ဖွင့်လှစ်လုပ်ကိုင်နေသည့် နေအိမ်၊ ဆိုင်ခန်းများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များက ရှောင်တခင်ဝင်ရောက် ရှာဖွေစစ်ဆေးခဲ့ရာ ယမန်နေ့ ညနေပိုင်းက မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု မီးသွေးဖုတ်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် ပုလဲဖြူ KTV ဆိုင်အား လည်းကောင်း၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ် (၁၃၂)ရှိ Garden Beauty & SPA အမည်ဖြင့် ဖွင့်လှစ်ထားသည့် တရားမဝင်အနှိပ်ခန်းအား လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၈)ရပ်ကွက်၊ အမှတ် (၁၀၀၉)ရှိ Bar Dandy KTV ဆိုင်အား လည်းကောင်း အသီးသီးဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာ ပုလဲဖြူ KTV ဆိုင်မှ မန်နေဂျာ မယုယုမွန်၊ ဆိုင်ဝန်ထမ်း ငါးဦးနှင့် သီချင်းလာရောက်သီဆိုသူ ဧည့်သည် အမျိုးသား ခြောက်ဦးကို လည်းကောင်း၊ Garden Beauty & SPA အနှိပ်ခန်းမှ မန်နေဂျာ ခွန်ပြည့်ဖြိုးလွင်၊ စာရေးမ တစ်ဦး၊ အနှိပ်သည် ခြောက်ဦးနှင့် လာရောက်အနှိပ်ခံသူ ဧည့်သည်အမျိုးသား ခြောက်ဦးကို လည်းကောင်း၊ Bar Dandy KTV ဆိုင်မှ ဆိုင်ရှင် ကျော်နိုင်ဝင်း(ခ) ကျော်သူနှင့် လာရောက်သီချင်းသီဆိုသူ ဧည့်သည် အမျိုးသား နှစ်ဦးတို့ကို လည်းကောင်း အသီးသီး တွေ့ရှိသဖြင့် ၎င်းတို့အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ-၃၀(က)ဖြင့် အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖားကန့်၊ မိုးကောင်း၊ ပင်လုံနှင့် သီပေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် ဝေခါကျေးရွာနေ မရန်လု(ခ)လုမိုင်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၇၀ နှင့် ငွေကျပ် ၈၀၀၀၀၀ တို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ်၊ မိုးကောင်း-မိုးညှင်းသွား ကားလမ်း ကညင်မြိုင်ကျေးရွာ ဆိုင်းဘုတ်အနီးတွင် မိုးနိုင်မောင်းနှင်ပြီး မင်းဦး(ခ)ချစ်ပေါ၊ မခင်စန်းတင့်(ခ)နိုင်းနိုင်းနှင့် မကြွယ်စင်(ခ)သူဇာတို့လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၉၉ ကီလိုနှင့် စိတ်ကြွဆေးပြား ၅၇၀၀ တို့ကို လည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ နောင်လိုင်ကျေးရွာအုပ်စု၊ နမ့်လင်းကျေးရွာအနီး၊ ပင်လုံ-လဲချားကားလမ်းတွင် ကျော်ကျော်(ခ)အားတုံ မောင်းနှင်ပြီး ဝမ်လောင်ဂူ(ခ)ဂူတီးလိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၄၅ ဒသမ ၇၅၈ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယမန်နေ့ ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ဘော်ကြိုဈေးကျေးရွာ ဘော်ကြိုဘုရားအနီး မူဆယ်-မန္တလေး ကားလမ်းတွင် သိန်းထွန်းအောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကျော်ကျော်(ခ)အားတုံ၊ ဝမ်လောင်ဂူ(ခ)ဂူတီးတို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေး ရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၂ စီး၊ သွင်းကုန် ၄၃၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၆၀၀ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် ဘောထုပ် (1x100 kg) လေးထုပ်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ခင်ဦးမြို့နယ်၌ ဆိုင်ကယ်စီးလာသူ သုံးဦးကို တိုက်ပြီး ထွက်ပြေးသော ယာဉ်မောင်းအား ဖမ်းမိ

ခင်ဦး စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ဆိုင်ကယ်စီးလာသော အမျိုးသားသုံးဦးကိုတိုက်ပြီး ထွက်ပြေးသော မော်တော်ယာဉ်မောင်းအား ယမန်နေ့ ညပိုင်းက ဖမ်းမိခဲ့ကြောင်း ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်တင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ်၌ စက်တင်ဘာ ၃ ရက် ည ၈ နာရီခွဲခန့်က ခင်ဦးမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းတွင် ယာဉ်မောင်းကျော်နိုင်ဝင်း(ခ)ကျော်ကြီး မောင်းနှင်လာသော မော်တော်ယာဉ်နှင့် ကန့်ဘလူမြို့နယ်နေ ကျော်သက်နိုင် မောင်းနှင်လာပြီး အမျိုးသားနှစ်ဦးတို့ လိုက်ပါလာသော ဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်စီးနှင်းလာသူ သုံးဦးမှာ ရရှိသောဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ယာဉ်မောင်းအား အမြန် ဖမ်းမိစေရေးအတွက် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ကွပ်ကဲ၍ ခင်ဦးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲတပ်ဖွဲ့ဝင်များက ကြိုးစားဆောင်ရွက်ခဲ့ရာ ယမန်နေ့ ည ၈ နာရီ မိနစ် ၂၀ တွင် ယာဉ်မောင်းကျော်နိုင်ဝင်း(ခ)ကျော်ကြီး အုန်းပေါက်ရွာ ရွှေဘိုမြို့နယ်နေသူကို မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

မုဒုံမြို့နယ် အဘစ်ကျေးရွာ၌ ရေနွေးအိုးကြိုရာမှ နေအိမ်တစ်လုံးမီးလောင်

မုဒုံ စက်တင်ဘာ ၅

မွန်ပြည်နယ် မုဒုံမြို့နယ် ဆက်သွယ်ကျေးရွာအုပ်စု အဘစ်ကျေးရွာ အလယ်တံခွန်တိုင်လမ်းတွင် ယနေ့နံနက် ၃ နာရီခွဲက ရေနွေးအိုးကြိုချက်ရာမှ တစ်ဆင့် ဘေးတွင်ကာထားသော ဝါးထရံအား မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်သည့် နေအိမ်မှာ ဦးမောင်ထော်ကျော်၏ နေအိမ်ဖြစ်ပြီး မီးလောင်ရာသို့မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် သန္ဓေ ၁၀ ဦး၊ အရန်မီးသတ် ၁၅ ဦးတို့က မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့ပြီး လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးမောင်ထော်ကျော်အား မုဒုံမြို့နယ် ကမာဝက်ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

ထားဝယ်ခရိုင်ရှိ မြို့နယ်များ၌ KTV ၊ စားသောက်ဆိုင်များ ဖွင့်လှစ်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်

ထားဝယ် စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့က KTV စားသောက်ဆိုင်များကို COVID-19 ကာလအတွင်း ကူးစက်ရောဂါပြန့်ပွားမှု မရှိစေရေးအတွက် တားမြစ်ထားသည့် ဒေသန္တရ အမိန့်များအပေါ် လိုက်နာခြင်း ရှိ၊ မရှိ စိစစ်အရေးယူနိုင်ရေးအတွက် ဝင်ရောက်စစ်ဆေးခြင်းများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ရဲပြန်ကြား

ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၉-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

၆၃
ရက်သာ

လိုတော့သည်။

အထွေထွေရွေးကောက်ပွဲကို

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (စ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဆ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

ဝန်းသိုမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

ဝန်းသို စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ မဲပေးခွင့်ရရှိစေရန် မြို့နယ်ဌာနဆိုင်ရာများက မဲစာရင်းမှန်ကန်တိကျစေရေး ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ပညာရေး မှူးရုံးမှ ဦးစီးအရာရှိဦးစိုးရွှေ၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကျေးကော်မရှင်အဖွဲ့တို့သည် ဂျိုးတောင် အုပ်စု မှန်ပင်ကျေးရွာ၊ မော်နိုင်းအုပ်စု မော်နိုင်း ကျေးရွာ၊ မော်ခါးအုပ်စုမော်ခါးကျေးရွာများသို့ ကွင်းဆင်း၍ တစ်အိမ်ထောင်စုချင်းအလိုက် မဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံး စေရေး လိုက်လံပြီး ပထမအကြိမ်ကြေညာ ထားသောမဲစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင် စွာကျင်းပနိုင်ရေး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ မြို့နယ် အဆင့် ဌာနဆိုင်ရာများကလည်း ရပ်ကွက်၊ ကျေးရွာများအလိုက် တာဝန်ခွဲဝေ၍ အဖွဲ့ ၁၆ ဖွဲ့ခွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

မွေးကြူဇင်(မုံရွာကိုယ်ပွား)

ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

(၄-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၂:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ	ဆေးကုသမှုခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
1134	၆၃ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1135	၆၆ နှစ်	မ	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1136	၄၉ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1137	၁၈ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1138	၂၄ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1139	၅၇ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1140	၂၇ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
1141	၂၂ နှစ်	ကျား	မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	ရှိ (Case-588)	မရှိ	ပြည်သူ့ဆေးရုံ မြင်းခြံမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့)
*1142	၃၈ နှစ်	မ	ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ပုသိမ်မြို့နယ်)
1143	၆၀ နှစ်	မ	မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1144	၅၂ နှစ်	ကျား	မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1145	၇၆ နှစ်	ကျား	သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1146	၂၇ နှစ်	ကျား	ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
1147	၅၇ နှစ်	မ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး)
1148	၃၆ နှစ်	မ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး)
1149	၁၈ နှစ်	မ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး)
1150	၃၁ နှစ်	မ	ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး)
1151	၄၈ နှစ်	မ	ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး)
1152	၂၅ နှစ်	ကျား	ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျိုက်ထိုမြို့နယ်)
1153	၂၀ နှစ်	ကျား	ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်	မရှိ	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	စောင့်ကြည့်လူနာ (နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ အထွေထွေ ရောဂါကု ဆေးရုံကြီး)
1154	၂၂ နှစ်	မ	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်)
1155	၃၇ နှစ်	မ	ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်	မရှိ	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဇေယျာသီရိမြို့နယ်)
*1156	၄၁ နှစ်	မ	တပ်ကုန်းမြို့နယ်၊ နေပြည်တော်	မရှိ	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဇေယျာသီရိမြို့နယ်)
*1157	၄၀ နှစ်	မ	ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်	မရှိ	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဒက္ခိဏသီရိမြို့နယ်)
1158	၅၄ နှစ်	ကျား	ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်	ရှိ (Case-587)	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (လယ်ဝေးမြို့နယ်)
1159	၃၃ နှစ်	ကျား	ပျဉ်းမနားမြို့နယ်၊ နေပြည်တော်	မရှိ	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဇမ္ဗူသီရိမြို့နယ်)
1160	၃၆ နှစ်	ကျား	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	မရှိ	မရှိ	နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဇမ္ဗူသီရိမြို့နယ်)
1161	၃၃ နှစ်	ကျား	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ ပြည်သူ့ဆေးရုံကြီး)
1162	၃၃ နှစ်	ကျား	ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1163	၄၃ နှစ်	မ	ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1164	၃၇ နှစ်	ကျား	ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1165	၂၀ နှစ်	မ	ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ ပုဏ္ဏားကျွန်းမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်)
1166	၁၆ နှစ်	ကျား	ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-782)	မရှိ	ပြည်သူ့ဆေးရုံ ပုဏ္ဏားကျွန်းမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်)
1167	၃၈ နှစ်	မ	ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်	ရှိ (Case-782)	မရှိ	ပြည်သူ့ဆေးရုံ ပုဏ္ဏားကျွန်းမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်)
1168	၃၉ နှစ်	ကျား	ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့နယ်)
1169	၆၀ နှစ်	မ	ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့နယ်)
1170	၂၄ နှစ်	ကျား	ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်)
1171	၃၀ နှစ်	ကျား	ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်)
1172	၆၇ နှစ်	မ	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-864)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1173	၂၄ နှစ်	မ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-738)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1174	၅၂ နှစ်	မ	လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1175	၆၄ နှစ်	မ	မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-734)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1176	၂၄ နှစ်	မ	လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1177	၁၅ နှစ်	မ	လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1178	၂၇ နှစ်	မ	လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1179	၁၃ နှစ်	ကျား	လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1180	၅ နှစ်	မ	ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	ဝေဘာဂီ အထူးကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1181	၂၁ နှစ်	မ	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1182	၂၁ နှစ်	မ	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1183	၅၃ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1184	၁၉ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1185	၂၄ နှစ်	မ	သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1186	၂၆ နှစ်	မ	သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1187	၂၆ နှစ်	မ	တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1188	၃၀ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	ဝေဘာဂီ အထူးကုဆေးရုံကြီး	တွေ့ရှိ	စောင့်ကြည့်လူနာ (သင်္ဃန်းကျွန်း၊ စံပြ အထွေထွေရောဂါကု ဆေးရုံကြီး)
1189	၃၇ နှစ်	ကျား	စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး)
1190	၃၅ နှစ်	ကျား	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး)
1191	၄၃ နှစ်	ကျား	စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး)
1192	၂၆ နှစ်	မ	လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-1039)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး)
1193	၂၉ နှစ်	ကျား	တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-1037)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး)
1194	၄၀ နှစ်	ကျား	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1195	၂၄ နှစ်	ကျား	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1196	၄၆ နှစ်	ကျား	ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	ဝေဘာဂီ အထူးကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1197	၁ နှစ်	ကျား	ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (မိသားစု)	မရှိ	ဝေဘာဂီ အထူးကုဆေးရုံကြီး	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1198	၂၅ နှစ်	ကျား	လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-748)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)
1199	၄၃ နှစ်	ကျား	မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-862)	မရှိ	COVID-19 ကုသရေးဌာန (အောင်ကြီး)	တွေ့ရှိ	အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်)

စာမျက်နှာ ၁၇ သို့ ☆

လူမှုအသိုင်းအဝိုင်း လုံခြုံရေး

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်ပြဿနာများသည် များပြားပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ARSA အကြမ်းဖက်အဖွဲ့က စတင်တိုက်ခိုက်မှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် စိန်ခေါ်မှုများစွာရင်ဆိုင်ခဲ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် AA အဖွဲ့၏ စတင်တိုက်ခိုက်မှုများကြောင့် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်ခဲ့ရပါကြောင်း၊ ပြည်သူများလည်း များစွာ ဒုက္ခရောက်ခဲ့ကြပါကြောင်း၊ တိုက်ပွဲများဖြစ်သည့်အခါ အပြစ်မဲ့ပြည်သူများ ထိခိုက်ကြရပါကြောင်း၊ မိမိတို့ပြည်သူများကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်ရပါကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဆက်စပ်နေသည်မှာ လူမှုအသိုင်းအဝိုင်း လုံခြုံရေးဖြစ်ပါကြောင်း၊ ယင်းကိစ္စတွင် ကျန်းမာရေးလည်း ပါဝင်ပါကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေရမည်ဆိုပါက လူမှုအသိုင်းအဝိုင်းတွင် လုံခြုံမှုမရှိနိုင်သည့်အတွက် တစ်ချိန်လုံးစိုးရိမ်နေရပါကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများ ထပ်တလဲလဲ ထုတ်ပြန်သတိပေးထားပါကြောင်း။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

❍ COVID-19 ရောဂါမှ

- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၂၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၁)ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မှ ဓာတ်ခွဲနမူနာ (၃)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၆) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်မှ ဓာတ်ခွဲနမူနာ (၃၂၅) ခု

စုစုပေါင်း (၃,၁၇၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈) ဦး တွေ့ရှိကြောင်းကို (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ သို့ဖြစ်ပါ၍ (၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၁၆)ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

(၄-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးခဲ့သောဓာတ်ခွဲနမူနာ (၁,၅၃၃) ခုအနက် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅)ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြုလူနာ (ဦးရေ)
၁။	ရန်ကုန်တိုင်းဒေသကြီး	တောင်ဥက္ကလာပမြို့နယ်	၁၂
		လှိုင်သာယာမြို့နယ်	၆
		ဒဂုံမြို့နယ်	၅
		ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်	၃
		တာမွေမြို့နယ်	၂
		စမ်းချောင်းမြို့နယ်	၂
		သင်္ဃန်းကျွန်းမြို့နယ်	၂
		လှိုင်မြို့နယ်	၂
		မြောက်ဥက္ကလာပမြို့နယ်	၂
		သန်လျင်မြို့နယ်	၁
		မရမ်းကုန်းမြို့နယ်	၁
၂။	ရခိုင်ပြည်နယ်	စစ်တွေမြို့နယ်	၂
		ပုဏ္ဏားကျွန်းမြို့နယ်	၁
		မြောက်ဦး	၁
		ရသေ့တောင်	၁
၃။	ရှမ်းပြည်နယ် (တောင်ပိုင်း)	ကလောမြို့နယ်*	၁
၄။	ပဲခူးတိုင်းဒေသကြီး	ကဝမြို့နယ်	၁
	စုစုပေါင်း		၄၅

(*) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် အသွားအလာ ကန့်သတ်ထားရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက် (၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၄-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၇၅) ခု
(၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၆၃) ခု
(၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(စစ်တွေမြို့) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁၆)ခု
(၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(တောင်ငူမြို့) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂)ခု
(၄-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၅၂) ခု
(၄-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၂၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၄၅) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

☆ စာမျက်နှာ ၁၆ မှ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ	ဆေးကုသမှုခံယူနေသည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအခြေ	မှတ်ချက်
1200	၂၄ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1201	၂၆ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1202	၂၂ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1203	၃၈ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1204	၂၄ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1205	၂၉ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1206	၁၉ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1207	၂၄ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
1208	၃၅ နှစ်	မ	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ရှိ (Case-823)	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပမြို့နယ်)
*1209	၃၁ နှစ်	ကျား	ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျိုင်းတုံမြို့	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (မိုင်းယန်းမြို့နယ်)
*1210	၃၂ နှစ်	ကျား	ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျိုင်းတုံမြို့	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (မိုင်းယန်းမြို့နယ်)
1211	၁၇ နှစ်	ကျား	မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး ကျိုင်းတုံမြို့	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (မိုင်းယန်းမြို့နယ်)
1212	၂၀ နှစ်	မ	သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး သန်လျင်မြို့)
1213	၃၃ နှစ်	ကျား	ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (သာကေတမြို့ တိုက်ကီနယ်ဆေးရုံ)
1214	၂၆ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့)
1215	၃၃ နှစ်	ကျား	စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	COVID-19 ကုသရေးဌာန (ဆောင်ကြီး)	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်)
*1216	၃၀ နှစ်	ကျား	ကလောမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)	မရှိ	မရှိ	အမှတ် (၂) တပ်မတော်ဆေးရုံ ကုတင် (၅၀၀) တောင်ကြီး	တွေ့ရှိ	အသွားအလာကန့်သတ်ထားရှိသူ (ကလောမြို့နယ်)

*ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားမှုတွေ့ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၈၂ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၁၂၅၃ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၅

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၈၂ ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၁၂၅၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၂၅၃ ဦးအနက် သေဆုံးသူ ခုနစ်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၇၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၆၆ ဦးနှင့် စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၅ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၁၉ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၅-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၇၄၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၄၇) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၂၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၂) ခုနှင့်
- စုစုပေါင်း (၁,၆၉၁)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇) ဦး တွေ့ရှိရပါသည်။

၂။ (၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၂၅၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁၂)ဦး (Case – 345, 359, 420, 421, 422, 423, 424, 425, 426, 430, 431, 434) ရှိသဖြင့် စုစုပေါင်း (၃၇၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၆၆) ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၇)ဦး ရှိပါသည်။

၅။ (၄-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၅-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၁၉) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

(၅-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၆၉၁) ခုအနက် အတည်ပြုလူနာ (၃၇) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြု လူနာ (ဦးရေ)
၁	မန္တလေးတိုင်းဒေသကြီး	မြင်းခြံမြို့နယ်	၁
၂	ရန်ကုန်တိုင်းဒေသကြီး	သဃ်န်းကျွန်းမြို့နယ်	၇
		မြောက်ဥက္ကလာပမြို့နယ်	၁
		တောင်ဥက္ကလာပမြို့နယ်	၃
		ဒဂုံမြို့နယ်	၁
		ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်	၃
		မင်္ဂလာဒုံမြို့နယ်	၁
		တာမွေမြို့နယ်	၁
		စမ်းချောင်းမြို့နယ်	၂
		သာကေတမြို့နယ်	၂
		ဒေါပုံမြို့နယ်	၁
		ပုဇွန်တောင်မြို့နယ်	၁
		ပန်းပဲတန်းမြို့နယ် **	၄
၃	ရခိုင်ပြည်နယ်	စစ်တွေမြို့နယ်	၁
		ကျောက်ဖြူမြို့နယ်	၅
၄	နေပြည်တော်	ဇမ္ဗူသီရိမြို့နယ်	၁
၅	ရှမ်းပြည်နယ် (မြောက်ပိုင်း)	လားရှိုးမြို့နယ် *	၁
၆	ဧရာဝတီတိုင်းဒေသကြီး	သာပေါင်းမြို့နယ်	၁

(*) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် အသွားအလာကန့်သတ်ထားရှိပါသည်။

(**) ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ထားရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၅-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၄၅) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄၇) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၃၉) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၂၄) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇၆) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၉) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၁) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မူဆယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၇) ခု
(၅-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၃၇) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၃၇) ဦး	(၁,၂၅၃) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁၂) ဦး	(၃၇၁) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၇) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၆၆၄၃၃	၁၂၅၃

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၃၇၁	၇

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၇၆၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၆၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၅၇၅	၆
၂	ရခိုင်	၅၁၆	
၃	ပဲခူး	၄၀	၁
၄	မွန်	၂၂	
၅	မန္တလေး	၂၀	
၆	ချင်း	၁၉	
၇	နေပြည်တော်	၁၂	
၈	စစ်ကိုင်း	၁၀	
၉	ရှမ်း(တောင်)	၉	
၁၀	ကရင်	၆	
၁၁	တနင်္သာရီ	၆	
၁၂	မကွေး	၅	
၁၃	ရှမ်း(မြောက်)	၄	
၁၄	ဧရာဝတီ	၄	
၁၅	ရှမ်း(ရှေ့)	၃	
၁၆	ကချင်	၂	
စုစုပေါင်း		၁၂၅၃	၇

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန   ၅-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၆၃၉၀၂၄၀	၃၆၃၆၂၈၄	၁၉၂၁၄၆
၂။	ဘရာဇီး	၄၀၉၁၈၀၁	၃၂၇၈၂၄၃	၁၂၅၅၈၄
၃။	အိန္ဒိယ	၄၀၃၄၃၃၉	၃၁၁၂၆၆၉	၆၉၇၄၉
၄။	ရုရှား	၁၀၂၀၃၁၀	၈၃၈၁၂၆	၁၇၇၅၉
၅။	ပီရူး	၆၇၆၈၄၈	၄၉၈၅၂၃	၂၉၅၅၄
၆။	ကိုလံဘီယာ	၆၅၀၀၆၂	၄၉၈၂၂၁	၂၀၈၈၈
၇။	တောင်အာဖရိက	၆၃၅၀၇၈	၅၅၇၈၁၈	၁၄၆၇၈
၈။	မက္ကဆီကို	၆၂၃၀၉၀	၄၃၄၆၆၇	၆၆၈၅၁
၉။	စပိန်	၅၁၇၁၃၃	စိစစ်ဆဲ	၂၉၄၁၈
၁၀။	အာဂျင်တီးနား	၄၆၁၈၈၂	၃၄၀၃၈၁	၉၆၈၅

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဖိလစ်ပိုင်	၂၃၄၅၇၀	၁၆၁၆၆၈	၃၇၉၀
၂။	အင်ဒိုနီးရှား	၁၉၀၆၆၅	၁၃၆၄၀၁	၇၉၄၀
၃။	စင်ကာပူ	၅၆၉၈၂	၅၆၁၇၄	၂၇
၄။	မလေးရှား	၉၃၉၁	၉၁၁၃	၁၂၈
၅။	ထိုင်း	၃၄၃၈	၃၂၇၉	၅၈
၆။	မြန်မာ	၁၂၅၃	၃၇၁	၇
၇။	ဗီယက်နမ်	၁၀၄၉	၇၈၆	၃၅
၈။	ကမ္ဘောဒီးယား	၂၇၄	၂၇၂	၀
၉။	ဘရူနိုင်း	၁၄၅	၁၃၉	၃
၁၀။	လာအို	၂၂	၂၁	၀

ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးထောက်ခံချက်ရရှိသည့် မြန်မာသင်္ဘောသား ၁၅၀၀ ကျော်ရှိ

ရန်ကုန် စက်တင်ဘာ ၅

ပြည်ပနိုင်ငံများသို့ လုပ်စားလဲ၍ထွက်ခွာကြမည့် မြန်မာသင်္ဘောသားအလုပ်သမားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL) မှ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ဆေးထောက်ခံချက်လက်မှတ်ရရှိသည့် မြန်မာသင်္ဘောသား ၁၅၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်ထံမှ သိရသည်။

"ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးစစ်ခြင်းနဲ့ ဆေးလက်မှတ်ထုတ်ပေးခြင်းအပါအဝင် သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ကြမယ့် မြန်မာသင်္ဘောသားတွေ လုပ်စားလဲလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက် အဖွဲ့ချုပ်ကနေ တာဝန်ယူဆောင်ရွက်နေပါတယ်၊ အခုဆိုရင် ပင်လယ်ကူးသင်္ဘောအစီးရေ ၂၀ ပေါ်က သင်္ဘောသားဦးရေ ၄၀၀ ကျော် လုပ်စားလဲလုပ်ဆောင်ရွက်ဖို့အတွက် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါပြီ၊ ဒီလိုဝန်ဆောင်မှုပေးတဲ့အပေါ်မှာ အဖွဲ့ချုပ်အတွက် ရန်ပုံငွေရရှိတာမို့ ရရှိရန်ပုံငွေနဲ့ ဒေါပုံမြို့နယ်မှာ ဆောက်လက်စ ကိုယ်ပိုင်အဆောက်အအုံ ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထို့အပြင် မြန်မာသင်္ဘောသားများအပါအဝင် မိသားစုဝင်များ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိစေရန် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ လူမှုဖူလုံရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ သင်္ဘောသားအလုပ်သမားများ ပင်စင်အကျိုးခံစားခွင့်ရရှိစေရေးအတွက်ကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကာ ပြည်ပနိုင်ငံများသို့ လုပ်စားလဲ၍ထွက်ခွာကြမည့် မြန်မာသင်္ဘောသားများ အဆင်ပြေကြစေရန်အတွက် ရေကြောင်းခရီးလမ်းမှတစ်ဆင့် လုပ်စားလဲလုပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုပါ ကြိုတင်ကြံဆရှာဖွေနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ သိရသည်။

ပွင့်သစ္စာ

သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

သီပေါ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များသည် ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာနှင့် ကိုဗစ်-၁၉ ရောဂါကာလ စည်းကမ်းနှင့်အညီ မဲပေးနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်နှင့်အညီ ရွေးကောက်ပွဲကိုစံငါးချက်ဖြင့် ကျင်းပသွားမည်ဖြစ်သဖြင့် မဲရုံများကိုလည်း လုံခြုံမှုရှိရေးနှင့် အများပြည်သူသွားလာမှုလွယ်ကူသည့်နေရာများ၌ မဲရုံဖွင့်လှစ်ရေးကိစ္စရပ်များ၊ မဲစာရင်းတွင် မှတ်ပုံတင်နံပါတ်များထပ်ရှိနေမှုမရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် မဲရုံများတွင် လူစုလူဝေးမဖြစ်စေရန် အဆိုင်းများတိုးချဲ့ကာ စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က အခြေခံမဲဆန္ဒရှင်စာရင်းများ ကောက်ယူမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်/ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့၏ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ခွဲဝင်များ၏ တင်ပြချက်များအပေါ် မြို့နယ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

စိုင်း(သီပေါ)

ဝန်းသို၌ Cash For Work စီမံကိန်းဖြင့် ကျေးရွာနှစ်ရွာတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ဝန်းသို စက်တင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် CERP အစီအစဉ်အရ Cash For Work စီမံကိန်းဖြင့် မြင်သာကုန်းကျေးရွာနှင့် မော်နိုင်းကျေးရွာတို့တွင် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် စီမံကိန်းတာဝန်ခံတို့က ယမန်နေ့ နံနက်ပိုင်းတွင် အပြီးသတ် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကျေးရွာတို့တွင် Cash For Work စီမံကိန်းဖြင့် ရွာတွင်းလမ်းများ ဂျင်းမြေခင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ကွန်ကရစ်ရေမြောင်းပြုလုပ်ခြင်း၊ ကွန်းကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ကော်မတီဝင်များ နေ့စဉ်ပြုစုရမည့်စာရင်းဇယားများ၊ လစဉ်ပြုစုတင်ပြရမည့်စာရင်းဇယားများနှင့် နေ့စဉ်လုပ်အားခပေးချေမှုမှတ်တမ်းများ စသည့်စာရင်းဇယားများ ပြုစုထားရှိမှုများကို တာဝန်ရှိသူများက စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **မွှေးကြူဇင်(မုံရွာကိုယ်ပွား)**

ကျွန်းစုမြို့ရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ၌ ပိုးမွှားကျရောက်မှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေး

ကျွန်းစု စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများအတွင်း ပိုးမွှားကျရောက်မှု ရှိ-မရှိကို ယမန်နေ့ နံနက်ပိုင်းက သန္တုတ်ကျေးရွာရှိ မျိုးစေ့ထုတ်စိုက်ခင်းသို့ သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ခရိုင်ပိုးမွှားကာကွယ်ရေးတာဝန်ခံ ဦးသက်လွင်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးမင်းမင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများက သန္တုတ်ကျေးရွာရှိ တောင်သူဦးထွန်းဝေ၏ မျိုးစေ့ထုတ်စိုက်ခင်း ၃၅ ဧကအတွင်း ပိုးမွှားကျရောက်နေမှု ရှိ-မရှိ စစ်ဆေးခဲ့ပြီး မျိုးကွဲနုတ်ပယ်၊ ပေါင်းမြက်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **စည်သူရအောင်(ကျွန်းစု)**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

သန်လျင် စက်တင်ဘာ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက် ၇ နာရီက မြို့မဈေးကြီး၌ ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိုက်စိုးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက သန်လျင်မြို့မဈေးကြီးအတွင်း ဈေးရောင်းချသူများ၊ ဈေးဝယ်သူများအား ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကာ ဝတ်ဆင်စေခြင်းများနှင့် မော်တော်ယာဉ်များဖြင့် လှည့်လည်ကာ ကျန်းမာရေးအသိပညာပေးခြင်းတို့အား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

မန္တလေးမြို့ရှိ လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းတစ်သိန်း အခမဲ့ဖြန့်ဝေ

မန္တလေး စက်တင်ဘာ ၅

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များရှိ လူစည်ကားရာနေရာများ၌ Mandalay Grade Star ကုမ္ပဏီမှ စက်တင်ဘာ ၃ ရက်တွင် နှာခေါင်းစည်းတစ်သိန်း အခမဲ့ဖြန့်ဝေခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း အဆိုပါကုမ္ပဏီမှ ပရဟိတလုပ်ငန်းအဖြစ် ရောဂါကာကွယ်တားဆီးရေးတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မန္တလေးမြို့တွင် နှာခေါင်းစည်းများကို ဒုတိယအကြိမ်အဖြစ် ဖြန့်ဝေလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါကို အဓိကကာကွယ်ပေးနိုင်တာက နှာခေါင်းစည်းဝတ်ဖို့နဲ့ လက်ကို စင်ကြယ်အောင်ဆေးကြောဖို့ပေါ့။ ဒါကြောင့် ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ မန္တလေးမြို့မှာ ဒုတိယအကြိမ်အဖြစ် နှာခေါင်းစည်းတစ်သိန်းကို အခမဲ့ဖြန့်ဝေပေးဖို့ စီစဉ်တာပါ။ တတိယအကြိမ်အနေနဲ့လည်း လက်ဆေးဆပ်ပြာနဲ့ Hand Gel တွေ ဖြန့်ဝေပေးဖို့ စီစဉ်နေတဲ့အပြင် အခြားပရဟိတလုပ်ငန်းတွေနဲ့လည်း ချိတ်ဆက်လှူဒါန်းသွားဖို့ လုပ်ဆောင်သွားမှာပါ" ဟု Mandalay Grade Star ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကံဇော်လင်းက ပြောကြားသည်။

အဆိုပါနှာခေါင်းစည်းတစ်သိန်းအား ယင်းနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ ၁၉ လမ်းနှင့် ၆၆ လမ်း၊ ၂၆ လမ်းနှင့် ၇၄ လမ်းထောင့်၊ ၂၂ လမ်းနှင့် လမ်း ၈၀ ထောင့်နှင့် မန္တလေး-မတ္တရာလမ်းထောင့်တို့တွင် နှာခေါင်းစည်း ၂၀၀၀၀ စီ ဖြန့်ဝေလှူဒါန်းခဲ့ပြီး ညနေပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ တွတ်ပီကွေ့တွင် နှာခေါင်းစည်း ၂၀၀၀၀ အခမဲ့ဖြန့်ဝေလှူဒါန်းခဲ့သည်။

"ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့အတွက် အခုလို နှာခေါင်းစည်းတွေဝေငှပေးတာ အလွန်အကျိုးရှိပါတယ်။ ဒီနားက ဖြတ်သန်းသွားသူအားလုံးကို ဖြန့်ဝေပေးနေတာဖြစ်လို့ ရကြသူတွေအားလုံး ပျော်နေတာတွေ့ရပါတယ်။ ကျွန်တော်က ဆိုင်ကယ်နဲ့လာတဲ့အတွက် နှာခေါင်းစည်းသုံးခုရပါတယ်။ ကားနဲ့လာတဲ့သူတွေကို ၁၀ ခုကနေ ၁၅ ခုလောက်အထိ ပေးနေတာကိုတွေ့ရတယ်။ မြန်မာနိုင်ငံမှာ ပရဟိတလုပ်ငန်းဆောင်ရွက်နေသူတွေ များပြားလာတာတွေ့ရတဲ့အတွက် အားရကျေနပ်မိတယ်။ လှူဒါန်းသူတွေအနေနဲ့လည်း ကုသိုလ်ရကြမှာပါ" ဟု မန္တလေးမြို့မှ ကိုပြည့်စုံအောင်က ပြောကြားသည်။

မန္တလေးမြို့တွင် အဆိုပါကုမ္ပဏီမှ လာမည့် ရက်များအတွင်း နှာခေါင်းစည်းတစ်သိန်း ထပ်မံဖြန့်ဝေပေးသွားမည့်အပြင် ပုဂံ-ညောင်ဦး၊ မိတ္ထီလာ၊ တောင်ကြီး၊ လွိုင်ကော်၊ မိုးကုတ်နှင့် ပြင်ဦးလွင်မြို့များတွင်လည်း နှာခေါင်းစည်းများဆက်လက်ဖြန့်ဝေသွားရန် စီစဉ်ထားကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်

လေးမျက်နှာ စက်တင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း အဆင်ပြေစေရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းက မိမိတို့ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ရောဂါကာလတွင် ရောဂါမဖြစ်ပွားစေရေးအတွက် စည်းကမ်းရှိစွာ စနစ်တကျနေထိုင်သွားလာရေး၊ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းဖြစ်ကြောင်းပြောကြားကာ ထောက်ပံ့ပစ္စည်းများဖြစ်သည့် ဆန်ခြောက်ပြည်နှင့် ဖုန်းဘေ ၃၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)











၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ပေါင်း(၃) ... (ကျပ်သိန်းပေါင်း)

စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ: အခွန်အကောက်	နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ	အခြားသောအခကြေးရငွေ	အတိုးရငွေ	ထောက်ပံ့ငွေရငွေ	[illegible]	ပြည်ပအကူအညီ ရငွေ	ချေးငွေ: ထုတ်ချေးငွေ အကျေပြန်ဆပ်ရငွေ	ချေးငွေ: ချေးယူငွေ	အစုရှယ်ယာများ ရောင်းချရငွေ	[illegible] ရငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၈	နိုင်ငံခြားရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ			၁၀,၂၄၆.၇၂				၇၂၂.၀၀၀					၁၀,၉၆၈.၇၂
၉	သမ္မတရုံး	ဝန်ကြီး												
၁၀	နိုင်ငံတော်အတိုင်ပင်ခံရုံး	ဝန်ကြီး												
၁၁	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	ဝန်ကြီး			၂,၇၉၃.၈၀၄									၂,၇၉၃.၈၀၄
၁၂	ပြည်ထဲရေး	ဝန်ကြီး			၃၅,၂၅၃.၇၃၉			၂၅.၀၀၀	၆၅၆.၁၆၀					၃၅,၉၃၄.၈၉၉
၁၃	ကာကွယ်ရေး	ဝန်ကြီး			၅၉,၆၅၄.၇၉၁									၅၉,၆၅၄.၇၉၁
၁၄	နယ်စပ်ရေးရာ	ဝန်ကြီး			၂၉၀.၆၂၂				၄,၇၆၈.၀၀၀					၅,၀၅၈.၆၂၂
၁၅	စီမံကိန်း ဘဏ္ဍာရေးနှင့်စက်မှု	ဝန်ကြီး			၇၆,၇၈၂.၀၉၄	၆၁,၀၈၅.၁၁၃		၁,၀၀၀.၆၀၀	၁၁၂,၀၉၆.၀၇၆	၄၄၂,၀၈၈.၁၈၂	၁,၀၆၆,၁၀၈.၇၁၁			[illegible]
၁၆	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး	ဝန်ကြီး			၅,၅၀၀.၁၀၀				၄၄.၇၃၆					၅,၅၄၄.၈၃၆
၁၇	အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး	ဝန်ကြီး												
၁၈	ပြန်ကြားရေး	ဝန်ကြီး			၄၀,၅၂၄.၁၈၀			၂၀.၀၀၀	၈၁.၆၂၂					၄၀,၆၂၅.၈၀၂
၁၉	သာသနာရေးနှင့်ယဉ်ကျေးမှု	ဝန်ကြီး			၁၂,၄၀၉.၈၀၂				၇၉၀.၄၀၀					၁၃,၂၀၀.၂၀၂
၂၀	စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်း	ဝန်ကြီး			၅၅,၈၉၀.၂၂၀	၁၄,၁၈၄.၆၀၂	၂၂,၄၃၀.၅၂၀		၅၅,၈၇၇.၈၅၀	၆၅,၁၀၈.၈၅၅	၂၄,၃၄၆.၁၇၀			၂၅၄,၁၁၅.၆၆၈
၂၁	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	ဝန်ကြီး			၈၇,၅၁၀.၂၂၈				၆၅,၁၀၈.၂၅၄		၁၀၀,၃၈၄.၈၆၅			[illegible]
၂၂	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	ဝန်ကြီး			[illegible]				[illegible]			၃၀.၀၀၀		[illegible]
၂၃	လျှပ်စစ်နှင့်စွမ်းအင်	ဝန်ကြီး			၄,၆၃၁.၁၂၉	၁,၅၈၆.၅၇၆		၉.၀၀၀		၁၄,၈၈၆.၁၉၁	၁၅,၂၉၃.၈၆၈	၁,၁၉၄.၈၀၃		[illegible]
၂၄	အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား	ဝန်ကြီး			၇၉,၂၀၀.၄၃၆				၁,၁၀၆.၈၇၇		၀၅,၀၄၄.၀၆၅			[illegible]
၂၅	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	ဝန်ကြီး			၁၅,၂၉၀.၃၃၉				၁,၂၄၃၆.၁၀၆		၁,၁၁၁၅.၈၂၀	၃,၂၀.၂၀၅		[illegible]
၂၆	ပညာရေး	ဝန်ကြီး			၃၆,၉၃၃.၆၆၈		၄၀,၁၄၄.၃၇၃	၆၅၂.၀၀၀	၈၀,၁၄၈.၂၅၀		၄၁,၀၆၅.၄၅၀			[illegible]
၂၇	ကျန်းမာရေးနှင့်အားကစား	ဝန်ကြီး			၂၀,၆၅၂.၀၈၀			၁၀.၀၀၀	၂၀၆,၁၉၀.၀၀၄		၁၀၆,၄၃၅.၀၄၀			[illegible]
၂၈	ဆောက်လုပ်ရေး	ဝန်ကြီး			၆၂,၁၀၉.၆၀၃			၁၀၀.၀၀၀	၁၀၆,၄၁၁.၅၂၅		၄၇,၇၀၈.၂၆၅	၁၀,၂၀.၆၀၀		[illegible]
၂၉	လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး	ဝန်ကြီး			၆၇.၀၁၄				၁,၆၆၀.၈၄၇		၄၄,၈၆၉.၃၀၁			[illegible]
၃၀	ဟိုတယ်နှင့်ခရီးသွားလာရေး	ဝန်ကြီး			၃၀,၃၀၁.၃၁၉				၂,၂၅၁.၂၅၁					၃၂,၅၆၀.၆၆၀
၃၁	တိုင်းရင်းသားလူမျိုးများရေးရာ	ဝန်ကြီး			၇၉၄.၀၀၇				၁၈၀.၃၀၇					၈၇၄.၃၁၄
၃၂	ပင်စင်လစာငွေများနှင့်ဆုငွေများ	ဝန်ကြီး			၃,၂၀.၀၀၀									၃,၂၀.၀၀၀
၃၃	ဆုငွေများနှင့်ထောက်ပံ့ကြေးငွေများ	ဝန်ကြီး												
	ပေါင်း		၈,၆၁၃,၅၆၇.၂၆၂	၁,၄၃၄,၅၅၅.၄၄၀	၅၀၀,၃၆၂.၆၉၅	၆၇,၆၅၆.၅၂၃	၈၄,၉၄၄.၈၆၆	၁,၆၆၂.၆၀၀	၄၅၂,၆၅၀.၂၉၁	၃၅၈,၂၈၄.၁၀၈	၂,၀၄၄,၂၅၀.၄၆၀	၁၁,၅၈၆.၆၀၂		၁၃,၈၀၇,၅၅၂.၁၃၈

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ပေါင်း(၄) (ကျပ်သိန်းပေါင်း)

စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ: [illegible]	[illegible]	[illegible]	[illegible]	[illegible]	ချေးငွေ: [illegible]	ချေးငွေ: ချေးငွေများပြန်လည်ပေးဆပ်ငွေ	အစုရှယ်ယာများ ဝယ်ယူငွေ	[illegible]	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃
၁	နိုင်ငံခြားရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၂	သမ္မတရုံး	ဝန်ကြီး										
၃	နိုင်ငံတော်အတိုင်ပင်ခံရုံး	ဝန်ကြီး	[illegible]	[illegible]			[illegible]					[illegible]
၄	ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	ဝန်ကြီး	[illegible]	[illegible]			[illegible]					[illegible]
၅	ပြည်ထဲရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၆	ကာကွယ်ရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]		[illegible]		[illegible]			[illegible]
၇	နယ်စပ်ရေးရာ	ဝန်ကြီး	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၈	စီမံကိန်း ဘဏ္ဍာရေးနှင့်စက်မှု	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]
၉	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး	ဝန်ကြီး	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၁၀	အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး	ဝန်ကြီး										
၁၁	ပြန်ကြားရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၂	သာသနာရေးနှင့်ယဉ်ကျေးမှု	ဝန်ကြီး	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၁၃	စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်း	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၄	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၅	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	ဝန်ကြီး	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၁၆	လျှပ်စစ်နှင့်စွမ်းအင်	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၁၇	အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
၁၈	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]		[illegible]
၁၉	ပညာရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
၂၀	ကျန်းမာရေးနှင့်အားကစား	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]			[illegible]
၂၁	ဆောက်လုပ်ရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
၂၂	လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး	ဝန်ကြီး	[illegible]	[illegible]	[illegible]	[illegible]	[illegible]					[illegible]
၂၃	ဟိုတယ်နှင့်ခရီးသွားလာရေး	ဝန်ကြီး	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၂၄	တိုင်းရင်းသားလူမျိုးများရေးရာ	ဝန်ကြီး	[illegible]	[illegible]		[illegible]	[illegible]					[illegible]
၂၅	[illegible]	ဝန်ကြီး	[illegible]									[illegible]
၂၆	[illegible]	ဝန်ကြီး	[illegible]									[illegible]

(ဆက်လက်ဖော်ပြပါမည်)

၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့် လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့်မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

အခန်း (၇)
ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကိုတောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန် ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းများကို အောက်ပါအတိုင်းသတ်မှတ်သည် -

အမှတ်စဉ်	ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ		စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
၁	၁	၂,၀၀၀,၀၀၀	၀ ရာခိုင်နှုန်း
၂	၂,၀၀၀,၀၀၁	၅,၀၀၀,၀၀၀	၅ ရာခိုင်နှုန်း
၃	၅,၀၀၀,၀၀၁	၁၀,၀၀၀,၀၀၀	၁၀ ရာခိုင်နှုန်း
၄	၁၀,၀၀၀,၀၀၁	၂၀,၀၀၀,၀၀၀	၁၅ ရာခိုင်နှုန်း
၅	၂၀,၀၀၀,၀၀၁	၃၀,၀၀၀,၀၀၀	၂၀ ရာခိုင်နှုန်း
၆	၃၀,၀၀၀,၀၀၁နှင့်အထက်		၂၅ ရာခိုင်နှုန်း

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။

(င) အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏လစာ ခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသားမည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်း တင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

စဉ်	ဝင်ငွေ(ကျပ်)		အခွန်နှုန်း
	မှ	ထိ	
	ကျပ်	ကျပ်	
၁	၁	၁၀၀,၀၀၀,၀၀၀	၆ ရာခိုင်နှုန်း
၂	၁၀၀,၀၀၀,၀၀၁	၃၀၀,၀၀၀,၀၀၀	၁၀ ရာခိုင်နှုန်း
၃	၃၀၀,၀၀၀,၀၀၁	၃,၀၀၀,၀၀၀,၀၀၀	၂၀ ရာခိုင်နှုန်း
၄	၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက်		၃၀ ရာခိုင်နှုန်း

(ခ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေဆိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မတိုင်မီက စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေကို ဆိုသည်။

(ဂ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ အထိသာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံတကာသက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြင်ဆင်သတ်မှတ်မှုများကိုဆောင်ရွက်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

မြတ်စွန်းငွေ	ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း
(၁) ညီမျှကျပ် သန်းပေါင်း (၁၀၀,၀၀၀) အထိ	၄၀ ရာခိုင်နှုန်း
(၂) ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀) အထက်မှ(၁၅၀,၀၀၀) အထိ	၄၅ ရာခိုင်နှုန်း
(၃) ညီမျှကျပ် သန်းပေါင်း (၁၅၀,၀၀၀) အထက်	၅၀ ရာခိုင်နှုန်း

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ အသစ်ထူထောင်သော ထုတ်လုပ်မှုကိုအခြေခံသည့် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန်စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

ကြော်ငြာ၊ ပြည်တွင်းရေးရာ

မြန်မာနိုင်ငံ ... ထုတ်ဝေသည့်

(၂၀၂၁) ခုနှစ် ပြက္ခဒိန် ထွက်ရှိ

ထွက်ပြီ



... (၂၀၂၁) ခုနှစ် ပြက္ခဒိန်ကို ... ထုတ်ဝေပါသည်။ ပြက္ခဒိန်တွင် ...

- ... ကောင်းများ
- ... ကောင်းသောရက်များ
- ... ကောင်းသောရက်များ
- ... ကောင်းသောရက်များ
- ... ကောင်းသောရက်များ
- ... ကောင်းသောရက်များ
- ... ကောင်းသောရက်များ

... ဖော်ပြပါရှိပါသည်။

ဝယ်ယူရရှိနိုင်မည့်နေရာများ

- ... ဖုန်း ...
- ... (၂၂၈) ... ရန်ကုန်မြို့ ဖုန်း ၀၁ - ... ၀၁ - ...
- ...

နိုင်ငံတကာ သတင်းဂျာနယ်

ထုတ်ဝေနေပြီ

ထွက်ပြီ

Gmail - internationaljournalmm@gmail.com

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိမည်။

မိုး/ဇလ

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ... ဗိုလ်ချို (၂) ရပ်ကွက်၊ ... အမှတ်-၄၃၉/ ... -၁၀ (၁) ဘီ တွင် ... FRONTAGE INTERNATIONAL TRADING CO., LTD. (...) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

SOKANY®

စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၄/၁၃၂၈၀/၂၀၁၇

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ... SOKANY ကို ... Head set, Wireless Router, Media player, TV stick, External TV box, Memory stick, LCD/LED television, Aircon, VCD, DVD, EVD ... Blender, Kettle, Pot ... Pressure Cooker ... [illegible]

သို့ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ... [illegible] ... သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမောင်မောင်ဇေ (LL.B)

(တရားလွှတ်တော်ရှေ့နေ စဉ်-၇၂၃၁)

အမှတ်-၃၄ (ပ-ထပ်)၊ ... ရန်ကုန်တိုင်းဒေသကြီး။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်နေ (ဦးဝင်းဦး)၊ ဒေါ်တင်ညွန့်တို့၏ သားမောင်စိုးအောင်မိုး[၁၂/သလန(နိုင်)၀၈၄၄၆၁]သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ် ကိုယ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်တင်ညွန့်
(မိခင်)

ပုဂ္ဂလိက (ကော်ဖီ) စိုက်ခင်းလုပ်ငန်းရှင်များအား အသိပေးအကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သစ်တောနယ်မြေ (ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များအတွင်းရှိ ပုဂ္ဂလိက(ကော်ဖီ) စိုက်ခင်းများအနက် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုရန်ကျန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုနိုင်ရေး အောက်ဖော်ပြပါရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ပုဂ္ဂလိက (ကော်ဖီ)စိုက်ပျိုးခွင့် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

- ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ (ဖုန်း ၀၉-၂၀၀၀၄၅၂၊ ၀၂-၄၀၅၈၁၁၇)
- လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၉-၄၀၇၉၀၁၁၃၃၊ ၀၈၅-၂၀၂၅၃၀)
- ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့ ဖုန်း ၀၉-၉၇၇၄၀၄၁၇၀၊ ၀၉-၇၉၁၀၇၅၅၀၅

မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ

ယနေ့ မိုးလေဝသ

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

MNL ပွဲစဉ် (၁၄) မှ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီတို့ အားပြိုင်ပွဲ

ရန်ကုန် စက်တင်ဘာ ၅

ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြိုင်ပွဲများကို နှစ်ရက်ကန့်၊ နှစ်ရက်နားပုံစံဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၀ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို တနင်္လာနှင့် အင်္ဂါနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်းတို့၏ အားပြိုင်မှုကို တွေ့မြင်ရမည်ဖြစ်သည်။

ပွဲစဉ်(၁၄)အဖြစ် စက်တင်ဘာ ၇ ရက်တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ ပဒုမ္မာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရခိုင်အသင်း၊ စက်တင်ဘာ ၈ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမှတ်ပေးဇယားထိပ်ဆုံး နေရာတွင် ကာလရှည်ဦးဆောင်နေပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည့် ဟံသာဝတီအသင်းအတွက် ဒုတိယအကျော့ ပွဲစဉ်များက စိန်ခေါ်မှုများနှင့် ဆီးကြိုလျက်ရှိသည်။ ဒုတိယအကျော့ ပွဲများတွင် နိုင်ပွဲဆက်ခဲ့သော်လည်း Southern နှင့် အား/ကာသိပ္ပံတို့ကို ပင်နယ်တီဂိုးဖြင့်သာ အနိုင်ရခဲ့ရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့်ပွဲတွင် ဘယ်လိုပုံစံဖြင့် ပွဲထွက်လာမလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းနေသည်။ ရှမ်းယူနိုက်တက်အသင်းကလည်း ထိပ်တိုက်တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။ ချန်ပီယံဆုကာကွယ်ရေး မျှော်လင့်ချက်အတွက် ဇယားထိပ်ဆုံးမှ ဟံသာဝတီနှင့် အမှတ်ကွာဟမှုကျဉ်းမြောင်းနိုင်ရန် ယခုပွဲကို ရှမ်းယူနိုက်တက်တို့ မဖြစ်မနေ အနိုင်ကစားရန် လိုအပ်နေသည်။

ဒုတိယနေရာတွင် ရပ်တည်နေသည့် ဧရာဝတီအသင်းမှာလည်း လက်ရွေးစင်အဆင့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး နည်းပြသစ်လက်ထက်တွင် နိုင်ပွဲဆက်နေသည့် ရန်ကုန်အသင်းမှာလည်း မကွေးနှင့် တွေ့ဆုံနေသည်။ ဇယားထိပ်ပိုင်းမှ အသင်းများ၏ မျှော်လင့်ချက်ကိုယ်စီအတွက် နိုင်ပွဲရှာရမည့် ရက်သတ္တပတ်လည်းဖြစ်သည်။

ပွဲစဉ်(၁၃)အပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၃၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၂၇ မှတ်၊ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းက ၂၃ မှတ်စီ၊ ရခိုင်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊ အား/ကာသိပ္ပံနှင့် မကွေးအသင်းက ခုနစ်မှတ်စီ၊ Southern အသင်းက သုံးမှတ် ရရှိထားသည်။

ဟံသာဝတီနှင့် ရှမ်းယူနိုက်တက်အသင်း ပထမအကျော့တွေ့ဆုံခဲ့စဉ်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - စိုးညွန့်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း
ရန်ကုန်မြို့နဲ့အနီးဆုံးပင်လယ်နားက
လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ကျပြီးသား
လယ်မြေဧက(၁၀၀)ကျော် ရောင်းရန်ရှိပါသည်။
ဂျပန် JICA project ကဖောက်လုပ်မည့်
သီလဝါ မော်လမြိုင် မြဝတီကမ်းရိုးတန်းပတ်လမ်း
အနီးတွင်ရှိပါသည်။

ဖုန်း–09–5554455,09–400999455

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိသစ်တောကြိုးဝိုင်းများအတွင်း ပုဂ္ဂလိက (ကျွန်း၊ သစ်မာ၊ စက်မှုကုန်ကြမ်း၊ အခြား၊ နှစ်ရှည်)စိုက်ခင်းများ တည်ထောင်စိုက်ပျိုးသူများ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ သစ်တောကြိုးဝိုင်းများအတွင်း ပုဂ္ဂလိကစိုက်ခင်းများ [ကျွန်း၊ သစ်မာ၊ စက်မှုကုန်ကြမ်း (ဝါး၊ လျှော်ဖြူ၊ ရော်ဘာ၊ ဆီအုန်း၊ ကြံ၊ ပီလောပီနံ)၊ နှစ်ရှည်] တည်ထောင်စိုက်ပျိုးပြီး မြေငှားရမ်းခများပေးသွင်းရန် ကျန်ရှိသော လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနသို့ (၃၀–၉–၂၀၂၀)ရက် နောက်ဆုံးထားပေးသွင်းကြပါရန်နှင့် ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်ကျော်လွန်ပါက (၁)ရက်လျှင် ဒဏ်ကြေးငွေ(၅၀၀၀/–)ကျပ် ပေးဆောင်ရမည်ဖြစ်ပြီး ရက်(၃၀)အတွင်း ပေးသွင်းခြင်းမရှိပါက စာချုပ်ရုပ်စဲပြီး၊ တရားစွဲဆိုခြင်း ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်သူများအနေဖြင့် မြေငှားရမ်းခများအား သတ်မှတ်ရက်အတွင်း အမြန်ဆုံးပေးသွင်းနိုင်ပါရန် ကြိုတင်အသိပေးနှိုးဆော် အကြောင်းကြားပါသည်။

သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–စ၊ မြေကွက်အမှတ်–၆၈၆၊ မြေကွက်တည်နေရာအမှတ်–၆၈၆၊ သိင်္ဂီလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်အုံးကြည်[၁၂/ဥကမ (နိုင်)၁၃၇၄၄၃]နှင့် ဒေါ်သန်းကြည်[၁၂/ဥကမ(နိုင်)၀၈၈၂၄၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ (အစ်မ) ဒေါ်သန်းကြည်သည် (၁၅–၁၀–၂၀၁၀)ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အုံးကြည်(ခ)ဒေါ်အုန်းကြည်[၁၂/ဥကမ(နိုင်)၁၃၇၄၄၃]မှ အမွေဆက်ခံခွင့်ရှိကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ်–၁၂/၇၇၅/၁၉၊ မြေစာရင်းမှတ်ချက်ရှိ(၁၉၉၅)ခုနှစ်တွင် ဒေါ်အုန်းကြည်မှ မြေပုံကူး လျှောက်ထားခဲ့ခြင်းမှာ အဆောက်အဦဆောက်လုပ်ရန် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်သန်းကြည်၏ သေဆုံးမှုမှတ်တမ်းတွင် ဆရာဝန်လက်မှတ်ပါရှိပြီး ဆေးရုံတံဆိပ်အဝိုင်းမပါရှိခြင်းမှာ အရေးပေါ်အခြေအနေဖြင့် သေဆုံးခြင်းဖြစ်သည့်အတွက် ဆေးရုံကြီး တာဝန်ရှိသူမှ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်း တို့တင်ပြ၍ ဒေါ်အုံးကြည်ထံမှ G.P No.၂၇၂၇၁/၁၉(၇–၁၀–၁၉)ဖြင့် ရရှိသူ ဒေါ်ကြူကြူသင်း[၁၂/ဥကမ(နိုင်)၁၀၁၁၅၇]မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကြာဖြူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်– ၁၅၂ ဟုခေါ်တွင်သော (၄၀' × ၆၀')ပေရှိ ပါမစ်မြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ခင်မာရီ (TRY၀၂၃၃၈)အမည်ဖြင့် ချမှတ်ပေးပြီး အဆိုပါမြေကွက်၏ မြေရင်းတက်အခြမ်း (၂၀' × ၆၀')ပေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်လွင်လွင်နိုင် (၉/ပမန(နိုင်)၀၄၅၄၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရံငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မြင့်ဖိုး၏ **ဒေါ်စပါယ် LL.B**
လွှဲအပ်ညွှန်ကြားချက်အရ– တရားလွှတ်တော်ရှေ့နေ(စဉ်–၇၄၇၇)
အမှတ်–၁၁၇၊ တတိယထပ်၊ ၁၅၇–လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၄၂၄၇၆၁၃၇၃၊ ၀၉–၂၅၂၀၇၄၄၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ်–၉၅၈၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၉၅၈)၊ (၂၆၄၀)စတုရန်းပေ၊ ဧရိယာ(၀.၀၆၁)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်နီလာ[၁၂/လကန(နိုင်)၁၇၅၆၈၉]ထံမှ ဒေါ်ခိုင်ခိုင်သိန်း[၁၂/မရက(နိုင်) ၀၉၆၂၅၇]က အပြီးအပိုင်လက်ရောက်ဝယ်ရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအိမ်ခြံမြေဥပစာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက် အထားများဖြင့် ကျွန်ုပ်ထံ (၁၀)ရက်အတွင်း လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက ရောင်းကြေးငွေအပြေအကျေပေးချေပြီး အရောင်းအဝယ်ပြု ဂရန်အိမ်မြေဥပစာအား လက်ရောက်ရယူသွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
Daw Sandar Tun(LL.B)
Advocate of the Supreme Court
No.55,1stFL, Room–25, Mahabandoola Park Street
Kyauktada Township, Yangon. PH:09–420448599

STAR OK EXPRESS

☆☆☆☆☆

အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး မှ

ရန်ကုန် ⇌ မူဆယ်

တိုက်ရိုက်ခရီးစဉ်ကို (၄.၉.၂၀၂၀)နေ့မှ စတင်ပြေးဆွဲပေးပါမည်။

ရန်ကုန်	မူဆယ်
Ph: 09-5178883	Ph: 082-52359
09-8626055	082-52535, 082-52536
09-73026546	09-402004223, 09-262004223
အောင်မင်္ဂလာအဝေးပြေး–မကွေးလမ်း အဆောင် (က)F-9	သိန်းသန်းဆိုကားကြီးဝင်း အဆောင် (J 1/4)

■ စာပါဆယ်နှင့်လူသုံးကုန်ပစ္စည်းများကို တိကျမှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးပါသည်။ နိုးငွေး ၀၉–၅၁၇၈၈၈၃၊ ရန်ကုန်

"ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃)၊ မြေကွက်အမှတ်(၂၁/က) နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ ဧရိယာ(၁၂၀၀)စတုရန်းပေ(၂၀)×(၆၀)ဒေါ်တင်ရီအမည်ပေါက် မြေငှားဂရန်ရှိထားသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၃)ရပ်ကွက်၊(၇)လမ်း၊ အမှတ် (၁၁၆/က)၊ ပေ(၂၀)ပေ×ပေ(၆၀)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်များကို တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဒေါ်တင်ရီ(၁၂/ဥကတ (နိုင်)၀၄၇၀၆၉)မှ ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်း (၁၂/ဒဂန (နိုင်)၀၀၃၂၇၇)မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်နေ့၌ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ပြီးဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်တင်တင်လှိုင် (တရားလွှတ်တော်ရှေ့နေ)
စဉ်–၁၂၈၂၄(၂၉.၆.၂၀၁၇)
အမှတ်–၅၈(B-4)၊အဝေးရာလမ်းသွယ်၊မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၃၀၂၆၉၄၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ကွင်းအမှတ်(၇)၊ ကွင်းအမည်–အညာစု၊ ဦးပိုင်အမှတ် (၄/၁)၊ ဧရိယာ (၀.၄၄၆) ဧကရှိ မြေအမျိုးအစား –၃(ခ) ရရှိပြီးမြေကွက်သည် သန်လျင် မြေစာရင်းဦးစီးဌာနရုံးတွင် ယခုရောင်းချသူများဖြစ်သောဦးကျော်ရင် (ခ)ရဂျစ်ကူးမား [၉/မကန(နိုင်)၀၄၂၁၅၁]၊ ဦးစိုးမိုးအောင်(ခ) စိုးမိုးမင်း [၉/မကန(နိုင်)၀၆၅၆၅၈]တို့အမည်ဖြင့်တည်ရှိပြီး ၎င်းတို့မှမိမိတို့နှစ်ဦးတည်းသာတရားဝင် အမည်ပေါက်လက်ရောက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဥမ္မာဖြိုး LL.B
အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၁၆၉၈၀၊ ၀၉–၉၆၀၇၇၃၈၃၃

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်မ၏သမီး မအေးငြိမ်းဖြူ [၁၂/ရကန(နိုင်)၀၇၄၆၅၄] ကိုင်ဆောင်သူက ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်–၄၀၂၁/၂၀၁၈ ဖြင့် (၁၂–၄–၂၀၁၈) ရက်တွင် မှတ်ပုံတင်ထားပြီးဖြစ်သည်။ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်ကို အသုံးပြု၍ အလှအဆင်တန်ဆာဒီဇိုင်းအမျိုးမျိုးနှင့် ရတနာအဆင်တန်ဆာဒီဇိုင်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

MONDSELLE

အထက်ပါ MONDSELLE ကုန်အမှတ်တံဆိပ်အမည်နှင့်ပတ်သက်၍ အခြားမည်သူတစ်ဦး တစ်ယောက်မျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ သံတူကြောင်းကွဲ မြန်မာ၊ အင်္ဂလိပ်အမိပ္ပာယ်တူ၊ ဆင်တူယိုးမှားများ တုပသုံးစွဲခြင်းအပြင် မအေးငြိမ်းဖြူ ဦးစွာတီထွင်ထားသော အလှအဆင်တန်ဆာဒီဇိုင်းအမျိုးမျိုး၊ ရတနာအဆင်တန်ဆာဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း ဒီဇိုင်းပုံစံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှား၊ ပုံတူပုံမှား တုပသုံးစွဲခြင်းများ မပြုလုပ်ရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ
မအေးငြိမ်းဖြူ၏မိခင်
ဒေါ်ဖြူဖြူသွင်[၁၂/မဂတ(နိုင်)၀၀၅၃၈၂]
ဖုန်း–၀၉–၅၀၀၆၂၂၅

ကြေညာချက်

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂–ရက် ၃၀–၈–၂၀၂၀ ရက် (တနင်္ဂနွေနေ့)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁–ရက်၊ ၂၉–၈–၂၀၂၀ရက် (စနေနေ့)၌ ကျင်းပခဲ့သော ရွှေကျင်နိကာယဗဟိုဌာန အစည်းအဝေးက ဖော်ပြလတ္တံ့ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

(က) ကိုဗစ် ၁၉ ကပ်ရောဂါအခြေအနေအရ ၁၃၈၂ ခုနှစ်၊ တပို့တွဲလ (၂၀၂၁–ခုနှစ်၊ ဖေဖော်ဝါရီလ)တွင် ကျင်းပရန် သတ်မှတ်ထားသော ဇေဝီသတိမအကြိမ် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးကို (၁–နှစ်ရွှေ့ဆိုင်းပြီး) ၁၃၈၃ ခုနှစ်၊ တပို့တွဲလ (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ) ရောက်မှသာ ကျင်းပရန်။

(ခ) ၁၃၈၂–ခုနှစ်၊ နတ်တော်လ (၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ) တွင် ကျင်းပမည့် ဝီသတိမအကြိမ် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီး၏ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ စတုတ္ထအစည်းအဝေးကို ရပ်ဆိုင်းထားရန်။

သို့ပါ၍ အဆိုပါအစည်းအဝေးနှစ်ရပ်ကို ရွှေ့ဆိုင်းထားပါကြောင်း ရွှေကျင်နိကာယဝင် သံဃာတော်များအားလုံး သိရှိနိုင်ရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ
စည်ရှင်ဆရာတော်
ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက
အဘိဓဇမဟာရဋ္ဌဂုရု
ရွှေကျင်နိကာယဗဟိုဌာန၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

အများသိစေရန် ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၁၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၇၀/ခ)၊ အမှတ်(၄၇၀/ခ)တွင် (၁)ခန်းတည်း (၅)ထပ်တိုက် အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဦးခင်မောင်လွင် (GP) ဦးခင်ရွှေ၊ လိုင်စင်ရကန်ထရိုက်တာဦးထူးအောင်ညွန့် (LC–571)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ဟန်နီထွန်း (LS–1149)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ (၂၁–၁၁–၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၅၀၂/၁၅၀၁/စည်ပင်–ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့် ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၁)ခန်းတည်း (၅)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးထူးအောင်ညွန့် (LC–571)အစား လိုင်စင်ရကန်ထရိုက်တာ ဦးမြင့်ရွှေ (LC–771)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ အဆောက်အဦဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွန်ဒိုအခန်းအမြန် ရောင်းမည်

လှိုင်မြို့နယ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ ပါရမီစိန်ဂေဟာအနီး 1280 sqft, အိပ်ခန်းသုံးခန်း၊ Master Bedroom(2)ခန်း၊ ကားပါကင်၊ ဓာတ်လှေကား၊ လုံခြုံရေး၊ မီးစက်ပါရှိပြီး၊ အလှသာမြင့် မြင်ကွင်းကောင်း။

ဈေးနှုန်း–သိန်း(၁၄၈၀)ညှိနှိုင်း

ဆက်သွယ်ရန်ဖုန်း–
09–5168898,09–794930962

ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၁)သထုံ တက္ကသိုလ်ဝင်တန်း(E)မှ မောင်အောင်ပြေဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေးကျော်[၃/ဘအန(နိုင်)၃၆၅၇၈၀] ဖြစ်ပါသည်။

ဦးအောင်ထွေးကျော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၁၁ (မြကန်သာအိမ်ရာ)၊ မြေကွက်အမှတ် ၂၁၁/က+ခ … [illegible]

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန်ထရိုက်တာ ဦးခင်ဇော်အောင် (၁၂/အစန(နိုင်) ၁၃၄၄၃၁၃) သိစေရန်ကြေညာခြင်း

ဦးကျော်ဦးလွင်။(၁)ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ … [illegible]

လွှဲအပ်ညွှန်ကြားချက်အရ – ဦးအောင်မြင့် (B.Sc, H.G.P)
အထက်တန်းရှေ့နေ (စဉ်–[illegible])
အမှတ်– ၂၆၄(A-2)၊ … [illegible] ရန်ကုန်မြို့။
ဖုန်း– ၀၉– [illegible]

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော နှစ်ခန်းတွဲ RC ခြောက်ထပ်တိုက်မှ မြေညီထပ်(ခြေရင်းခန်း) ဧရိယာ(၅၀၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေး+မီးသုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးအေး [၁၄/ရကန(နိုင်)၁၁၁၃၅၄]ထံမှ ဒေါ်ခင်ခင်နွယ်+ ၁[၁၂/ဒဂန(နိုင်)၀၁၆၉၉၇]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နေ (ဦးဘသိန်း-ဒေါ်အေးစိန်)တို့၏ သမီး၊ ဒေါ်နွယ်နွယ်အောင်၊ ဒေါ်နှင်းနန္ဒာအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် (၂၀)၊ (A-3)နေ (ဦးတင်အောင်)၏ ချစ်လှစွာသောဇနီးသည် ၄-၉-၂၀၂၀ (သောကြာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်စိုးကျော် (B.Sc-Phy)

အသက် (၆၁) နှစ်

အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့နေ ဒေါ်ခင်မေကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်စိုးကျော်(အစန်း)သည် ၃-၉-၂၀၂၀ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

အေးဟန်၊ သီတာဟန်(ထ-၄၊ လှိုင်)၊ ချိုဝင်း၊ ဥမ္မာဟန်၊ Dr.ထွန်းမြတ်၊ Dr.အောင်ထက်ဦး၊ Dr.မေရတနာအောင်
၅၁ ၊ လမ်း-၂၀၊ လသာ မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား အလှူဒါယိကာမကြီး

ဒေါ်ခင်လှိုင် (မော်ကျွန်း-ဇုက္ကနိ)

အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ (၅)လမ်း အောက်၊ ကောင်းမြတ်သူအိမ်ရာ၊ တိုက်(၁၀၂-ဘီ)နေ (ဦးကြီးစိန်-ဒေါ်မြကြည်)တို့၏သမီး၊ (ဦးမောင်သင်-ဒေါ်ကျင်မြိုင်)တို့၏သမီးချွေးမ၊ ဦးခင်စိုး၏ ချစ်လှစွာသောဇနီး၊ ဦးစန်း-ဒေါ်နွဲ့တို့၏ ညီမ၊ ဦးခင်မောင်-ဒေါ်ခင်ထွေး၊ ဦးစိုး(MPT-ငြိမ်း)-ဒေါ်ခင်မမ(MEPE-ငြိမ်း)၊ ဦးမြင့်ဆွေ-ဒေါ်ရင်ရွှေ၊ (ဦးမြင့်သန်း)-ဒေါ်ချိုတို့၏ ချစ်လှစွာသောမမလေး၊ ဒေါ်စန်းမြင့်(MPT-ငြိမ်း)၊ (ဦးလှဝေ)-ဒေါ်သင်းသင်းရီ၊ ဦးလှဆွေ-ဒေါ်သန်းနွဲ့၊ ဦးဝင်းခိုင်-ဒေါ်ရီရီငြေး၊ ဒေါ်ခင်မိုးမြင့်(MPT)၊ ဦးအောင်ချို-ဒေါ်ခိုင်ယမင်းထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်ကိုးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်လှိုင်သည် ၅-၉-၂၀၂၀ ရက် နံနက် ၁၁:၅၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဗဟိုရ်စည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထင်လင်း

အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၅၀)၊ လေးလွှာနေ ဒေါ်စုလှိုင်ထွေး(အထက-၂၊ စမ်းချောင်း-ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ ကိုသံလွင်လင်းဦး-မခင်ညိုညိုငြိမ်း(U.A.E-ဒူဘိုင်းမြို့)၊ ကိုခိုင်ဇော်လင်း (တူရကီသံရုံး)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၃-၉-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှသိန်း

ဒုတိယအင်ဂျင်နီယာချုပ် (ငြိမ်း) ၊ ရေအား M.E.P.E
အသက် (၈၇)နှစ်

သူငယ်ချင်း Dr. နီနီလှ ၏ ချစ်လှစွာသော ဖခင်သည် (၄.၉. ၂၀၂၀) သောကြာနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

Class Of 1987 IM(1) ဘွဲ့ရ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရီရီသိန်း

အသက် (၈၂) နှစ်

ရန်ကုန်မြို့၊သဃ်ာန်းကျွန်းမြို့နယ်၊ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၂၀)၊ A-3 နေ ဦးတင်အောင် (အထက-၁၃၊ မန္တလေး)၏ချစ်လှစွာသောဇနီး၊ ဒေါ်နွယ်နွယ်အောင်၊ သူငယ်ချင်း ဒေါ်နှင်းနန္ဒာအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရီရီသိန်းသည် ၄-၉-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

1987 အမှတ်(၁၃) အထက မန္တလေးသူငယ်ချင်းများတစ်စု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဟန်တင် (L.L.B)

အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သမာဓိ(၄)လမ်း၊ အမှတ်(က/၂၂) နေ (ဦးထွေးဥ-ဒေါ်မြကြည်)တို့၏ သား၊ (ဦးထွန်းငွေ-ဒေါ်ဖွားသွင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရီ(အလပြ-ငြိမ်း၊ အထက-၄၊ မင်္ဂလာဒုံ)၏ ခင်ပွန်း၊ ဦးညီညီအောင်(Director, Awesome Asia Technology)-ဒေါက်တာအိဖြူဖြူဟန်(ကထိက၊ ရူပဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်)၊ ဒေါ်နှင်းလဲ့ရွှေ (Director, Hydra Jade Myanmar Co.,Ltd)၊ ဦးရဲဟန်ဇော် (တွဲဖက်မြို့နယ်တရားသူကြီး၊ ကျောက်တံခါးမြို့နယ်တရားရုံး)တို့၏ ဖခင်ကြီး၊ မဆုရတီထက်၏အဘိုးသည် ၅-၉-၂၀၂၀(စနေနေ့) နံနက် ၆:၄၅ နာရီတွင် ရွှေဂုံတိုင် S.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၂၀(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ဂူသွင်းမည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

ရတနာ
သစ်တော
ပြည့်
သွေးကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

ဦးစံတင့်

တတိယညွှန်မှူး-ငြိမ်း၊ ကကငွေ
လက်ထောက်မန်နေဂျာ (အင်းဝဘဏ်-ငြိမ်း)
အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၇)နေ (ဦးသောင်း-ဒေါ်ထွေး)တို့၏သား၊ (ဦးဘဖေ-ဒေါ်မမကြီး)တို့၏ သားသမက်၊ ဗိုလ်ကြီးကျော်လွင်(ငြိမ်း)-ဒေါ်ခင်လေးကြူ၊ ဦးမြင့်ငြေး(GE 4)-(ဒေါ်စုစုဝင်း)၊ ဒေါ်ယုယုဝင်း၊ ဗိုလ်မှူးဇော်ဝင်းထွန်း(ငြိမ်း)-ဒေါ်ဝင်းမာငြေး၊ (ဒေါ်နုနုဝင်း)၊ ဦးဝဏ္ဏမျိုး-ဒေါ်ဥမ္မာဝင်းတို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်ဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၉-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါသာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈ျ)၊ မြေကွက်အမှတ်(၃၉၆)၊ မြေကွက်တည်နေရာအမှတ်(၃၉၆)၊ မေဓာဝီလမ်း၊ (၈ျ)ရပ်ကွက်၊ ဦးလှချို[၁၂/ဥကမ(နိုင်)၀၀၅၃၇၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးလှချို(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြကွန့်မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ဒေါ်မြကွန့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ (၃၈၃၄/၂၀-၃-၂၀၁၅) ဖြင့်ရရှိသူ ဒေါ်ခင်မာတင်[၁၂/သကတ(နိုင်) ၀၉၁၉၉၀]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

facebook

အမုန်းစကားမပြောရ

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊
ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊
လိင်ပိုင်းဆိုင်ရာ ခံယူမှု၊
မသန်စွမ်းသူများ နှင့်
နာတာရှည်ရောဂါဖြင့်
ကျန်းမာရေး
ချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊
ထိခိုက်နာကျင်စေလို
သောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော
အမုန်းစကားများကို
Facebook မှ
ပယ်ဖျက်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် KNU/ KNLA (PC) ငြိမ်းချမ်းရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် KNU/ KNLA (PC) ငြိမ်းချမ်းရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၅

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် KNU/ KNLA (PC) ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် တပ်မတော်အရာရှိကြီးများ၊ KNU/ KNLA (PC) ငြိမ်းချမ်းရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ စောရင်နုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❒

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

၁။ (၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၇၇၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၆၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု၊
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်မှ ဓာတ်ခွဲနမူနာ (၃၂၅) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၇၁၀) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၃၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု၊

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

	အသစ်	ယနေ့အထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၄၅) ဦး	(၁,၂၁၆) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၀) ဦး	(၃၅၉) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၇) ဦး

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

သတင်းအချက်အလက် ညစ်ညမ်းမှုနှင့် ဖောင်းပွမှုတို့ကို သတိပြုပါ
ဆောင်းပါး စာမျက်နှာ » ၈

အကြောင်းရှာတော့ ခေါင်းမှာ ချာချာလည်
စာမျက်နှာ » ၁၁

၂၀၂၁ ခုနှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား
စာမျက်နှာ » ၁၃

ရွှေဖီမြေမှ လွယ်ဆိုင်တောင်တော်

သီပေါကိုလတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် ပန်လုံလမ်းခွဲမှ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ဖက်မြို့တော် နမ့်ဆန်မြို့သို့ ၃၁ မိုင်ရှိသည်။ လေလုတံတားသစ်ကြီးမှကူးပြီး ဟိုဘက်ကမ်းသည် နမ့်ဆန်မြို့နယ်ဖြစ်သည်။နမ္မတူမြို့နယ်နှင့် နမ့်ဆန်မြို့နယ်ကြား ကလီလုချောင်းပေါ်၌ တည်ဆောက်ထားသော တံတားသစ်ကြီးမှ နမ့်ဆန်မြို့အထိ ၂၁ မိုင်ရှိသည်။ တောက်လျှောက်အတက်လမ်းချည်းသာဖြစ်သော်လည်း ယခင်ကထက် လမ်းကောင်းနေပြီဖြစ်သည်။ ဘေးတစ်ဖက်က မြင့်မားသောတောင်စဉ်တောင်ထပ်များ၊ ဘေးတစ်ဖက်က နက်ရှိုင်းသည့်ချောက်ကြီးများ။ လှပသောကြည်နူးစရာရှုခင်း၏ ခံစားရမှုနှင့် သည်းထိတ်ရင်ဖိုဖွယ် ရသနှစ်ခုကို တစ်ပြိုင်တည်း ပေးစွမ်းနေသည်။

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးစိုက်ရာ နမ့်ဆန်မြို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၂၂၃ ပေအမြင့်၌ တည်ရှိသည်။ နမ့်ဆန်မြို့နယ်တွင် မှီတင်းနေထိုင်ကြသော လူဦးရေအများစုမှာ ပလောင်တိုင်းရင်းသားများသာ ဖြစ်ကြသည်။ ပလောင်တိုင်းရင်းသားတို့မှာ အဓိကလက်ဖက်လုပ်ငန်းဖြင့်အသက်မွေးကြသည်။ ရိုးသားပြီး လက်ဖက်လုပ်ငန်းမှ ရရှိသောဝင်ငွေဖြင့် စားဝတ်နေရေးနှင့် အလှူဒါနများပြုခဲ့ကြသည်။ ယခုတော့ ကူးစက်ရောဂါဆိုးနှင့် အခြားအခက်အခဲများကြောင့် လက်ဖက်လုပ်ငန်းမှာ နှောင့်နှေးနေရသည်ဟု သိရသည်။

အများက "ပလောင်"ဟု အသိများခဲ့သော်လည်း ဒေသခံများကမူ "တအာင်း"ဟု ခေါ်ဆိုသုံးစွဲကြကြောင်း တွေ့ရှိရသည်။ တအာင်းဆိုသည်မှာ အလွန်ရှေးကျသည့် မွန်ခမာမျိုးနွယ်စုမှ ဆင်းသက်လာသော တိုင်းရင်းသားလူမျိုးစုဖြစ်သည်ဟု ဆိုသည်။ စေတနာကောင်းမွန်ခြင်း၊ ကျေးဇူးတရားသိတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း အစဉ်အလာများလည်းရှိသည်ဟု ဆိုထားသည်။ အချို့ ထင်မှတ်မှားနေသည့် ရွှေပလောင်၊ ငွေပလောင်၊ အတွင်းပလောင်၊ အပြင်ပလောင် စသည့် ခွဲခြားသတ်မှတ်ခေါ်ဆိုမှုများလည်း မရှိချေ။ အဆိုပါ ခွဲခြားခေါ်ဆိုသတ်မှတ်မှုများမှာ အဆင့်အတန်းခွဲခြားပြီး စိတ်ဝမ်းကွဲစရာဖြစ်ပေါ်နိုင်၍ မြန်မာနိုင်ငံ တအာင်းစာပေနှင့် ယဉ်ကျေးမှုညီလာခံကြီးများက တရားဝင်တားမြစ်ပိတ်ပင်ထားပြီးဖြစ်ကြောင်း၊ ပလောင်(တအာင်း)တိုင်းရင်းသားဟူ၍သာ တညီတညွတ်တည်း လက်ခံသတ်မှတ်ပြဋ္ဌာန်းထားကြောင်းလည်း သိရသည်။ နေရာဒေသအလိုက် တအာင်းအမျိုးသမီးဝတ်စုံအရောင်နှင့် စကားပြောသံကွဲလွဲမှု အနည်းငယ်သာရှိကြသည်။ မည်သည့်နေရာရောက်ရောက် သွေးမကွဲသော ပြည်ထောင်စု၏ ပလောင်(တအာင်း) လူမျိုးသာဖြစ်သည်ဟုလည်း မိတ်ဆွေ တအာင်းတိုင်းရင်းသားတို့က ပြောသည်။

မြန်မာနိုင်ငံ တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီကို တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားပြီး မြို့နယ်အလိုက် ညီလာခံများကို အလှည့်ကျကျင်းပလာခဲ့ကြသည်။ နမ့်ဆန်မြို့တွင် ကျင်းပခဲ့သော သတ္တမအကြိမ်မြောက် တအာင်းစာပေနှင့် ယဉ်ကျေးမှုညီလာခံသို့ ဖိတ်ကြားခြင်းခံရ၍ မြန်မာစာပေအဖွဲ့ကိုယ်စား တက်ရောက်လေ့လာခဲ့ဖူးသည်။

နမ့်ဆန်မြို့နှင့် ၁၁ မိုင်တွင် သမိုင်းဝင်လွယ်ဆိုင်တောင်ဘုရားနှင့် မူလလက်ဖက်ပင် တည်ရှိသည်။ နမ့်ဆန်မြို့မှပြန်အဆင်းကားလမ်းခွဲ (၆)မိုင်ကနေ အတွင်းဘက်သို့ ဝင်သွားရသည်။ ပေပေါင်း ၆၀၀၉ ပေ မြင့်မားသော လွယ်ဆိုင်တောင်ထိပ်အထိ ကားလမ်းမှာ ယခုအခါ များစွာ ကောင်းမွန်နေပေပြီ။ ယခင်ကဆိုလျှင် မြေလမ်းတစ်ဝက် ကျောက်ကြမ်းတစ်ဝက်ဖြင့် ဖောက်လုပ်ထားရာ ကားမှာ ခုန်ပေါက်ယိမ်းထိုးနေသည်။ ယခုတော့ လမ်းကောင်းနေပြီး ဘေးတစ်ဖက်တစ်ချက်မှ စိမ်းစိုသောလက်ဖက်ပင်များက ပိုမိုအလှဆင်နေဘိသို့ရှိကြသည်။

လွယ်ဆိုင်တောင်ထိပ်ရှိ ဘုရားရင်ပြင်ပေါ်သို့ရောက်လျှင် သာယာလှပလွန်းသည့် ရှုခင်းများကို ပတ်ပတ်လည်တွင် တွေ့မြင်ရသည်။ ဤမျှမြင့်မားသော တောင်ထိပ်ပေါ်တွင် ဘုရားစေတီ ကျောင်းကန်များနှင့် သာသနိကအဆောက်အအုံတို့ကို ဖူးမြင်တွေ့ရှိရ၍ ကြည်နူးပီတိဖြစ်ကြရသည်။ လွယ်ဆိုင်မှာ ရှမ်းဘာသာစကားဖြစ်ပြီး လွယ်(တောင်)ဆိုင် (ကျောက်မျက်=ပတ္တမြား) မြန်မာလို ပတ္တမြားတောင်ဟု အဓိပ္ပာယ်ရရှိကာ တအာင်း (ပလောင်)စကားဖြင့်မူ "ဒွယ်ဆိုင်"ဟု ခေါ်ဝေါ်ကြသည်။

ဤလွယ်ဆိုင်တောင်မှာ ဒေသခံတိုင်းရင်းသားတို့၏ အစဉ်အဆက် ယုံကြည်လာချက်အရ ဘုရားလောင်းနုစဉ်ဘဝက ဥဒေါင်းမင်းအကြောင်းပြု၍ သီရိဓမ္မာသောကမင်းကြီးစသည့် သာသနာပြုမင်းကောင်းမင်းမြတ်များ၏ ကောင်းမှုကုသိုလ်တော်တို့အရ တည်ရှိထင်ရှားခဲ့ရသည်။ ပုဂံဘုရင် အလောင်းစည်သူမင်းကြီးအစပြုသော မြန်မာမင်းများနှင့်လည်း ဆက်နွယ်ဖြစ်တည်မှုရှိခဲ့ကြသည်။ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားဖြစ်ခဲ့၍ နမ့်ဆန်ဂိုဏ်းချုပ်ဆရာတော်ကြီးများ၊ တောင်ပိုင်နမ့်ဆန်စော်ဘွားများ၊ ကုသိုလ်ရှင်များက အစဉ်တစိုက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်လာခဲ့ကြသည်။

ပုဂံခေတ်တွင် အလောင်းစည်သူမင်းကြီးသည် ဟိမဝန္တာမှအလွန် မွှေးကြိုင်သော စံကားသားကိုးပိုင်းနှင့် နတ်သစ်စေ့တို့ကို ယူဆောင်လာပြီး ဤလွယ်ဆိုင်တောင်သို့ ဆိုက်ရောက်ခဲ့သည်ဆို၏။ လွယ်ဆိုင်တောင်သို့ ဆိုက်ရောက်လျှင် သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် ကျောက်စာစေတီငယ်ကို ဒေသခံတိုင်းရင်းသားများ အကူအညီယူ၍ ရှာဖွေခဲ့သည်။ ရှာဖွေတွေ့ရှိ၍ ထိုနေရာကို တူးဖော်စေပြီး ဓာတ်တော်နှင့်တကွ စံကားသား ကိုးပိုင်းအနက်မှ တစ်ပိုင်းကို ဗုဒ္ဓရုပ်ပွားတော် တစ်ဆူထုလုပ်၍ဌာပနာပြုကာ တည်ထားကိုးကွယ်စေခဲ့သည်။ ပုဂံမှူးမတ်အချို့နှင့် တအာင်း(ပလောင်) အမျိုးသားတို့ကိုလည်း အစောင့်အရှောက်ထားတော်မူခဲ့သည်။(သီပေါပေါ်ကြို့ဘုရားသမိုင်းတွင်မူ နရပတိစည်သူမင်း၊ ၅၃၆ ခုနှစ်ဟု ဖော်ပြထားသည်)

ထိုကဲ့သို့ တအာင်း(ပလောင်) တိုင်းရင်းသားတို့၏ ပါဝင်ကူညီမှုဖြင့် ပြီးစီးအောင်မြင်ရသဖြင့် မင်းကြီးက နီလဗီဇနတ်သစ်စေ့ကို တအာင်းအကြီးအကဲ တာငွန်းအား ဆုလာဘ်အဖြစ် ပေးအပ်ခဲ့သည်။ တာငွန်းက လက်တစ်ဖက်ဖြင့်သာ ခံယူမိ၍ ထိုနတ်သစ်စေ့မှ ပေါက်သောအပင်ကို လက်တစ်ဖက်ပင်၊ ထိုအရွက်ကိုလည်း လက်တစ်ဖက်ရွက်၊ အချို့ကလည်း လာဘ်ဆက်သဖြင့် လာဘ်ဖက်ပင်ဟုလည်း ခေါ်ဆိုခဲ့ကြပြီး ကာလရွေ့လျားလာသည့်အခါ လက်ဖက်ပင်ဟု ခေါ်ဝေါ်လာကြောင်းလည်း အဆိုရှိခဲ့သည်။ ထိုမူလလက်ဖက်ပင်ကို ဆက်ခံစိုက်ပျိုးထားသော လက်ဖက်ပင်မှာ ဤလွယ်ဆိုင်တောင်၌ရှိသည်။ အုတ်တံတိုင်းကာရံထားပြီး သံတိုင်များဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ထိုမူလလက်ဖက်ပင်ပွားနေရာ၏ အထက်၌ အလောင်း(မဏိ)စည်သူမင်းကြီး နန်းဆောင်တည်ဆောက်ထားသည်။ ယင်းနန်းဆောင်အတွင်း၌ လက်ဖက်ပင်အသားဖြင့် ထုလုပ်ထားသည့် ပုဂံဘုရင် အလောင်း(မဏိ)စည်သူမင်းကြီး၏ ရုပ်တုရှိသည်။ ရုပ်တုမှာ ခြေတစ်ဖက်ချ ခြေတစ်ဖက်ထောင်လျက် ညာလက်တော်ဖြင့် နီလဗီဇလက်ဖက်စေ့ကို ပေးအပ်နေပြီး လက်ဝဲလက်တော်က စိုက်ပျိုးရန်နေရာကို ညွှန်ပြနေပုံ ထုလုပ်ထားသည်။ လက်ရာမြောက်၍ အသက်ဝင်သည်။

အဆိုပါ မူလလက်ဖက်ပင်ကို အကြောင်းပြု၍ လွယ်ဆိုင်တောင်ဘုရားပွဲတော်နှင့် လက်ဖက်ပင်ပွဲတော်ကို နှစ်စဉ် တော်သလင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်များတွင် စည်ကားစွာ ကျင်းပလာခဲ့ကြသည်။ ရှမ်းဘာသာဖြင့် လွယ်ဆစ်မွမ်းပွဲတော်ဟုလည်း ခေါ်သည်ဆို၏။ လက်ဖက်ပင်ပွဲတော်သို့ လက်ဖက်ခြံရှင်များ၊ တအာင်းတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများပါ လာရောက်ကြသည်။ ယခုနှစ် လက်ဖက်ပင်ပွဲတော်ကိုမူ အခြေအနေအရ ယခင်နှစ်များကဲ့သို့ မဟုတ်ဘဲ ကျန်းမာရေးအသိ ကျန်းမာရေးသတိဖြင့်သာ ကျင်းပသွားမည်ဟု သိရသည်။

တော်သလင်းလပြည့်နေ့ နံနက်၌ လွယ်ဆိုင်တောင်မဟာမြတ်မုနိဘုရားနှင့် စေတီပုထိုးများအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ရွှေသင်္ကန်း စသည်တို့ကို ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် မူလလက်ဖက်ပင်အား ဂါရဝထား၍ အလေးအမြတ်ပြုလှူဒါန်းကြသည်။ လက်ဖက်မျိုးစေ့ချီးမြှင့်ပေးအပ်ခဲ့သော ပုဂံဘုရင် အလောင်း(မဏိ)စည်သူမင်းကြီးအား ရည်မှန်း၍ မင်းကြီး၏ ရုပ်တုတော်ကို ပန်း၊ ရေချမ်း၊ ဆီမီး အမွှေးတိုင်နှင့် ဆွမ်းအာဟာရတို့ ဆက်ကပ်လှူဒါန်းပြီး ကျေးဇူးဆပ်ကြသည်။ ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် လက်ဖက်အထွက်တိုးခြင်း၊ ဥစ္စာပစ္စည်းရတနာများ ဝင်ရောက်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည်ဟု ယုံကြည်ကြသည်။ လွယ်ဆိုင်တောင်ပေါ်သို့ အခြားတိုင်းရင်းသားများလည်း လာရောက်၍ ဘုရားဖူးခြင်း၊ မူလလက်ဖက်ပင်နှင့် ပတ်ဝန်းကျင် အလှအပ ရှုခင်းများကို လေ့လာကြည့်ရှုခြင်း ပြုကြသည်။ တအာင်းဝတ်စုံများကိုပင် အမြတ်တနိုးဝတ်ဆင်၍ အမှတ်တရဓာတ်ပုံမှတ်တမ်းများရိုက်ကူးကြသည်။

ပေပေါင်း ၆၀၀၀ ကျော်အမြင့်မှ စီးမိုးမြင်တွေ့ရသည့် နေထွက်နေဝင်ပုံများကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။ အချို့ အလှူရှင်များကလည်း လွယ်ဆိုင်တောင်သို့ တကူးတကလာရောက်၍ အလှူအတန်းပြုလုပ်ကြသည်လည်းရှိသည်။ ယမ်းနံ့ကင်းစင်၍ ရွှေဖီရနံ့သာ သင်းပျံ့စေရန် ဆုတောင်းကြသည်။ မေတ္တာပို့ကြသည်။ တိုက်ပွဲသံတွေ တိတ်ဆိတ်ပြီး တအာင်းပလောင်အိုးစည်သံ၊ ရှမ်းအိုးစည်သံများဖြင့်သာ ရွှေဖီမြေကို ထာဝရအလှဆင်သွားလိုကြသည်။ သဘာဝအလှတရားတို့နှင့် ပြည့်စုံနေပြီး ရနံ့သင်းသင်း လက်ဖက်ခင်းတို့ ဝန်းရံလျက်ရှိသော လွယ်ဆိုင်(ပတ္တမြား)တောင်ကြီးကလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို နွေးထွေးစွာဆီးကြိုနေလိမ့်မည်ဟု ယုံကြည်မိပေသည်။

မြန်ပြည်အနောက်မြောက်ဘက်မှ “ကတူး” တိုင်းရင်းသားများ

မောင်မောင်ကျော်
ပလက်ဝ

စစ်ကိုင်းတိုင်းမြောက်ဖျားရှိ အရှေ့ဘက်ကောလင်း၊ ဝန်းသို၊ ကသာနှင့် အင်းတော်တောင်ဘက်မူးမြစ်ကမ်း ဝဲ၊ ယာ၊ ကျွန်းလှမြို့နယ် အနောက်ဘက် ရိုးမတောင်ဒေသအတွင်း မြစ်ဖျားတစ်လျှောက်၊ မြောက်ဘက်ပင်လည်ဘူး၊ ဗန်းမောက်၊ မံစီကြီးတို့သည် ကတူး၊ ကနန်း စံပျော်ရာဒေသပင်ဖြစ်သည်။ အချို့က ကတူး၊ ကနန်း၊ မြိတ်၊ ထားဝယ်(ဗမာအစု)၊ မြို၊ ခမီ(ရခိုင်အစု)၊ ပလေး၊ ပလောင် (တအာင်း)၊ ယင်းကြား၊ ယင်းနက်(ရှမ်းအစု)ဟူ၍ တွဲဖက်ခေါ်ဝေါ်သည်ကို လူမျိုးတစ်မျိုးတည်းဟု ထင်မှတ်ကြသည်။ ဤသို့တွဲဖက်ခေါ်ဝေါ်ခြင်းသည် သမိုင်းဖြစ်စဉ်ချင်း တူညီနေပြီး နေထိုင်ရာဒေသလည်း ကွာခြားမှုမရှိသောကြောင့်ပင်ဖြစ်သည်။ အမှန်မှာ လူမျိုးတစ်မျိုးစီသာ ဖြစ်ပေသည်။

စာရေးသူ ကြေးမုံသတင်းစာတွင် ကနန်းနှင့် မြိုအကြောင်း ရေးသားခဲ့ပြီးဖြစ်သည်။ အခုတစ်ဖန် ကတူးနှင့်သက်ဆိုင်သော လက်လှမ်းမီရာ စာအုပ်စာတမ်းများနှင့် သွေးချင်းတို့၏ပွဲတော်ဆီ(၂၀၂၀) ကျင်းပစဉ်က လေ့လာမှတ်သားခဲ့သည်များကို အခြေခံ၍ ဗမာအစုဝင်ကိုးမျိုးထဲက ကတူးတိုင်းရင်းသားတို့၏ သမိုင်းဖြစ်စဉ် အပေါ် သုတေသီတို့၏အဆိုအမိန့်ကို ဆက်လက်လေ့လာဖြစ်ခဲ့သည်။ ထိုသို့ လေ့လာမှတ်သားမိခဲ့သည်များမှ ကတူးတိုင်းရင်းသားတို့၏ သမိုင်းကြောင်းနှင့် ဘဝဓလေ့၊ ရိုးရာစရိုက်လက္ခဏာများ မည်သို့မည်ပုံရှိကြသည်နှင့် တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဒေသတစ်ခုနှင့်တစ်ခု တူညီသောဓလေ့စရိုက်များ၊ မတူညီကြပုံများကို လေ့လာလိုသူများအား သတင်းစာစာမျက်နှာပေါ်မှ လွယ်လင့်တကူ တစုတစည်းတည်း သိရှိကြစေလိုပါသည်။ ဤသို့သော အကျိုးကျေးဇူးကို မျှော်ကိုး၍ ယခုဆောင်းပါး ရေးသားရခြင်းဖြစ်သည်။

ကတူးလူမျိုး

ကတူးတို့သည် လွန်စွာရိုးသားပြီး စိတ်ဝင်စားဖွယ်ရာကောင်းသော မြန်မာမျိုးနွယ်စုတစ်စုဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်ကပင် သစ္စာရှိစွာ အမှုထမ်းလာခဲ့သူများလည်းဖြစ်သည်။ ပုဂံခေတ်ကျောက်စာ အခေါ်အဝေါ်မှာ ကန္တူလယ်သစ်မွှိယ်၊ ကန္တူလယ်သစ်မွှိယ် ကန္တူနိုက်လဲ ၅၀၀ စသည်ဖြင့် ရေးထိုးထားသည်ကိုတွေ့ရသည်။ အဓိပ္ပာယ်မှာ ကတူးလယ်သစ်မြေ၊ ကတူး ပျူကုန်းမြေ၊ ကတူးလယ်ငါးရာ ဟု ဆိုလိုပါသည်။ နောင်သက္ကရာဇ် ၉၀၀ လောက်ရောက်မှ အရှင်အဂ္ဂသမာဓိက နေမိရဲခန်းတွင် ကတူးပြည်၊ ကတူးလူမျိုး ဟု စတင်ရေးသားခဲ့သည်။

ကတူး(၅)မျိုး

ကတူးတို့နေထိုင်ရာဒေသကိုလိုက်၍ ကတူးငါးမျိုးရှိသည်။ ယင်းတို့မှာ

၁။ တကောင်းကတူး

တကောင်းတွင် အခြေစိုက်နေထိုင်သော ကတူးကို တကောင်းကတူးဟု ခေါ်ကြသည်။

၂။ ငါးစို့ကတူး

ပဥ္စလငါးရွာတွင် အခြေစိုက်နေထိုင်ကြသော ကတူးများကို ငါးစို့ကတူးဟု ခေါ်သည်။

၃။ မုဆိုးဖိုကတူး

ဒီပဲယင်း(ထီးပေချောင်) အခြေစိုက်နေထိုင်သော ကတူးများကို မုဆိုးဖိုကတူးဟု ခေါ်ကြသည်။ ဒီပဲယင်းမြို့သည် မြေတူးမြို့၏တောင်ဘက်စူးစူး ၃၃ မိုင်ခန့်အကွာ၊ ဗဒုံမြို့၏ အရှေ့မြောက်ဘက် မိုင် ၄၀ ခန့်အကွာ၊ မူးမြစ်၏အနောက်ဘက် ခုနစ်မိုင်ကွာ(ယခုရေဦးနှင့် မုံရွာကားလမ်းပေါ်တွင်) တည်ရှိသည်။

၄။ မဟာမြိုင်ကတူး

မဟာမြိုင်နှင့် မဟာမြိုင်တောတန်းတွင် နေထိုင်ကြသော ကတူးများကို မဟာမြိုင်ကတူးဟု ခေါ်ကြသည်။

၅။ မိုင်းသံကတူး

မိုင်းသံတောင်တွင် အခြေစိုက်နေထိုင်ကြသော ကတူးများကို မိုင်းသံကတူးဟု ခေါ်ကြသည်။

မြန်မာအစ တကောင်းက ဟူသော ဆိုရိုးစကားနှင့် အညီ တကောင်းဒေသတွင် မဇ္ဈိမဒေသမှ အဘိရာဇာ မင်းနှင့် နောက်လိုက်တို့ ရောက်ရှိလာပြီး မြို့ပြ တည်ထောင်အုပ်ချုပ်စဉ်ကတည်းက ကတူးလူမျိုး အများစုဖြစ်၍ ပျူ၊ ကမ်းယံ၊ သက်၊ မြန်မာ စသော တိုင်းရင်းသားလူနည်းစုများလည်း နေထိုင်ကြသည် ဟု ယူဆကြပေသည်။ ထို့ကြောင့် ပျူ၊ ကမ်းယံ၊ သက်တို့အား မြန်မာတို့၏ ဘိုးဘေးဘီဘင်မျိုးနွယ်စု ဟု ခေါ်ကြခြင်းဖြစ်ပေသည်။ ကတူးတို့သည်လည်း သက်အစုဝင် မျိုးနွယ်စုပင်ဖြစ်လေရာ တကောင်း ဒေသ၏ မူလမျိုးနွယ်စုတစ်စုအဖြစ် ရှိနှင့်ခဲ့သော လူမျိုးဖြစ်

ဆင်းသက်ပေါက်ဖွား ကတူးများ

ပါမောက္ခ ဒေါက်တာဂျီအိပ်ချ်လုစ်က ကတူးအခေါ်တိုက်တန်း၊ မြန်မာအခေါ် တကောင်းဆိုသော မြို့မှာ ရှေးမြန်မာစာပါ(ကန်တူး၊ကတူး)တို့၏ မူလဒေသဖြစ်ကြောင်း၊ ကန်တူးလူမျိုးများကို တရုတ်တို့က ကျီယန်တုဟု ခေါ်ကြောင်း၊ ကတူးတို့မှာ မြန်မာနိုင်ငံအလယ်ပိုင်းသို့ ဝင်ရောက်မလာမီကပင် ထိုနေရာတစ်ဝိုက်ရောက်နေနှင့်သောလူမျိုးဟု ယူဆသင့်ကြောင်း ရေးသားခဲ့သည်။

မြန်မာအစ တကောင်းက ဟူသောဆိုရိုးစကားနှင့်အညီ တကောင်းဒေသတွင် မဇ္ဈိမဒေသမှ အဘိရာဇာမင်းနှင့် နောက်လိုက်တို့ ရောက်ရှိလာပြီး မြို့ပြတည်ထောင်အုပ်ချုပ်စဉ်ကတည်းက ကတူးလူမျိုးအများစုဖြစ်၍ ပျူ၊ ကမ်းယံ၊ သက်၊ မြန်မာ စသောတိုင်းရင်းသားလူနည်းစုများလည်း နေထိုင်ကြသည်ဟု ယူဆကြပေသည်။ ထို့ကြောင့် ပျူ၊ ကမ်းယံ၊ သက်တို့အား မြန်မာတို့၏ ဘိုးဘေးဘီဘင်မျိုးနွယ်စုဟု ခေါ်ကြခြင်းဖြစ်ပေသည်။ ကတူးတို့သည်လည်း သက်အစုဝင်မျိုးနွယ်စုပင်ဖြစ်လေရာ တကောင်းဒေသ၏ မူလမျိုးနွယ်စုတစ်စုအဖြစ်ရှိနှင့်ခဲ့သောလူမျိုးဖြစ်သည်။ သို့ဆိုလျှင် ကတူးတို့၏ ရာဇဝင်ပုံရိပ်မှာ ရှည်ကြာလှပြီဟု ဆိုရပေမည်။ မူလတကောင်းဒေသမှ သလ္လာဝတီမြစ်အရှေ့ဘက် မဟာမြိုင်တောတန်းကြီးသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ နောင်အခါ ဤပင်လယ်ဘူး၊ ဗန်းမောက်ဘက်သို့ ကူးပြောင်းခဲ့ခြင်းဖြစ်သည်ဟု ကတူးဘိုးဘွားများက ပြောကြပါသည်။

ပင်လည်ဘူးအနီး ခေါက်ခင်းပေကုန်း၊ နမ္မားတည်ကုန်း၊ သာစည်တည်ကုန်း၊ ကနန်း၊ လိပ်စော၊ ရွှေကျောင်းရွာနှင့် ပွဲနင်းရွာတစ်ဝိုက်တွင် ရှေးဟောင်းသုတေသနက တူးဖော်ခဲ့ရာ အရိုးပြာအိုးများ၊ လည်ဆွဲသန္တာပုတီးမျိုးစုံ ရရှိခဲ့ဖူးသည်။ ထိုပစ္စည်းများမှာ ရှေးခေတ်က ကတူး၊ ကနန်းတို့ သုံးစွဲခဲ့သောပစ္စည်းများဖြစ်သည်ဟု ဆိုပါသည်။

ဆရာကြီးဦးစောမောင်(အစ်ကိုစော)က သူ၏စာပေဗိမာန်ဆုရ လေ့လာမိသမျှ ကတူး၊ ကနန်းဒေသစာအုပ်တွင် ပင်လည်ဘူးနယ်မြေ၌ သက်အစုဝင် ကတူး၊ ကနန်းတို့အပြင် ချင်းလူမျိုး၊ ပျူလူမျိုးတို့ နေထိုင်ခဲ့ဖူးကြောင်း၊ ချင်းလူမျိုး၊ ပျူလူမျိုး၊ ကတူးလူမျိုးတို့ သွေးနှောလျက် ယခုခေတ် ကတူး၊ ကနန်းပေါက်ဖွားခဲ့သည်ဟု ရေးသားထားပါသည်။ အချို့က ကတူး၊ ကနန်းတို့မှာ ရှမ်းမျိုး ၃၀ တွင် ပါဝင်သူများဖြစ်ကြောင်း၊ သို့အတွက် ယနေ့ရှမ်းမျိုးနွယ်စု ၃၃ မျိုးတွင် ပါဝင်သည့် တိုင်းလျှံ(ခေါ်) ရှမ်းနီများကို သူတို့၏ရွာ၌ တွေ့ရခြင်းဖြစ်ကြောင်း ပြောဆိုကြသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကလည်း ချင်းတွင်းအရပ်၌ ချင်းတို့ရှိ၍ ဧရာဝတီအညာဒေသတွင် ကန်တူးတို့ရှိသည်။ ကန်တူးကိုအသက်(သို့) သက်ဟုခေါ်ကြသည်။ ယင်းတို့သည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိလာသော တိဗက်မြန်မာအနွယ်ဝင်များဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များလည်းဖြစ်၏။ ချင်းတောင်ကိုကျော်ကာ မဏိပူရတိုင် ပေါက်ရောက်သူများလည်းဖြစ်သည်။ ယခုတိုင်ရခိုင်ဘက်တွင် ရှိနေသေးသည်။ တပယင်း၊ ရွှေဘိုနှင့် မူး အညာဘက်တွင် သစ်ဟု ခေါ်၏ စသည်ဖြင့် သူ၏မြန်မာရာဇဝင်စာတမ်း၌ ရေးသားထားသည်။

သက်လူမျိုးတို့သည် မိမိကိုယ်မိမိ အသက် Asak ဟုခေါ်သည်။ မိမိကိုယ်ကိုချစ်မြတ်နိုးသူဟု အဓိပ္ပာယ်ရသည်။ ပါမောက္ခ လုစ်၏ အဆိုအရ မြန်မာနိုင်ငံရှိ အစောဆုံးသော တိဗက်တိုဘာမင် စကားပြောလူမျိုးဟုဆို၏။ သုတေသီ ဦးရည်စိန်က မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားဘာသာစကားအစုများ ခွဲခြားတင်ပြခြင်းစာတမ်းတွင် တိဗက်မြန်မာအနွယ်အဖြစ် ဖော်ပြထားသည်။ အဆိုပါ သက်အစုတွင် ကတူး၊ ကနန်း၊ တမန်၊ မလင်၊ အင်ကြယ် စသော တိုင်းရင်းသားများမှာ မျိုးနွယ်တူအဖြစ် ပါဝင်ကြသည်။

မြန်မာနိုင်ငံမြောက်ပိုင်း တကောင်း၊ ဟူးကောင်းဒေသ၊ မြန်မာပြည်အလယ်ပိုင်းဒေသတို့တွင် နေထိုင်ခဲ့သော သက်လူမျိုးများနှင့် မူးမြစ်ဝှမ်းဒေသတွင်တွေ့ရသော ကတူး၊ ကနန်းတို့မှာလည်း မိမိကိုယ်မိမိ အဆက်(ခ်)(Asak) ဟုခေါ်ရာ ရခိုင်ပြည်နယ် မောင်တောမြို့နယ် တမန်းသားကျေးရွာရှိ သက်လူမျိုးများမှာ အထက်ဖော်ပြပါဒေသတွင် ကြီးစိုးနေထိုင်ခဲ့ကြသော သက်၊ ကတူး၊ ကနန်းလူမျိုးများနှင့် မျိုးနွယ်တူ(သို့) ၎င်းတို့မှဆင်းသက်လာသူများဖြစ်လိမ့်မည်ဟု ယုံကြည်ရပေသည်။

သက်တို့ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းနှင့်စပ်လျဉ်း၍ သက်အစုသည် စီချွမ်းနယ်အနောက်ဘက်မှ မြန်မာအစုနှင့် လမ်းခွဲပြီး ယီးခန်(င်) ထဲသို့ဝင်လာသည်ဟု ယူဆရသည်။ ထို့နောက်ယီးခန်(င်)မှ ယူနန်နယ်သို့ ရောက်လာသည်။ သူတို့သည် သံလွင်မြစ်အညာအထက်ပိုင်းရှိတောင်တန်းများကို ကျော်ဖြတ်ပြီး ဧရာဝတီမြစ်ညာသို့ ရောက်လာသည်။ အေဒီ ၉ ရာစုတွင် ဟူးကောင်းတောင်ကြားနှင့် ဥရုချောင်းဖျားသို့ ရောက်ရှိခြင်းဖြစ်သည်ဟု ရေးသားထားပါသည်။

သက်တို့ မူလနေထိုင်ရာ မြန်မာနိုင်ငံအထက်ပိုင်းမှ အာသံ၊ မဏိပူရနှင့် စစ်တကောင်းတောင်တန်းဒေသသို့ ပျံ့နှံ့သွားခဲ့သူများအား အနောက်သက်ဟု ခေါ်ဆို၍ ပုဂံ၊ ကျောက်ဆည်၊ မင်းတုန်း၊ သရက် စသည်တို့သို့ ရောက်ရှိသွားသူများကို အရှေ့သက်ဟုခေါ်ကြသည်။ ကတူးတို့မှုကား ကသာ၊ မြစ်ကြီးနားဘက်သို့ ပျံ့နှံ့သွားခဲ့သည်။ ကတူးတို့က အရှေ့သက်တို့ကို သက်ကတူးဟုခေါ်ပြီး မိမိတို့ကိုမူ သစ်ကတူး(သောကတူး)ဟု ခေါ်ကြသည်။ သက်နှင့် ကတူးမှာ သက်အစုဝင်တို့ပင်ဖြစ်ကြသည်။

ပုဂံခေတ်ကတူး

ပုဂံခေတ်တွင် မူးမြစ်ဝှမ်းလွင်ပြင်ဒေသပိုင်းရှိ မုဆိုးဖို၊ မုဆိုးခြုံ၊ စည်ပုတ္တရာ၊ ပဥ္စလငါးရွာ၊ ထီးပေချောင်၊ မြေတူး၊ ခင်သာ စသောဒေသတစ်လျှောက်၌ ပျူ၊ ကတူးနှင့် ချင်းတို့သည် သီးခြားအုပ်စုများဖွဲ့စည်း၍ သင့်မြတ်စွာ နေထိုင်ခဲ့ကြသည်။ အဆိုပါ တိုင်းရင်းသားလူမျိုးစုသုံးစုအနက် ကတူးတို့မှာ ထိုအချိန်က လူဦးရေအများဆုံးသော လူမျိုးစုဟု ဆိုသည်။

အချို့က ကတူးတို့သည် မဟာမြိုင်နှင့် မဟာမြိုင်တောစပ်မှတစ်ဖန် မော်ခွင် ၁၀ ရွာသို့ပြောင်းရွှေ့သွားခဲ့ကြသည်။ ကြွင်းကျန်ရစ်သော ကတူးတို့အနက် အချို့ကတူးတို့သည် ချင်းတို့နှင့်လည်းကောင်း၊ အချို့ကတူးတို့သည် ချင်းတွင်းမြစ်ဝှမ်းနှင့် မဟာမြိုင်မှ မူးမြစ်ဝှမ်းရှိ စည်ပတုံး၊ ယပင်း၊ ပြောင်သွယ်၊ နန်းကျေးသာ စသော ချောင်းရိုးတစ်လျှောက်သို့ ဝင်ရောက်လာသော ရှမ်းတို့နှင့်လည်းကောင်း သွေးနှောခဲ့သည်ဟု ဆိုပါသည်။

ကတူးအစ မော်ခွင်က

ကတူးတို့သည် ပုဂံခေတ်နှောင်းပိုင်းလောက်ကပင် မော်ခွင် ၁၀ ရွာ ဖွဲ့စည်းတည်ထောင်ကာ ယင်းရွာများတွင် စတင်စုစည်းနေထိုင်ခဲ့ကြသည်ဟု ဆိုပါသည်။ မော်ခွင် ၁၀ ရွာ (ယခု ပင်လည်ဘူးမြို့နယ်အပါအဝင်) မိုင်းသုန်နှင့် ခန်းပတ်တောင်တန်းတို့၏အနောက်ဘက်၊ မူးမြစ်၏အရှေ့ဘက် ဒေသတစ်လျှောက်တွင် တည်ရှိခြင်းဖြစ်သည်။ အင်းဝခေတ်ရောက်သောအခါ မော်ခွင် ၁၀ ရွာတွင် လူဦးရေတိုးပွားလာသဖြင့် ကတူးတို့သည် ဝန်းသို၊ ဗန်းမော်နှင့် အင်းတော်မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ အဆိုပါဒေသသို့ ရှမ်းများ ဝင်ရောက်လာသောအခါ မော်ခွင် ၁၀ ရွာကို မော်ဆယ်ရွာ၊ သုံးခေါင်းဆယ်ရွာဟု ထင်ရှားလာခဲ့သည်။

မိုဝ်ကောင်း၊ မိုးညင်းသမိုင်းတွင်–မိုးကောင်းမင်းတရား ကောင်းစားသည့်လက်ထက် သုံးခေါင်းဆယ်ရွာသားတို့သည် အခွန်မင်းမှုရပ်များကို စုပေါင်း၍ ဆက်သွင်းကြရသည်။ မော်ဆယ်ရွာမှာ မော်ခွင်လေးရွာ (မော်ခွင်၊ စည်နန်း၊ မော်တိတ်၊ မော်ခါး)၊ ကဘာလေးရွာ (ကဘာ၊ မော်ဟိုင်း၊ နန်းမွှား၊ စွန်ဖား)၊ မန်အည်နှစ်ရွာ (မန်အည်(မံအင်) ကနန်း) ၁၀ ရွာကို ခေါ်ခြင်းဖြစ်သည်။

ရွှေမှူးကတူး

မိုင်းသံတောင်၏ အနီးပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိကြသော ကတူးတို့မှာမူ မော်ခွင် ၁၀ ရွာကို တည်ထောင်ခဲ့ကြ၍ ရွှေများကိုကျင်ယူပြီး ဘုရင်ထံ ဆက်သခဲ့ကြသည်။ ညောင်ရမ်းခေတ်တွင် ကတူးရွှေမှူးနှင့် ကတူးရွှေလုပ်သားများအဖြစ်သို့ ရောက်ရှိလာခဲ့ကြသည်။ ညောင်ရမ်းခေတ်မှ ကုန်းဘောင်နှောင်းပိုင်းထိ ကတူးရွှေမှူးနှင့် ကတူးရွှေလုပ်သားများသည် မြန်မာဘုရင်တို့၏ ချီးကျူးခြင်းကို ခံခဲ့ကြရသည်။ ကတူးရွှေမှူးများသည် ပဒေသရာဇ်ငယ်များဖြစ်သည်။ ကတူးရွှေမှူးများအား ပဒေသရာဇ်ငယ်များအဖြစ်သို့ ရောက်ရှိစေရန် ပဒေသရာဇ်ကြီးများဖြစ်သော ဧကရာဇ်ဘုရင်များက ပံ့သွင်းပေးထားခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် အင်းသားရိုးရာတိုက်တေးအကြောင်း တစေ့တစောင်း

လူခဲ(အင်းလေး)

မြန်မာစာပေလောကတွင် ကျေးလက်တောရွာနေ တိုင်းရင်းသားပြည်သူတို့၏ လူနေမှုဘဝအလှကို အရိုးခံ အတိုင်းရေးဖွဲ့ထားသည့် ကျေးလက်ရိုးရာတေးကဗျာများ များစွာရှိသည်။ ယင်းကျေးလက်တေးကဗျာများတွင် ကျေးလက်နေလူပျို၊ အပျိုတို့၏ စိတ်ခံစားမှုများ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ စသည့်အငွေ့အသက်များ ထုံမွှမ်းနေတတ်သည်။ ကျေးလက်ရိုးရာတေးကဗျာများ သည် ရေးမှု၊ ဖတ်မှုထက် နှုတ်ဖြင့်ရွတ်ဆိုမှုကို အလေးပေး သော တေးကဗျာများဖြစ်ကြပြီး အသံမြိုင်မြိုင်ဆိုင်ဆိုင် ဖြင့် ဝိုင်းဖွဲ့၍ဖြစ်စေ၊ အပြန်အလှန်တစ်လှည့်စီဖြစ်စေ သီဆိုရသော တေးကဗျာအမျိုးအစားလည်းဖြစ်သည်။ ကျေးလက်ရိုးရာ တေးကဗျာများတွင် နှုတ်ဖြင့်သာ ရွတ်ဆို၍ ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့ကြသည့် ကျေးလက်ရိုးရာတေးကဗျာများလည်း ရှိကြသည်။ အဘိုး၊ အဘွားများမှ မြေးများကိုလည်းကောင်း၊ မိဘများ မှ သားသမီးများကိုလည်းကောင်း အဆင့်ဆင့်နှုတ်ဖြင့် ရွတ်ဆိုပြကာလက်ဆင့်ကမ်းလာခဲ့ကြသည့် ရိုးရာအမွေ အနှစ်ဟုဆိုလျှင် မှားနိုင်ဖွယ်မရှိပါ။ ဤကဲ့သို့ နှုတ်ဖြင့် ရွတ်ဆို ထိန်းသိမ်းသယ်ဆောင်လာခဲ့သည့် တေးကဗျာ များတွင် အင်းလေးတိုက်တေး(ခေါ်)ချိုးတေးကဗျာများ လည်း ပါဝင်သည်။

ခေတ်အဆက်ဆက်မှစတင်ကာ နှုတ်ဖြင့်ရွတ်ဆို ထိန်းသိမ်းလာခဲ့သည့် အင်းလေးတိုက်တေးကဗျာများ ကိုကြည့်ခြင်းဖြင့် အင်းသား အင်းသူတို့တွင် တေးကဗျာ ရွတ်ဆိုသည့်ရိုးရာဓလေ့သည် ရှေးယခင်ကတည်းကရှိခဲ့ဖူး ကြောင်း ထင်ရှားသည်။ မှတ်တမ်းမှတ်ရာ နည်းပါးခဲ့မှု ကြောင့် မည်သည့်အချိန်မှစတင်၍ တိုက်တေး(ခေါ်) ချိုးတေးကဗျာ ရွတ်ဆိုမှုရှိခဲ့ကြောင်း အတိအကျမပြောနိုင် ချေ။ ကုန်းဘောင်ခေတ်တွင် စတင်ပေါ်ပေါက်ခဲ့သည့် ကောက်စိုက်သမတေးသံ၊ မောင်းထောင်းသံနှင့် ဗုံကြီးသံ စသည့်ကဗျာများ၏ အငွေ့အသက်ကို အင်းလေး တိုက်တေး(ခေါ်)ချိုးတေးကဗျာများတွင် တွေ့ရသည်။ ထို့ကြောင့် အင်းလေးတိုက်တေးများသည် ယင်းကဗျာ များနည်းတူ ထိုခေတ် ထိုအချိန်ကတည်းက ရှိခဲ့သည်ဟု ယူဆနိုင်သည်။

တိုက်တေး(ခေါ်)ချိုးတေးကဗျာများသည် အင်းသား အင်းသူတို့၏ ကျေးလက်ရိုးရာတေးကဗျာများဖြစ်ကြသည်။ တိုက်တေး(ခေါ်)ချိုးတေးကဗျာများကို တြိချိုး ၊ လေးချိုး စသည့်ပုံစံများဖြင့် စပ်ဆိုလေ့ရှိကြသည်။ တိုက်တေးကဗျာ ရွတ်ဆိုမှုဓလေ့ကို အင်းသား အင်းသူများသာမက ရှမ်း၊ ပအိုဝ်း၊ ဓနု၊ တောင်ရိုး စသည့် တိုင်းရင်းသားများတွင်လည်း တွေ့ရသည်။ ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသတွင်လည်း အင်းလေးတိုက်တေးကဗျာများနှင့် ဆင်တူသည့် တေးကဗျာများကိုလည်း တွေ့ရသည်။

အင်းလေးတိုက်တေး (ခေါ်)ချိုးတေးကဗျာ စပ်ဆို ကြသည့် တိုက်တေးစာဆိုရှင်များ၏လူနေမှုဘဝသည် လည်း စိတ်ဝင်စားဖွယ်၊ နှစ်သက်ကြည်နူးဖွယ် ကောင်း လှပေသည်။ အင်းလေးကျေးရွာများတွင် ရက်ကန်း လုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ပန်းပဲ၊ ပန်းထိမ်လုပ်ငန်း၊ ရေခြံလုပ်ငန်း၊ တံငါလုပ်ငန်း စသည့်လုပ်ငန်းများလုပ် ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထို့ကြောင့် တိုက်တေးစာဆိုရှင်များသည် လယ်သမားကြီးများ၊ တံငါသည်ကြီးများ၊ ရေခြံလုပ်ငန်းရှင်ကြီးများ ဖြစ်နေကြ သည်မှာ လေးစားစရာ ကောင်းလှပေသည်။ ဤအချက် ကို ကြည့်ခြင်းဖြင့်အင်းသား အင်းသူများသည် အသက်မွေးမှု လုပ်ငန်းတွင်ဖြစ်စေ၊ ကဗျာစပ်ဆိုရာတွင်ဖြစ်စေ ထူးချွန် ထက်မြက်သူများဖြစ်ကြသည်ကို ဂုဏ်ယူဖွယ်တွေ့ရသည်။ အင်းလေးရွာတိုင်းလိုလို တိုက်တေးစာဆို အများအပြား ပေါ်ထွက်ခဲ့သည့်တိုင်အောင် ကဗျာစာပေအရာမှာ မွေ့ပျော် ခဲ့ကြသူများလည်း ဖြစ်သည်။

တိုက်တေးစာဆိုရှင်တစ်ဦးသည် ရှေးကတိုက်တေး စာဆိုရှင်များစပ်ဆိုထားခဲ့သော ကောင်းနိုးရာရာတေးကဗျာ များကိုသာ ရွေးကျက်ထားရုံဖြင့် တိုက်တေးစာဆိုကောင်း တစ်ယောက် မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် တိုက်တေး သီဆိုရာတွင် အကြောင်းအရာကို ကြိုတင်သတ်မှတ်ထား ခြင်းမရှိသည့်အပြင် လက်တန်းရွတ်ဆိုရသောကြောင့် လက်တန်းကဗျာဉာဏ်ရည်ရှိရန် အထူးလိုအပ်သည်။ လက်တန်းကဗျာဉာဏ်ရည်ဆိုသည်မှာ တစ်ဖက်မှရွတ်ဆို လိုက်သည့်ကဗျာပါ အကြောင်းအရာနှင့် ကိုက်ညီဆီလျော် အောင် အချိန်အနည်းငယ်အတွင်း ပြန်လည်စပ်ဆိုနိုင်သော ကဗျာဉာဏ်ရည်ကိုဆိုလိုသည်။ အကြောင်းအရာကို ကြိုတင် သတ်မှတ်ထားခြင်းမရှိသော်လည်း တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင်စပ်ဆိုကြရင်း အကြောင်းအရာမျိုးစုံပါဝင် သွားသည့်အခါလည်း ရှိ၏။ တိုက်တေးသီဆိုရာတွင်လည်း ခပ်လှမ်းလှမ်းနေရာမှနေ၍ ပရိသတ်များအားလုံးကြား အောင် သီဆိုရသောကြောင့် တိုက်တေးသီဆိုသူတစ်ဦးတွင် အသံကြည်လင်ချိုမြမှုရှိရန်လည်း အရေးကြီးသည်။

အင်းလေးတိုက်တေး (ခေါ်)ချိုးတေးကဗျာများရွတ် ဆိုယှဉ်ပြိုင်သည့်ပွဲကို “တေးတိုက်ပွဲ”ဟုခေါ်ပြီး ပွဲကျင်းပပုံ မှာလည်း စိတ်ဝင်စားစရာကောင်းသည်။ တေးတိုက်ပွဲတွင် အမျိုးသားတိုက်တေးဆိုသူများကတစ်ဖက်၊ အမျိုးသမီး တိုက်တေးဆိုသူများကတစ်ဖက် တိုက်တေးကဗျာများကို လက်တန်းရွတ်ဆိုကြပြီး နှစ်ဖက်စလုံးတွင်လည်း ပရိသတ် များ ရာချီ ထောင်ချီအောင်ရှိကြသည်။ အင်းလေးတိုက် တေး (ခေါ်)ချိုးတေးကဗျာများ ရွတ်ဆိုသည့်"တေးတိုက်ပွဲ" များကို အင်းလေးဒေသတွင် ခေတ်အဆက်ဆက် ကျင်းပ လာခဲ့ကြသည်။ထို့ကြောင့် တေးတိုက်ပွဲသည် အင်းသား အင်းသူတို့၏ရိုးရာပွဲတစ်ခုဆိုလျှင် မှားနိုင်ဖွယ်မရှိပေ။ အင်းလေး တိုက်တေးများသည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် သာသနာရေး နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ လေ့ကျင့် ရေးနှင့်သုတေသနဌာန၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Culture Heritage)အဖြစ် စာရင်းဝင်ခဲ့သည်။ အင်းသား အင်းသူများသာမက မြန်မာတစ်မျိုးသားလုံး တန်ဖိုးထားထိန်းသိမ်းကြရမည့် အမွေအနှစ်လည်း ဖြစ်ပေ သည်။

အင်းလေးဒေသတွင် တေးတိုက်ပွဲများကို သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလနှင့် တန်ခူးလ စသည့်ဘာသာရေး ရက်မြတ်ကာလ၏ညများတွင် ကျင်းပလေ့ရှိကြသည်။ ထို့ပြင် သမိုင်းဝင် ရွှေအင်းတိန်ဘုရားဆွမ်းလောင်းပွဲနှင့် သန်းထောင်ဘုရားဆွမ်းလောင်းပွဲများတွင်လည်း တေးတိုက်ပွဲများ ကျင်းပကြသည်။ တချို့ရွာများတွင် နေအိမ်သစ် ဆောက်သည့်အခါ တေးတိုက်ပွဲကိုပါ ထည့်သွင်းကျင်းပတတ်ကြ။

တေးတိုက်ပွဲကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပကြသည်။ အမျိုးသားတိုက်တေးစာဆိုနှင့် သူ့ပရိသတ်များသည် ချောင်းတစ်ဖက်တွင် လှေစီး၍ နေရာယူကြသည်။ ကျန် သည့်ချောင်းတစ်ဖက်တွင် အမျိုးသမီးတိုက်တေးစာဆိုနှင့် သူ့ပရိသတ်များ လှေစီးပြီး နေရာယူကာ မျက်နှာချင်းဆိုင်၍ ယှဉ်ပြိုင်ကြသည်။ အလယ်တွင် ချောင်းခြားထားသော တေးတိုက်ပွဲ ဟုဆိုရမည်ဖြစ်သည်။ နောက်ထပ်ပုံစံတစ်မျိုး မှာ အမျိုးသားတိုက်တေးစာဆိုနှင့် သူ့ပရိသတ်များသည် ရေပြင်တွင်လှေစီးကာနေရာယူကြပြီး အမျိုးသမီးတိုက်တေး စာဆိုနှင့် သူ့ပရိသတ်များသည် အိမ်ပေါ်တွင် နေရာယူ ယှဉ်ပြိုင်ခြင်းမျိုးလည်းရှိကြသည်။ နောက်ထပ် ပုံစံတစ်မျိုး မှာ ဘုရားရင်ပြင်ပေါ်တွင် နေရာအသီးသီးယူကြကာ အမျိုး သားတိုက်တေးစာဆိုအဖွဲ့နှင့် အမျိုးသမီးတိုက်တေး စာဆိုအဖွဲ့ကြားတွင် ဆီမီးခွက်များဖြင့်ခြား၍ တေးတိုက်ပွဲ ကျင်းပသည့်အခါမျိုးလည်း ရှိသည်။

တိုက်တေးကဗျာ ရွတ်ဆိုကြသူများသည် အများအား ဖြင့်လူပျို၊ အပျိုများ ဖြစ်ကြသည်။ တိုက်တေးကဗျာသီဆို သူ၏နောက်တွင် တေးထောက်၊ တေးကူ စသည့် တိုက်တေးသီဆိုသူများ ထားထားရသည်။ တိုက်တေးကဗျာ ဖွဲ့နွဲ့သူ အသံမကောင်း၍ဖြစ်စေ၊ ပြိုင်ပွဲတွင်အရေးမလှ သည့်အခါ၌ဖြစ်စေ “တေးထောက်”၊ “တေးကူ”တို့က ကူညီယှဉ်ပြိုင်ပေးရသည်။ တေးတိုက်ပွဲတွင် အမျိုးသား တိုက်တေးစာဆိုဖြစ်စေ၊ အမျိုးသမီးတိုက်တေးစာဆိုဖြစ်စေ တိုက်တေးကို စတင်သီဆိုယှဉ်ပြိုင်နိုင်သည်။ တစ်ဖက်က စဆိုလိုက်သည့် တိုက်တေးကဗျာတစ်ပုဒ်ကို ကျန်တစ်ဖက်က အချိန်အနည်းငယ်အတွင်း ချေပသီဆိုပေးရသည်။ အကြောင်း အရာကိုက်ညီဆီလျော်မှု မရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသည့်အချိန်အတွင်း ချေပသီဆိုမှုမပြုနိုင်လျှင် သော်လည်းကောင်း အရေးနိမ့်သည်ဟု သတ်မှတ်ကြသည်။ တိုက်တေးသီဆိုကြရာတွင် တစ်ယောက်တစ်ပြန် အမေး အဖြေ သဘောမျိုးဖြင့် သီဆိုလေ့ရှိပြီး “ဆင်စီးမြင်းလိုက်” ဆိုကြသည်ဟုလည်း ခေါ်သည်။

တေးတိုက်ပြိုင်ပွဲများတွင် အမျိုးသမီးတိုက်တေး စာဆိုများက အမျိုးသားတိုက်တေးစာဆိုများအပေါ် အနိုင် ယူခဲ့သည့် သာဓကများလည်းရှိသည်။ ထိုနည်းတူစွာ အမျိုးသားများကလည်း အမျိုးသမီးများကို အနိုင်ယူယှဉ်ပြိုင် ခဲ့သည့် အကြိမ်လည်းမနည်းပေ။ မြန်မာသက္ကရာဇ် ၁၃၁၉ ခုနှစ် တပေါင်းလတွင် ဘွားဘွားခင်သိန်း(မယ်သီရိ)၏ နေအိမ်သွပ်မိုးသည့် အချိန်မှာဖြစ်သည်။ သွပ်မိုးနေကြသည့် လက်သမားများကတစ်ဖက်၊ အိမ်ဘေးရှိ လယ်ကွင်းထဲမှ ကောက်စိုက်နေကြသော ကောက်စိုက်သမများက တစ်ဖက် အလုပ်လုပ်နေရင်း တေးတိုက်ကြသည်။ ထိုအရေးတွင် လက်သမားကြီးများ၏ တိုက်တေးကဗျာစွမ်းရည်ကို ကောက်စိုက်သမများ ချေပ၍မယှဉ်နိုင်ကြရာ အရေးနိမ့် ခဲ့ရသည်။ အလုပ်လုပ်နေရသော်လည်း ကဗျာအရာမှာ ဝါသနာကြီးကြသော အင်းသား အင်းသူတို့၏ အနုပညာကို တွေ့မြင်ရခြင်းပင် ဖြစ်သည်။ ထူးခြားသော တေးတိုက်ပွဲ လည်းဖြစ်သည်။ အနိုင်ရရှိမှု၊ ရှုံးနိမ့်မှုတို့ထက် တစ်ဖက် နှင့်တစ်ဖက် တိုက်ဆိုင်၍ တိုက်တေးကဗျာရွတ်ဆိုချင်သည့် သဘောထားဆန္ဒက ပိုများနေသောကြောင့် နှစ်သက်စရာ ကောင်းလှသည့် ယှဉ်ပြိုင်မှုဖြစ်သည်။

တိုက်တေး ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ ဝါသနာကြီးကြ သော အင်းသား အင်းသူများစပ်ဆိုကြသည့် တိုက်တေးကဗျာ များတွင် ပါဝင်သောအကြောင်းအရာများသည် အင်းလေး ဒေသ ရေမြေတောတောင်ရှုခင်းများ၊ လူပျို၊ အပျိုတို့ချစ်ကြ ကြိုက်ကြပုံ၊ အိမ်ရာထူထောင်ကြပုံ စသည့်ဇာတ်လမ်း ဆန်ဆန် အကြောင်းအရာများကြောင့် တချို့သော တေး တိုက်ပွဲများသည် တစ်ညတည်းနှင့်မပြီး နှစ်ည၊ သုံးညထိ တိုင်အောင်ဆက်ပြီး ကျင်းပကြရသည်။ ဤကဲ့သို့ တေးတိုက် ပွဲမျိုးကို “မော်”သက်ဝင်နေသော တေးတိုက်ပွဲ ဟုဆိုကြ သည်။ တေးတိုက်ပွဲကျင်းပသည့်အခါတွင် ရွာခံများက ဧည့်သည်များကို ကွမ်း ၊ ဆေး၊ လက်ဖက်၊ ရေနွေးကြမ်း နှင့် အခြားစားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံလေ့ ရှိကြသည်။ ဇာတ်ပွဲ၊ အငြိမ့်ပွဲများ ကျင်းပနေကြသည်ဟု ထင်ရလောက်အောင် ပွဲကြည့်ပရိသတ်များဖြင့်စည်ကား နေတတ်သည်။

အင်းလေးဒေသတွင် တေးတိုက်ပွဲများကို သီတင်း ကျွတ်လ၊ တန်ဆောင်မုန်းလနှင့် တန်ခူးလစသည့်ဘာသာရေး ရက်မြတ်ကာလ၏ ညများတွင် ကျင်းပလေ့ရှိကြသည်။ ထို့ပြင် သမိုင်းဝင် ရွှေအင်းတိန်ဘုရားဆွမ်းလောင်းပွဲနှင့် သန်းထောင်ဘုရားဆွမ်းလောင်းပွဲများတွင်လည်း တေးတိုက် ပွဲများ ကျင်းပကြသည်။ တချို့ရွာများတွင် နေအိမ်သစ် ဆောက်သည့်အခါ တေးတိုက်ပွဲကိုပါ ထည့်သွင်းကျင်းပ တတ်ကြသည်။

တိုက်တေးကဗျာများနားဆင်ပြီး ပင်ပန်းမှုများကို ပြေပျောက်စေရန်၊ ရိုးရာတိုက်တေးကဗျာများ ပျောက်ပျက် မသွားစေရန်၊ အင်းသား အင်းသူတို့၏ စာပေနှင့်ယဉ်ကျေးမှု အဆင့်အတန်းကို လူအများသိရှိလာစေရန်၊ နောင်လာ နောက်သားများ တိုက်တေးကိုစိတ်ဝင်စားပြီး တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်၊ အင်းသား အင်းသူတို့၏ ဘဝအလှ နှင့် ကဗျာဉာဏ်ရည်ထက်မြက်ပုံကိုသိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် တေးတိုက်ပွဲများကို ကျင်းပရခြင်း ဖြစ်သည်။

ဆရာကြီးမောင်တင်မြိုင်(အင်းလေး) အဆိုအရ အင်းလေးဒေသမှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအချိန်က တည်းက တေးတိုက်ပွဲကျင်းပမှုသည် မရှိသလောက် နည်းပါးနေပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြည်မဘက်မှ အင်းလေးဒေသသို့ ပြဇာတ်စာအုပ်များ၊ ကဗျာအလင်္ကာများနှင့်ဖွဲ့ဆိုထားသော စာအုပ်များ၊ ဓာတ်စက်ဓာတ်ပြားများ အစားထိုး ဝင်ရောက်လာခြင်း တို့ကြောင့် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန် ရောက်သောအခါ တေးတိုက်ပွဲသည်လည်း လုံးဝပျောက် ကွယ်သွားသည်ဟု သိရသည်။ မျိုးဆက်သစ်လူငယ်မောင် မယ်များကလည်း တိုက်တေးအပေါ်တွင် စိတ်ဝင်စား မှုနည်းပါးလာခဲ့သည်။

ယနေ့ခေတ်တွင်မူ အင်းလေးတိုက်တေးကဗျာ များကို တေးသီချင်းများ ရုပ်ရှင်ဗီဒီယိုများတွင်လည်း တွေ့ မြင်ကြားသိနေရပြီ ဖြစ်သည်။ ဆရာကြီးမောင်တင်မြိုင် (အင်းလေး)၏ တိုက်တေးကဗျာများ စာအုပ်နှင့် အခြား တိုက်တေးကဗျာစာအုပ်များ၊ အင်းလေးတိုက်တေး ဆိုင်ရာ မှတ်တမ်းမှတ်ရာများလည်း ရှိနေပြီဖြစ်၍ အလွယ် တကူလေ့လာနိုင်သည်။ ဝမ်းသာစရာကောင်းသည်မှာ တိုက်တေးဝါသနာကြီးကြသော အင်းသား အင်းသူများသည် တေးတိုက်ပွဲများကို မကြာခဏကျင်းပကြသည့်အပြင် ဖေ့စ်ဘွတ်နှင့် မက်ဆင်ဂျာတို့မှတစ်ဆင့် တေးတိုက်ပြိုင်ကြ သည်ကို တွေ့ရသည်။ ခေတ်နှင့်အညီ တိုးတက်လာသည် ဟုဆိုရပေမည်။ ထိုမျှမကသေး ယနေ့ အချိန်ထိ အင်းလေးရွာတော်တော်များများတွင် အင်းလေး တိုက်တေး(ခေါ်)ချိုးတေးကဗျာများကို သီဆိုတတ်သူများ ရှိနေသည်မှာ ဂုဏ်ယူစရာကောင်းလှသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် တိုက်တေး သီဆိုတတ်သူထံမှ တိုက်တေးသီဆိုပုံ၊ တိုက်တေးဖွဲ့နွဲ့ ပုံတို့ကို လေ့လာသင်ယူသင့်ကြောင်း အကြံပြုချင်ပါသည်။ ရှေးတိုက်တေးစာဆိုများ၏ တိုက်တေးကဗျာများကို ဖော်ထုတ်ပေးကာ မှတ်တမ်းအဖြစ်ထိန်းသိမ်းရန်လည်း လိုအပ်သည့်အပြင် သက်ဆိုင်ရာဌာန အသင်းအဖွဲ့တို့က ထောက်ပံ့ကူညီပေးရန်လည်း အရေးကြီးသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ရိုးရာအမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းရာရောက်သည့်အပြင် ရိုးရာတိုက်တေးကဗျာ များလည်း ရေရှည်တည်တံ့နေမည်ဖြစ်ပါကြောင်း ထပ်ဆင့် အကြံပြုရင်း ဆရာကြီး မောင်တင်မြိုင်(အင်းလေး)၏ အင်းလေးတိုက်တေးကဗျာများစာအုပ်မှ တိုက်တေးလေး တစ်ပုဒ်ဖြင့် လက်ဆောင်ပါးရင်း အဆုံးသတ်လိုက်ပါ သည်။ ။

အင်းလေးတိုက်တေး

မောင် ။ ။ ပျံ့ချင်ရင် ပျံ့လေအုံး
လမ်းဆုံးတော့ ရွှေငှက်ငယ်
မောမှကောက်မယ်။
ရွှေငှက်ငယ် ဉာဏ်ကျယ်တဲ့အမျိုး
တစ်နေ့မှာ အတောင်ကျိုးတော့
(မကြီးရယ်) ကျမယ်ဖောက်ထိုး။

မယ် ။ ။ သစ်တပင် အရိပ်ကောင်းပါလို့
ငှက်တစ်သောင်း ခိုစရာ။
မိုးမှောင်နှင့် မုန်တိုင်း
လှိုင်းခတ်လို့လား။
ခိုစရာတဲ့ မရှိ။
တစ်ပင်ကို နှစ်ပင်ပြောင်းတယ်။
(မောင်ကြီးရယ်)
ကောင်းမယ်ထင်မိ။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com**သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

(စာတည်း)

မန္တလေးမြို့ မဟာမုနိဘုရားတွင် နေ့စဉ်မြင်တွေ့ရသော ကုသိုလ်ပြုမြင်ကွင်း အလှတရားများဆီသို့

သရက်တန်းစိုးရွှေ (စိတ်ပညာ)

မန္တလေးမြို့သို့ရောက်ပါက မဟာမုနိဘုရားကြီးကို ဖူးလိုက်ရမှသာလျှင် မန္တလေးမြို့သို့ရောက်သည်ဟုပင် တင်စားထားကြသည်။ မဟာမုနိဘုရားကြီးတွင် ထူးခြားသောဓလေ့နှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အရာများစွာ အလှတရားများစွာရှိသည်။ ထိုအထဲတွင် အများစုပေါင်း ကုသိုလ်ပြုရသော နံ့သာသွေးခြင်း၊ ဗုံတောင်တီးခြင်း၊ ပန်းစေတီဖြင့် ပူဇော်ခြင်းတို့ကို စိတ်ဝင်စားမှုများပြားသည်။

အမြွတ်တနိုးတန်ဖိုးထား

မဟာမုနိရုပ်ပွားတော်ကို နံနက်တိုင်းနံ့သာများဖြင့် မျက်နှာသစ်ပေးလေ့ရှိသည်။ ထိုမျက်နှာသစ်တော်ရေကို အမြွတ်တနိုးတန်ဖိုးထားကာ ရယူကြသည်။ မျက်နှာသစ်တော်ရေရရှိရေးအတွက် နံနက်အစောပိုင်းတွင် လာရောက်ယူဆောင်သူတို့ဖြင့် နေ့စဉ်စည်ကားသည်။ ဗုံတောင်တီးခြင်းမှာ ကုသိုလ်ပြုရေး နိုးဆော်ပေးခြင်းပင်ဖြစ်သည်။မဟာမုနိဘုရားကြီးဂန္ဓကုဋ္ဌိတိုက်စတင်ဖွင့်လှစ်ပြီဖြစ်ပါကြောင်း နေ့စဉ်နံနက် ၄ နာရီတိတိတွင် ဗုံတောင်ကို သာယာနာပျော်ဖွယ်တီးပေးကာ ကုသိုလ်ပြုရေးနိုးဆော်ပေးခြင်းဖြစ်သည်။

ဗုံတောင်တီးအဖွဲ့သည် နေ့စဉ် နံနက် ၄ နာရီနှင့် ညနေ ၄ နာရီတွင် တီးကြရသည်။ ဗုံတောင်တီးခြင်းသည် အသိပေးနှိုးဆော်မှုတစ်ခု ပြုလုပ်ခြင်းသာဖြစ်သည်။ မဟာမုနိဘုရားကြီး စတင်ဖွင့်ပါပြီ။ ဘုရားဖူးကြကုန်လော့၊ ဈေးသည်များလည်း ဆိုင်ခန်းတွေဖွင့်ကြလော့၊ ကောင်းမှုတွေပြုကြလော့၊ ကောင်းမှုမမေ့ကြရန် သာယာနာပျော်ဖွယ် အသံဖြင့် အသိပေးခြင်းဖြစ်သည်ဟု ဆိုကြသည်။ ညနေ ၄ နာရီတွင်လည်း မဟာမုနိဘုရားကြီးဂန္ဓကုဋ္ဌိတိုက် စတင်ပိတ်တော့မည်ဆိုသည့်အကြောင်း ဗုံတောင်တီး၍ အသိပေးနှိုးဆော်သည်။

မဟာမုနိဘုရားကြီးရှိ ဗုံတောင်အချိန်မှန် တစ်နေ့နှစ်ကြိမ်တီးခြင်းဓလေ့သည် မြန်မာနိုင်ငံတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင်သာ ရှိသည်။ နေ့စဉ်နံနက် ၄ နာရီနှင့် ညနေ ၄ နာရီတွင် အချိန်မှန်တီးခတ်ပေးကြရသည်။ မဟာမုနိဘုရားကြီး၏ အစဉ်အဆက်ထိန်းသိမ်းလာသော ဗုံတောင်တီးခြင်းကို ဘုရားဖူးများ အထူးစိတ်ဝင်စားကြသည်။ ဗုံတောင်တွင် ဗုံတောင်၊ ပတ္တလား၊ နှဲကြီး၊ စည်းလင်းကွင်း၊ မောင်းကြီးတို့ပါဝင်သည်။

လက်ရှိကာလအထိ ရှေးမူမပျက် ဗုံတောင်၊ ပတ္တလား၊ နှဲကြီး၊ စည်းလင်းကွင်း၊ မောင်းကြီးတို့နှင့် တီးခတ်ကြပြီး

အများစုမှာ မဟာဂီတထဲမှ သီချင်းကြီးများ၊ ဓမ္မတေးသီချင်းများကို သာယာနာပျော်ဖွယ် တီးခတ်လေ့ရှိသည်။ နေ့စဉ် နံနက် ၄ နာရီနှင့် ညနေ ၄ နာရီ အချိန်မှန်တီးခတ်နှိုးဆော်သော မဟာမုနိဘုရားကြီး ဗုံတောင်တီးဓလေ့ကို ဘုရားဖူးများနှင့် နိုင်ငံတစ်ကာမှ ဧည့်သည်များ အထူးစိတ်ဝင်တစားကြည့်ရှုကြသည်။ ဗုံတောင်တီးသည့်ဓလေ့မှာ မြန်မာနိုင်ငံတွင် မဟာမုနိဘုရားကြီးတွင်သာရှိသော ရိုးရာယဉ်ကျေးမှုတစ်ရပ်၊ မန္တလေးမြို့၏ အလှတရားအဖြစ် တည်ရှိနေသည်။

မန္တလေးယဉ်ကျေးမှုများထဲမှ လေ့လာစရာများတွင် မန္တလေးမဟာမုနိဘုရားကြီး ပန်းစေတီပူဇော်ပွဲနှင့် နံ့သာသွေးကုသိုလ်ပြုပွဲပင်ဖြစ်သည်။ မန္တလေးမြို့ မဟာမုနိဘုရားကြီးရောက်သူများသည် နံနက်ပိုင်းမှ ညနေပိုင်းကာလအတွင်း ဘုရားဖူးရင်း နံ့သာသွေးသည့် ကုသိုလ်ကို ယူလေ့ရှိကြသည်။ သွေးထားသောနံ့သာများမှာ နေ့စဉ် မဟာမုနိရုပ်ပွားတော်ကို မျက်နှာသစ်တော်ရေအဖြစ် အသုံးပြုသည့်အတွက် အလေးထားကာ ကုသိုလ်ပြုကြသည်။ မွန်းလွဲပိုင်းနှင့် ညနေပိုင်း မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်သူတို့မှာ ပန်းစေတီပူဇော်ပွဲအတွက် ပန်းများကို အားထားပူဇော်လေ့ရှိသည်။

ညနေပိုင်း မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်သူများသည် ပန်းစေတီအတွက် ပန်းမျိုးစုံကို ပန်းစေတီအဖွဲ့ထံ လာရောက်လှူဒါန်းကြသည်။ အလှူရှင်များ လှူဒါန်းသော ပန်းများကို ပန်းစေတီအဖွဲ့က စေတီပြုလုပ်ကာ ပူဇော်ရန်ပြင်ဆင်ကြရသည်။ ပန်းစေတီ ပြုလုပ်နေစဉ် ပန်းများလာရောက်လှူဒါန်းသူများဖြင့် နေ့စဉ် စည်ကားသည်။

ကပ်လှူပူဇော်

ပန်းစေတီ ပြုလုပ်သည့်နေရာတွင် နံ့သာသွေးသည့်အဖွဲ့ဘက်ကလည်း တစ်နေကုန်ကုသိုလ်ပြုကာ သွေးထားသည့် နံ့သာများ၊ ရေတော်များကို လာရောက်ပို့ဆောင်ပေးကာ ပန်းရေချမ်းကပ်လှူရန်အတွက် ပြင်ဆင်ပေးထားသည်။ ပန်းစေတီ ရေချမ်း၊ နံ့သာများကို ကပ်လှူရန်ပြင်ဆင်ထားခြင်းမှာ နံနက်ခင်းမျက်နှာသစ်တော်ရေအတွက် ညနေပိုင်းကတည်းက အရန်သင့်ပြုလုပ်ကာ ကပ်လှူပူဇော်ထားခြင်း ဖြစ်သည်။

ပန်းစေတီနှင့် နံ့သာများကို ရေတော်ဆရာတော်ကြွလာသည့်အချိန်တွင် ကပ်လှူပူဇော်လေ့ရှိသည်။ အများအားဖြင့် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကပ်လှူပူဇော်သည်။ သို့အတွက် မန္တလေးမြို့သို့ရောက်ရှိပါက မန္တလေးမြို့ မဟာမုနိဘုရားတွင် နေ့စဉ်မြင်တွေ့ရသော ကုသိုလ်ပြုမြင်ကွင်းအလှတရားများဆီသို့ တစ်ခေါက် အရောက်သွားကာ လေ့လာသင့်လှပေသည်။

ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ မိရိုးဖလာ ဓနိပျစ်ထိုးလုပ်ငန်း

အောင်ကြည်မိုး(စစ်တွေ)

ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများ၌ ဓနိပျစ်များကို အမိုးအကာပြုလုပ်ပြီး အိမ်ဆောက်နေထိုင်လျက်ရှိနေဆဲဖြစ်၍ ဓနိရွက်ပျစ်ထိုးလုပ်ငန်းသည် ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ မိရိုးဖလာစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မြို့ပြတွင်နေထိုင်သူများလည်း နွေရာသီ၌ နေပူဒဏ်ကိုမခံနိုင်ကြ၍ တချို့နေအိမ်များ၌ အိမ်ခေါင်မိုးအား သွပ်ပြားမမိုးကြဘဲ ဓနိပျစ်မိုး၍ နေထိုင်လျက်ရှိနေကြသည်။ ဓနိပျစ်ထိုး အိမ်ခေါင်မိုးဆိုလျှင် နွေရာသီ၌ အအေးဓာတ်ရရှိသည်ဆိုပြီး မြို့ပြ၌ နေထိုင်လျက်ရှိနေကြသည်ကို တွေ့မြင်နေရသည်။

ဓနိပင်အား ရခိုင်ဒေသ၌ “ရေအုန်းပင်” ဟု ခေါ်ဆိုကြသည်။ သက္ကြန်ကာလ ရခိုင်ရိုးရာ ရေလောင်းမဏ္ဍပ်များ၌ ရေအုန်းပင်မှအကိုင်းအခက်အလက်များဖြင့် ပြုလုပ်ကြသည်။ ရခိုင်ပြည်နယ်၌ နွေရာသီ၌ဆိုလျှင် ဓနိ၊ဝါးအိမ်ဆောက်ပစ္စည်း စီးပွားရေးလုပ်သူများက ဝါးဖောင်နှင့်တွဲလျက် ဓနိပျစ်ဖောင်များကို မြစ်ချောင်းများတွင် စုန်ဆန်မျှောပြီး တစ်ရွာဝင် တစ်ရွာထွက် ရောင်းချနေတတ်ကြသည်။

ဓနိများကို ရေချိုရေငန်စပ်ဒေသများ၊ ရေငန်ဒီရေတောများမှ ထုတ်ယူရရှိသည်။ ဓနိများကို ယခင်က သဘာဝအတိုင်း ထုတ်ယူခဲ့ကြသော်လည်း ယခုအခါ ဓနိပင်များအား ရခိုင်ဒေသ၌ စီးပွားရေးစိုက်ခင်းများအဖြစ် ထူထောင်၊ ထုတ်ယူလာကြသည်ကို တွေ့မြင်လာရသည်။ ဓနိပင်များကို ရခိုင်ပြည်နယ်ရှိ မြေပုံမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့တွင် အများဆုံးထုတ်ယူရရှိကြသည်။ အိမ်ခေါင်မိုး ဓနိပျစ်များကို စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းများမှ ပွင့်လင်းရာသီ ဧပြီ၊ မေလတို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချနေကြသည်။

ရခိုင်ပြည်နယ်၌ မြစ်ချောင်းများပေါများ၍ ပင်လယ်ရေငန်ရောက်သော ဒီရေအတက်အကျရှိသည့် သောင်ပေါ်ကမ်းစပ်မြေများတွင် ဓနိပင်များကို စိုက်ပျိုးကြသည်။ ဓနိစေ့များကို ကြိုးတန်းဆွဲ၍ တစ်ပင်နှင့်တစ်ပင် ငါးတောင်၊ ခြောက်တောင်ခန့်ခွာပြီး ညီညာစွာစိုက်ပျိုးကြရသည်။ ဓနိပင်သည် အကြီးမြန်သော အပင်အမျိုးစားဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ကြီးထွားတတ်သဖြင့် ဓနိပျစ်ထိုးရန် ဓနိရွက်အရေအတွက်တိုး၍ ရရှိကြသည်။ ဓနိပင်စိုက်ပျိုးပြီး သုံးနှစ်ခန့်ကြာမြင့်ချိန် ဓနိကိုင်းများဖြာထွက်လာပြီး ခုတ်ယူရသည်။ အောက်ဆုံးမှ ရင့်လာသော ကိုင်းများကိုစ၍ ခုတ်ယူသည်ကို ဓားတင်သည်ဟု ခေါ်ဆိုကြ၏။ ဓနိပင်ကြီးတစ်ပင်လျှင် ဓနိလက် ၂၀ ကျော်နီးပါး ထွက်တတ်သည်။ ဓနိတောစိုက်ပျိုးခြင်းသည် အခြားသီးနှံပင်များကဲ့သို့ ဓာတ်မြေဩဇာကျွေးရခြင်း၊ ပေါင်းမြက် ရှင်းလင်းခြင်း လုံးဝလုပ်စရာမလိုသောလုပ်ငန်းဖြစ်သည်။ ဒီရေအတက်အကျနှင့်ပါလာသော နုန်းမြေများသည် ဓနိတောအတွင်းတွင် တင်ကျန်နေခဲ့ပြီး သဘာဝမြေဩဇာအဖြစ်နှင့် ဓနိပင်များကို ကြီးထွားစေသည်။

ဆောင်းရာသီကာလ တပို့တွဲလရောက်သည်နှင့် ဓနိတောမှ ဓနိရွက် စတင်ခုတ်ယူကြရသည်။ ဓနိပင်၏အမြင့် ၁၅ တောင်၊ ၁၆ တောင်ခန့် ရှိတတ်သည်။ ဓနိကိုင်းမှ ခုတ်ယူရရှိသော ဓနိရွက်၏အရှည် ခြောက်ပေကျော် မြင့်ပြီး အရွက်၏ဖြက်အကျယ်မှာ လက်တစ်ဝါးခန့် ရှိသည်။ ရင့်နေသော ဓနိလက်များကို ဓနိတောများမှ ခုတ်ယူကာ အိမ်သို့သယ်ယူကြရပြီး ရောက်ရှိသည့်အခါ ဓနိလက်များကိုစီ၍ အတန်းလိုက် ထပ်ပြီး ဓနိပျစ်မထိုးရသေးဘဲ တစ်ပတ် ၁၀ ရက် ထားရှိရသည်။

ဓနိရွက်ပျစ်ထိုးရန် ဝါးကို အခြမ်းခြမ်းစိတ်ထားရပြီး နှစ်တောင်၊ သုံးတောင် အရှည်ထားရှိ၍ ဓနိရွက်အား ဓနိရွက်တံနှင့် ထိုးရသည်။ ထိုးပြီးသောဓနိပျစ်များအား အိမ်ခေါင်အမိုးအဖြစ်ထားရှိချိန် ပိုးမထိုးရန်နှင့် ကြာရှည်ခံရန် မြစ်ကမ်းစပ်၊ ချောင်းများရှိ ဆားငန်ရေထဲ ရက်ရှည်လများစိမ်ထားကြရသည်။ ဤသို့ ဓနိပျစ်များအား ဆားငန်ရေစိမ်ထားပါမှ အိမ်ခေါင်မိုးဓနိပျစ် ပိုးမထိုး၍ သုံးနှစ်နီးပါး အသစ်လဲလှယ်စရာမလို နေထိုင်နိုင်သည်။

ဓနိပင်မှအသီးကို ခွဲယူပြီး စာသင်ကျောင်းများရှိ ဈေးတန်း၌ ရောင်းချနေကြသည်။ စာရေးသူတို့ ကျောင်းသားဘဝ မုန့်စားကျောင်းဆင်းချိန် ဓနိသီးများအား ကျောင်းဈေးတန်းမှ ဝယ်ယူစားသောက်ခဲ့ဖူးသည်။ ဓနိပင်မှ အရွက်နုကို ဟင်းစားအဖြစ် ချက်ပြုတ်၊ တို့စားနိုင်သလို ဆီးချို၊ သွေးတိုး စသည့်ရောဂါများကို သက်သာစေပါသည်။ ဓနိရည်ကို ဓနိအပင်မှထုတ်ယူကာ ချက်ချင်းသောက်သုံးရရှိပြီး ဓနိရည် အရသာ ချိုတတ ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ တချို့ဒေသများ၌ ဓနိပင်မှထုတ်ယူသော ဓနိရည်ကို ချက်လုပ်ပြီး သကာ၊ အချိုခဲအဖြစ် ထုတ်ယူ၊ရောင်းချနေကြသည်များလည်း ရှိသည်။ ဓနိပင်၏ အရွက်နု(ခ) ဓနိဖူးအား သုပ်စား၍ရသည်။ ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသနေအိမ်များ၌ ဓနိပျစ်များအား အိမ်ခေါင်မိုးအဖြစ် အသုံးပြုနေကြဆဲဖြစ်ပြီး ဓနိရွက်ပျစ်ထိုးလုပ်ငန်းအား မိရိုးဖလာအသက်မွေးကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိနေကြပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဝတ္ထုတို

■ မေပျို

အနောက်အရပ်ဆီသို့ အိပ်တန်းပြန်နေကြသော ငှက်တစ်အုပ်ကို မြင်နေရသည်။ ပုစွန်ဆီရောင်နေလုံးကြီးကလည်း အနောက်ကျွန်းမှာ ဝင်လုလု။ ရိုးတံကျဲကျဲနှင့် ပင်အိုတို့ကလည်း ဟိုသည်ယိမ်းကာလှုပ်ရှားနေကြသည်။ နွေနှင့်အညီ တိုက်ခတ်လာသော လေများကလည်း အေးမြခြင်းမရှိ။ ရော်ရွက်တချို့မှာ မြေသို့သက်ဆင်းကာ လေရူးသယ်ဆောင်ရာဝဲပျံလျက်၊ တချို့ရော်ရွက်များကတော့ မိခင်ပင်ကိုင်းထက်မှာ မှီခိုနိုင်သမျှမေးတင်ခိုတွဲလို့။ နွေလေရူးတို့သည် အမှန်ပင်ပူလောင်လွန်းလှသည်။

(၁)

"ကိုစက်ဖေ အဆင်ပြေခဲ့လား"

"မပြေပါဘူးကွာ၊ မနေ့ကမှ တစ်ယောက်ကလာယူသွားတာတဲ့"

"အဲဒါဆို ကျုပ်တို့ဘယ်လိုလုပ်ကြမလဲ "

"မင်း ဘာမှမပူပါနဲ့။ ငါ အဆင်ပြေအောင်ကြည့်စီစဉ်မှာပါ။ ခု ဗိုက်ဆာလာတယ် ဘာဟင်းချက်လဲ"

"ပဲကွဲဟင်းရည်နဲ့ အငန်ကြော်၊ မန်ကျည်းရွက်သုပ်"

"အေး သွားပြီးခူးခပ်ယူခဲ့ကွာ၊ ဗိုက်အတော်ဆာနေပြီ။ စားကြရအောင်"

တကယ်တော့ ဦးစက်ဖေ ဗိုက်ဆာလွန်းလှသည်မဟုတ်။ ရင်ထဲမှာ လှိုက်၍ဟာနေသည်သာ သိသည်။ တစ်နေကုန် ခြေတိုအောင်သွားခဲ့ရသည်မို့ အဆာလွန်သွားတာလည်း ဖြစ်နိုင်သည်။ သားသုံးယောက်တို့၏ဖခင်၊ အရေးဆိုင်ဖို့သာသိသောဇနီးသည် မမြရီ၏ ခင်ပွန်း။

ခုလည်း သားအလတ်ကောင်က မိန်းမတောင်းခိုင်းနေပြီ။ မိုးခေါင်သည်မှာ နှစ်နှစ်ရှိပြီမို့ စီးပွားရေးက ကျပ်တည်းလှသည်။ သည်ကြားထဲ ကုန်ဈေးနှုန်းကလည်း ဒုံးပျံကိုသံပတ်ပေးလွှတ်တင်ထားသလို မြင့်တက်လွန်းလှသည်မို့ အစစအရာရာ ခြိုးခြံချွေတာနေရသည်။ ဆန်နှင့်ဆီကိုပင် အလျဉ်မီအောင်စုဆောင်းရသည်။ ဟင်းက ကြုံသလိုနှင့်ဖြစ်သလိုသာ စားလည်းဖြစ်သည် မဟုတ်လား။

မနက်ကတည်းက ငွေတိုးပေးသောအိမ်များသို့သွားခဲ့သော်လည်း အဆင်မပြေခဲ့။ အတိုးနှုန်းက မတရားများလွန်းလှသည်။

မျက်စိမှိတ်ယူခဲ့ပြီးမှ မဆပ်နိုင်လျှင်ပို၍ဒုက္ခများကြဖို့သာရှိတော့မည်။ ထို့ကြောင့် နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကိုသာလုပ်ဖို့ စိတ်ပိုင်းဖြတ်ကာ ပြန်လာခဲ့သည်။ ဇနီးသည် မမြရီနှင့် သားငယ်ကိုပြောလျှင် အကြောက်အကန်ငြင်းဆန်ကြမှာ သေချာသည်။ သို့သော် မတတ်နိုင်။ ကိုယ်တွေက သားရှင်၊ သားမျက်နှာမငယ်ရအောင်တော့ မင်္ဂလာပွဲလေးကို တင့်တောင်းတင့်တယ်ဖြစ်အောင်တော့ လုပ်ပေးရမည်။

"ကိုစက်ဖေ ... ကိုစက်ဖေ"

"အင် ... ဟင် .. ဘာပြောလိုက်တာလဲ မြရီ"

"တော့်မလည်းနော် ဘာတွေများဒီလောက်တွေးနေရတာတုန်း။ ထမင်းပွဲရောက်နေတာကြာလှပြီ။ ကျုပ်ပြောနေတာလည်း ဂရုမစိုက်ဘူး"

"အေးပါကွာ ... ဒါနဲ့ မြရီ သားငယ်ရော "

"နွားတဲထဲမှာ နွားစာကျွေးနေလေရဲ့တော်၊ သူ့နွားတွေကို အရိပ်တကြည့်ကြည့်နဲ့ ကြည့်မဝ ရှုမဝဖြစ်နေတာ"

"အေး ငါမင်းနဲ့ သားငယ်ကို ပြောစရာရှိတယ်။ သားငယ်ကို ခေါ်လိုက်ပါဦးကွာ"

သားငယ်ကိုပြောရမယ့် စကားတွေကို ခေါင်းထဲမှာစီရင်း ဦးစက်ဖေသက်ပြင်းမောကြီးကို ရှည်လျားစွာချမိသည်။ ခုလိုလုပ်ရပ်က သားငယ်ကို များစွာနာကျင်စေမိမှာကို သိသည်။ ဒါပေမယ့် ကမ္ဘာမီးလောင်လို့ သားကောင်ချနင်းသည်ဟုသာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်တော့သည်။

(၂)

"အဖေတို့ မတရားဘူးဗျာ၊ ညီလတ်ကျတော့ မင်္ဂလာဆောင်ပေးတာ ဟီးထနေတာပဲ။ ကျွန်တော့်တုန်းက အဖြစ်ပဲလုပ်ပေးတယ်"

"ဟဲ့ သားကြီး မင်းဘယ်လိုပြောလိုက်တာလဲ။ မင်းအလှည့်တုန်းကလည်း မင်းအဖေမဖြစ်ဖြစ်အောင် လုပ်ပေးခဲ့တာပဲ။ မင်းသာ သားအကြီးဆုံးဖြစ်ပြီး မင်္ဂလာဆောင်ပြီးကတည်းက မိန်းမနောက်လိုက်သွားလိုက်တာ အိမ်တောင် ဘယ်နှခေါက်ပြန်ခဲ့သလဲ။ ခုမှ စကားနာလာထိုးမနေနဲ့ "

ဒေါ်မြရီစကားကြောင့် သားကြီးမှာပါးစပ်ပိတ်သွားသော်လည်း မျက်နှာအမူအရာမှာ သိပ်မကျေနပ်လှ။ ဦးစက်ဖေရဲ့ သားတွေအပေါ်ထားတဲ့မေတ္တာတရားကို အသိရှိဆုံးမို့ ဖခင်အပေါ် ကက်ကက်လန်ရန်တွေ့နေသည်ကိုတော့ ဒေါ်မြရီ သည်းမခံနိုင်ပါ။ ဒီသားတွေအတွက် အရာရာပေးဆပ်ဖို့အသင့်ဖြစ်နေတဲ့ ခင်ပွန်းကိုလည်း လေးစားအားကိုးသည်က တစ်ဝက်၊ သနားသည်က တစ်ဝက်။ ဒီအိမ်မှာ မီးဖိုချောင်အရေးကအစ ခင်ပွန်းသည်ကသာ အဆင်ပြေအောင် ရှာဖွေပေးခဲ့သည်။

"မိန်းမအိမ်လိုက်ရတာပေါ့ အမေ၊ အမေတို့က သားကိုဘာများထောက်ပံ့ပေးနိုင်လို့လဲ။ ကျွန်တော့်မှာ မိန်းမအိမ်ကို အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ လိုက်သွားရတာ ဘယ်လောက်မျက်နှာငယ်ရလဲ"

"ကိုကြီး တော်တော့ဗျာ၊ ကိုကြီး မင်္ဂလာဆောင်တုန်းကလည်း ယာတစ်ကွက်ရောင်းပြီး လုပ်ပေးခဲ့ရတာ။ ကြီးကြီးကျယ်ကျယ်ကြီး လုပ်မပေးနိုင်ပေမယ့် ကိုကြီးမျက်နှာမငယ်ခဲ့ရပါဘူး။ ကိုကြီးသာ အလုပ်လည်းရ မိန်းမလည်းရ အဖေနဲ့အမေကို ဘာတွေကျေးဇူးဆပ်ခဲ့ရလဲ ပြန်တွေးကြည့်စမ်းပါ။ ခု ကိုလတ်အတွက်လည်း ကျွန်တော့်အချစ်ဆုံး နွားကြီးတစ်ရှဉ်းကိုရောင်းလိုက်ရတာဗျ။ အဲဒါ ကိုကြီးတို့သိလား အီး ဟီး ... "

ပြောရင်း ဝမ်းပန်းတနည်းငိုနေသော သားငယ်ကိုကြည့်ရင်း ဦးစက်ဖေနှင့်ဒေါ်မြရီမှာ ရင်နင့်ကြရသည်။ သားလတ်ကလည်း တစ်ဦးတည်းသော သမီးကို ယူမိသောကြောင့် ဆံထုံးနောက်သျှောင်ပါသွားချေပြီ။

စီးပွားအမွေမပေးနိုင်၍ သားတွေကို ပညာအမွေတော့ရအောင်ပေးမည်ဟု ကြိုးဝါးခဲ့ကြသည်။ တကယ်တမ်းကျ ထင်သလိုမလွယ်ကူခဲ့ပါ။ ဘွဲ့ရ အလုပ်တစ်ခုရအောင်သာ ပံ့ပိုးပေးနိုင်ခဲ့သည်သာ။ မိဘတို့မည်သည် သားသမီးတို့အတွက် အပေးသာရှိ အယူမရှိလိုကြသူများဖြစ်သည်။ သားကြီးစကားကြောင့် ဦးစက်ဖေနင့်ခနဲ ခံစားလိုက်ရသည်။

"ကဲ တော်ကြပါတော့ သားတို့ရာ၊ အဖေတို့ အပြည့်အဝမထောက်ပံ့ပေးနိုင်လို့ စိတ်မကောင်းဖြစ်ရတယ်။ ဒီထက်ပိုမလုပ်ပေးနိုင်လို့လည်း အဖေတောင်းပန်တယ်။ ဒါပေမယ့် အဖေ မင်းတို့ကို တစ်သက်စားမကုန်တဲ့ ပညာအမွေကိုတော့ ပေးခဲ့ပါတယ်"

"အဖေ ဘာမှတောင်းပန်စရာမလိုဘူး။ ကိုကြီးတို့၊ ကိုလတ်တို့ လွန်တယ်ဗျာ။ ဘွဲ့ရ အလုပ်ရလို့မှ မိဘကိုလုပ်မကျွေးရသေးဘူး။ မိန်းမ တန်းယူကြတာ။ ပြီးတော့ ကျေးဇူးမသိခြေရာတိုင်းချင်ကြသေး။

သူ့ကျ ဘယ်လို၊ ငါ့ကျဘယ်လိုနဲ့။ မိသားစုညီအစ်ကိုဆိုတဲ့အတွေးတွေ မတွေးမိကြဘူးလား။ ပြန်ကြတော့ဗျာ။ အဖေနဲ့ အမေ့ကို ထပ်မနှိပ်စက်ကြပါနဲ့တော့"

"ဟေ့ကောင် မင်းဘာပြောတာလဲ။ အငယ်က အငယ်လိုနေစမ်း။ မင်းအလှည့်ကျ ကြည့်ရသေးတာပေါ့ကွာ"

"သားငယ် တော်တော့"

ဦးစက်ဖေ သားငယ်ကို ဟန့်တားလိုက်သည်။ နည်းလမ်းမကျသည်က တစ်ပိုင်း။ အငယ်က အကြီးကို ပြန်ပြောနေတာကိုတော့ မနှစ်သက်ပေ။ သားငယ်သည် ဖခင်စကားကြောင့် ပါးစပ်ပိတ်လိုက်ရသော်လည်း လက်သီးကို ဆုပ်ထားသည်။ အသက်ရှူသံပြင်းနေတာကြည့်ရင် သားငယ်ဘယ်လောက် စိတ်တိုနေသည်ဆိုတာ သိသာလှသည်။ သားကြီးကတော့ သူပြောချင်တာပြောပြီး ပြန်သွားလေပြီ။

"ကိုစက်ဖေရယ်... ကျုပ်တော့ သေသာ သေလိုက်ချင်တော့တယ် "

"မင်းကလည်းကွာ "

(၃)

နေပူနေရာမှ ရုတ်ချည်းဆိုသလို မိုးသားတိမ်လိပ်တွေ မည်းမှောင်လာသည်။ နံ့ပြူစို့ကာစ စပါးခင်းထဲက ပေါင်းမြက်တွေကို သားအဖနှစ်ယောက်နုတ်နေကြရင်း မိုးစက်တွေက ဟောဒိုင်းကျလာသည်။ မိုးခေါင်ပြီး နှစ်နှစ်ကျော်ကြာမှ မိုးရွာခဲ့သည်မို့ ဒီနှစ်တော့ စပါးကောင်းကောင်းစိုက်ခွင့်ရသည်။ ဦးစက်ဖေမှာ ပီတိတွေဖြင့် ပျော်မဆုံးတော့ပေ။

"အဖေ သွားကြစို့။ မိုးတွေကျလာပြီ။ တော်ကြာ အဖေဖျားနေပါ့မယ်။ မပြီးသေးတာတွေ မနက်ဖြန်မှ သားဆက်နုတ်လိုက်မယ်"

"ဒါဆိုလည်း သွားကြမယ်သားရေ၊ ငါ့သားလည်း ပင်ပန်းလှပါတယ်။ အဖေရော ကူမှာပေါ့ကွာ "

ဦးစက်ဖေမှာ သားအငယ်ရဲ့မိဘအပေါ်သိတတ်မှုကြောင့် ဝမ်းသာရသည်။ ဘာဖြစ်ဖြစ် ဒီသားတစ်ယောက်ကတော့ သူတို့ကိုပစ်မထားဟု ထင်သည်။ ခိုင်းနွားကြီးနှစ်ကောင်လည်း မရှိတော့သည်မို့ တခြားသူဆီက နွားကို စပါးပေါ်ပေး ငှား၍ခိုင်းရသည်။ လက်ဖြင့်လုပ်၍ရသလောက် သားအဖနှစ်ယောက် ကြိုးစား၍လုပ်ကြသည်။ အတတ်နိုင်ဆုံး မငှားရမ်းရအောင် လုပ်ကြသည်။ စပါးအောင်လျှင် စိတ်အေးရမည်။ ကျန်သည်က သူ့ဟာနှင့်သူ အဆင်ပြေအောင်စားသောက်သွားရုံပင်။ မိဘတွေကိုငဲ့၍ ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ကာ လယ်ယာအလုပ်ထဲဝင်ကူနေသော သားငယ်အတွက် တွေးမိတိုင်း ဦးစက်ဖေ စိတ်မကောင်းဖြစ်ရသည်။

"ဟော ဒီသားအဖတွေ ပြန်လာကြပြီလား။ ကျုပ်မယ် မိုးတွေကျကတည်းက စိတ်ပူပြီးမျှော်နေတာ။ မိုးရေတွေလည်း ရွှဲလို့။ ရေတစ်ခါတည်းချိုးလိုက်ကြ။ ပြီးရင် ထမင်းစားဖို့ ထမင်းခူးထားလိုက်တော့မယ်"

"ဘာဟင်းလဲ အမေ"

"အမလေး ငါ့သားအကြိုက် ရွာတောင်ပိုင်းက အေးဘုံမ ငါးမြင်းဆိတ်လေးတွေ လာရောင်းတာနဲ့ ဝယ်ထားလိုက်တာ။ အဲဒါလေးကို ပင်စိမ်းမွှေးမွှေးလေးနဲ့ အိုးကပ်ချက်ရယ်၊ ခရမ်းချဉ်သီးမီးဖုတ်ထောင်းရယ်၊ ပဲနီလေး ဟင်းရည်ချက်ထားပါတယ်တော်"

"ကဲ အဖေရေ သားတော့ ဗိုက်ကအသံပေးနေပြီ။ ရေမြန်မြန်ချိုးကြစို့ဗျာ "

(၄)

တပေါင်းလေရူးသည် ကလူကျီစယ်ပြုနိုင်လွန်းလှသည်။ ဝေ့ကာဝိုက်ကာဖြင့် တိုက်နေသည်မှာ ရော်ရွက်တို့အတွက် ဝမ်းနည်းစရာပင်။

လယ်ကွက်တို့တွင် စပါးများရိတ်သိမ်းပြီးသည်ဖြစ်၍ ရိုးပြတ်တို့ဖြင့် တစ်မျိုးပင်ကြည့်ကောင်းနေတော့သည်။ ဒီနှစ် တစ်ရွာလုံးလိုလို စပါးအောင်ကြသည်။ စပါးရိတ်သိမ်းချိန်က သူ့လယ် ကိုယ့်လယ် လက်စားလိုက် ရိတ်သိမ်းကြရသည်မှာ ပျော်စရာကောင်းလှသည်။

အိမ်တလင်းအရောက် ခြွေကြလှေ့ကြ၊ စပါးသွင်းကြဖြင့် တောင်သူတို့မှာတပြုံးပြုံး။ အလှူအတန်းလုပ်ဖို့ တာဆူနေကြပြီ။ ဆောင်းအကုန် နွေအကူးမို့ လေပြည်သယ်ဆောင်ရာတွင် ကောက်နံ့ရိုးပြတ်နံ့တို့ဖြင့် ကြိုင်လှိုင်မွှေးပျံ့နေသည်။ အိမ်ရှေ့ မည်စည်ပင်ရိပ်အောက် ကွပ်ပျစ်ထက်တွင် သားအမိသားအဖသုံးယောက်သား ငြိမ်သက်နေကြသည်။ ညနေလေနုအေးတို့က မည်စည်ရွက်တို့ကို ဖြိုးဖြိုးဖြောက်ဖြောက် တိုးဝင်တိုက်ခတ်သွားကြသည်။

"စိတ်မညစ်ပါနဲ့ ငါ့သားရာ။ ဦးမောင်တို့တောင်းတဲ့ မင်္ဂလာကြေးကလည်း ခေတ်နဲ့ကြည့်ရင်မများပါဘူး။ ပြီးတော့ ညိုဝါဖြူလေးကလည်း ပညာတတ်ဘွဲ့ရကျောင်းဆရာမလေး။ ဂုဏ်လည်းရှိသလို အိန္ဒြေသိက္ခာနဲ့ ပြည့်တဲ့မိန်းကလေး။ ငါ့သားကို ရွေးချယ်တယ်ဆိုကတည်းက တကယ့်ကိုမေတ္တာသက်ဝင်လို့။ အဖေတို့က ဝမ်းသာနေတာ။ သမီးလေးတစ်ယောက်ရတော့မယ်မဟုတ်လား။ ပျော်ပျော်နေစမ်းပါ ငါ့သားရာ။ အဖေတို့မှာ တင်တောင်းပေးနိုင်တဲ့ အင်အားရှိပါသေးတယ်ကွ"

"ဟုတ်တယ် သားရဲ့။ အမေတို့မှာ ငါ့သားလေးပဲရှိတော့တာ။ ခုသားလေးလက်ထပ်ရမယ့် ညိုဝါဖြူလေးဆို အမေအရင်ကတည်းက ချစ်ပြီးသား။ အလိမ္မာအိမ်ပါလေးမို့ သားမင်္ဂလာဆောင်ကို တင့်တင့်တယ်တယ်ဖြစ်အောင် အမေတို့စီစဉ်ပေးမယ် ဟုတ်ပြီလား"

"ဒါပေမယ့် အမေရယ် သားတို့အခြေအနေနဲ့"

"တော်ပြီ သား ... ဆက်မပြောနဲ့တော့"

ဦးစက်ဖေ ဒေါ်မြရီနှင့် တိုင်ပင်ပြီးသားဖြစ်သည်။ အခက်အခဲတွေကြားမှ အကောင်းဆုံးနည်းလမ်းကိုစဉ်းစားရသည်။ ကိုယ်တွေက ဘဝရဲ့နေဝင်ချိန်အပိုင်းတွေကို ချင်းနင်းဝင်ရောက်နေရပြီမဟုတ်လား။ ချိုတစ်လှည့် ခါးတစ်လှည့် ဘဝမျိုးစုံကိုခံစားခဲ့ရပြီးပြီ။ သားလေးက အသက်ငယ်ငယ်နဲ့ ဘဝရဲ့ခါးသက်မှုတွေကို ခံစားခဲ့ရသည်။ ဒီတစ်ခါတော့ သားလေးဘဝကိုချိုမြိန်စေချင်သည်။ ချစ်ခြင်းမေတ္တာမှာ သက်ဝင်မွေ့လျော်စေချင်သည်။

ပင်အိုရော်ရွက်တွေဆိုတာ ဘယ်လောက်ပဲ မိခင်ပင်အိုကြီးကိုချစ်ခင်ပါစေ ရွက်သစ်တို့နဲ့ ဝေဆာလှပစေဖို့ ကြွေကိုကြွေဆင်းပေးရမည်။ ဒါ လောကနိယာမ။ ရွက်သစ်လေးတွေဆိုသည်ကလည်း အားလုံးနုရွ အနာအဆာကင်းကြသည်မဟုတ်။ ပိုးကိုက်ရွက်လေးတွေလည်း တစ်ခါတစ်ရံ ပါလာတတ်ကြသည်။ ပင်အိုရော်တွေကတော့ ရွက်နုသစ်လေးတွေဝေဖို့ အစွမ်းကုန် မြေသို့သက်ဆင်းပေးခဲ့ကြသည်သာ။ အတ္တကင်းသည်။ မျှော်ကိုးမှုကင်းသည်။

နေစားနေသော ချည်ထည်အင်္ကျီလက်ရှည်ရဲ့ ဝဲဘက်ရင်ဘတ်ပေါ်က အိတ်ကပ်ကိုစမ်းမိတော့ ဦးစက်ဖေသက်ပြင်းကို သဲ့သဲ့ချမိသည်။ ထို့နောက် စိတ်ညစ်စရာတွေကို အတွေးထဲမှ မောင်းထုတ်ရင်း ညနေခင်းရဲ့လေနုအေးအေးကို အားပါးတရ ရှူရှိုက်ပစ်လိုက်သည်။ သားသမီးတို့အတွက်ဟု တွေးမိလိုက်သည်နှင့် ငြိမ့်၍စီးဆင်းလာသော ချစ်ခြင်းမေတ္တာတို့သည် အခက်အခဲတို့ကို ကျော်လွှားပစ်နိုင်သည်အထိ ကြီးမားလာကြသည်။

လေးဧကကျယ်ဝန်းသော လယ်ကွက်လေးကို တစ်ဝက်ပိုင်းရောင်းဖို့ မြေဂရန်စာရွက်လေးကတော့ ဦးစက်ဖေ၏ဝဲဘက်ရင်ဘတ်ပေါ်က အိတ်ကပ်ထဲမှာ ငြိမ်သက်လို့။ မည်စည်ပင်အောက်က ကွပ်ပျစ်ပေါ်ပက်လက်လှန်လှဲချရင်း ကောင်းကင်ကြီးကိုမော့ကြည့်မိသည်။ ရိုးတံကျဲကျဲနှင့် ရွက်ဟောင်းတို့သည် ပင်ကိုင်းထက်မှာ မေးတင်ခိုတွဲနေကြလျက် ကြွေကျဖို့ အသင့်ပြင်နေကြတော့သည်။ ။

■

စောင့်ထိန်းလေးစား သိက္ခာတရား

စကားအရာ ဆင်ခြင်ကာ
လိမ္မာပါးနပ် ပြောဆိုပါ။
မိမိသိက္ခာ တန်ဖိုးထား
မှန်သောစကား ပြောစို့လား။
စောင့်ထိန်းလေးစား သိမိတ်ဆွေ
ရိုးသားခြင်းနဲ့ ဆက်ဆံလေ။
ကိုယ့်ထက်သာနေ မေတ္တာပေး
စိတ်နှလုံးက ကြည်လို့အေး။
ကူညီဖေးမ လက်တွဲကူ
မခွဲမခြား တန်းညီတူ။
သန့်စင်ဖြူစွာ နှလုံးသွင်း
ခင်မင်မပျက် သူငယ်ချင်း။
မိတ်ဆွေပေါင်းသင်း တည်စေသော်
သူ့ကျိုးကိုယ့်ကျိုး မျှစေနော်။
လောကလမ်းပေါ် အတူမခွဲ
သိက္ခာစောင့်ထိန်း ရှေ့ဆက်မြဲ။

ပိုင်ဆု(အင်းစိန်)

အရွေးမမှား အလေးထား

အသည်းကြားရယ်က
မဲတစ်ပြား တောင်းဆိုပြီ၊
လွတ်လပ်စွာ ကိုယ်စီရွေးလို့
မဲပေးကြမည်။
ပြည်သူတွေ ဆန္ဒအညီ
ပါတီတွေ မဲပေးကျ၊
ကိုယ့်နိုင်ငံ ကိုယ့်အကျိုးရယ်မို့
နိုးကြားပါဗျ။
မဲပေးရာ သတိထား
ပါတီများ လေ့လာပါ၊
နိုင်ငံကို တကယ်ချစ်မှ
ကောင်းကျိုးဖြစ်မှာ။
ခေါင်းဆောင်ကောင်း ရွေးသည့်အခါ
မှန်ကန်စွာ ဆုံးဖြတ်ပေး၊
ပြည်ရပ်ရွာ ဘဝလှဖို့
ရွေးထည့်ကြလေ။
တို့နိုင်ငံ တိုးတက်ဖို့
မျိုးဆက်တို့ တာဝန်ပေ၊
ပြည်ထောင်စု အနာဂတ်လမ်းကို
တက်လှမ်းညီစေ။
မျိုးချစ်စိတ် ပေါင်းကူးလေ
ကြိုင်လျှမ်းနေ သမိုင်းသစ်၊
ပြည်မောင်မယ် တို့အများ
အရွေးမမှားမှန်ခြစ်။ ။

သစ္စာစေမာန် (မြင်သာ)

တန်ဖိုးကို သိမြင်တတ်ပါစေ

ဆောင်းပါး

■ မောင်လွှား(ပညာရေး)

“တန်ဖိုး”ဟုပြောလိုက်လျှင် လူတိုင်းလူတိုင်းသည် အရာဝတ္ထုပစ္စည်းတစ်ခု၏ တန်ရာတန်ကြေး ငွေကြေး အတိုင်းအတာပမာဏလို့ သိကြသည်။ တန်ဖိုးဟူသော စကားကို လူသားတိုင်းကြားဖူးကြသလို ငါ့အိမ်က ဘယ်လောက်တန်တာ၊ ငါ့ခြံက ဘယ်လောက်တန်တာ၊ ငါ့ကား၊ ငါ့ဆိုင်ကယ်၊ ငါ့ဖုန်းက ဘယ်လောက်တန်တာ စသည်ဖြင့် တန်ဖိုးဟူသော စကားလုံးကို အသုံးပြုပြောဆို နေကြသည်။ သို့သော် စစ်မှန်သောတန်ဖိုးကို လူတိုင်းမြင် အောင်မကြည့်ကြပေ။ ထိုအခါ တန်ဖိုးရှိလှပါသည်ဆိုသော မိမိတို့ပိုင်ဆိုင်သည့် အရာဝတ္ထုပစ္စည်းများ၏ တန်ဖိုးသည် ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်လာကြသည်။

ကျွန်တော်တက္ကသိုလ်တက်ခဲ့စဉ် လေးနှစ်တာအချိန် ကာလတွင်သာမက ဆရာဖြစ်သင်တန်းတက်ရောက်ခဲ့သော အချိန်ကာလအထိ အပေါင်းအသင်း သူငယ်ချင်းများကြားတွင် ခဏခဏ တွေ့ကြုံခဲ့ရဖူးသည်။ အကြောင်းမှာ သူငယ်ချင်း များသည် သူတို့၏အိမ်မှ တစ်လတစ်ခါ သို့မဟုတ် တစ်ပတ် တစ်ခါ အသုံးစရိတ်များရရှိသော်လည်း အသောက်အစား၊ လောင်းကစားများ တွဲဖက်ပြုလုပ်လာသောအခါ သူတို့၏ အသုံးစရိတ်သည် ရက်အနည်းအငယ်တွင် ပြတ်လပ်သွား ကြသည်။ ထိုအခါ သူတို့၏လက်သုံးစကားဖြစ်သော “အမေရှိရင် ငွေရှိတယ်”ဟူသောစကားကို ပြောဆိုကာ ဖုန်း၊ ဆိုင်ကယ်၊ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်များကို ပေါင်နှံ ရောင်းချ၍ သုံးကြသည်။ တချို့သောသူများသည် ပေါင်နှံ စရာမရှိသောအခါ သူငယ်ချင်းများဆီမှ အမှန်တိုင်းပြော၍ ငှားရမ်းပေါင်နှံကြသလို ပြီးမှဖြစ်ချင်ရာဖြစ်ဟုဆိုကာ လိမ်လည်ပြီး ငှားရမ်းပေါင်နှံကြသည်။ တချို့သောသူများ ကမူ သူတို့၏သက်ဆိုင်သူ မိန်းကလေးများထံမှ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များကို ငှားရမ်းတောင်းယူ ပေါင်းနှံ၍ လွယ်လင့်တကူ အသုံးပြုကြသည်။ မိဘတွေက သူတို့၏သားသမီးများကို လူတန်းစေ့မျက်နှာမငယ်စေရန် ဆင်မြန်းကြသော်လည်း သားသမီးများသည် အရာဝတ္ထု ပစ္စည်းများ၏ တန်ဖိုးအစစ်အမှန်ကို နားမလည်ကြသော ကြောင့်ဖြစ်မည်ဟု ထင်မြင်မိသည်။

ဗုဒ္ဓဘာသာဝင်အဖြစ်ကို အသက်ထက်မျှ တန်ဖိုးထား ခဲ့သော အီတလီဘုန်းတော်ကြီး ဦးလောကနာထသည် ပြင်ဦးလွင်မြို့၌ ပျံလွန်တော်မမူမီ နိုင်ငံခြားသားများ ဗုဒ္ဓဘာသာကို တန်ဖိုးထားပုံနှင့် မြန်မာလူမျိုး ဗုဒ္ဓဘာသာ ဝင်များ ဗုဒ္ဓဘာသာကို တန်ဖိုးထားမှု နည်းပါးပုံနှင့် ပတ်သက်ပြီး မိန့်မှာခဲ့ပုံကို စာအုပ်တစ်အုပ်ထဲတွင် ဖတ်မှတ်ခဲ့ဖူးသည်ကို သတိရမိသည်။

“ရှင်ဘုရင်ရဲ့သားဟာ ခမည်းတော်နတ်ရွာစံပြီး သူ့အလိုလို ဘုရင့်အရိုက်အရာ ထီးမွေနန်းမွေကို ဆက်ခံ ရရှိလာတော့ ဘုရင်ဖြစ်ရတဲ့ တန်းဖိုးကို မသိဘူး။ ဒီလိုပဲ မွေးကတည်းက ဗုဒ္ဓဘာသာ ဖြစ်လာတဲ့သူတွေဟာလည်း ရတနာသုံးပါးနဲ့ သိက္ခာသုံးရပ်ရဲ့ တန်ဖိုး၊ အစွမ်းသတ္တိတွေကို မသိကြဘူး။ ဆင်းရဲသားဘဝကနေ ဘုရင်ဖြစ်သွားတဲ့ လူကျ တော့ ဘုရင်ဖြစ်ရတဲ့တန်ဖိုးကို ပိုသိတာပေ့ါ။ ဘုရင်ဖြစ်ဖို့ ကြိုးစားအားထုတ်ခဲ့ရတဲ့ အချိန်တွေ၊ လုံ့လဝီရိယတွေ၊ သတိ၊ သမာဓိ၊ ပညာအစရှိတဲ့ ကိုယ်တိုင်ကြိုးစား စိုက်ထုတ် ခဲ့ရတဲ့ တန်ဖိုးတွေဘယ်လောက်ကြီးမားတယ်ဆိုတာ ကိုယ်တိုင်တွေ့ကြုံ သိမြင်ခဲ့ရတော့ မိုက်စရာရှိတာတောင် မမိုက်ချင်တော့ဘူး။ အနစ်နာခံခဲ့ရတာတွေ၊ အားသွန်ခွန် စိုက်ကြိုးစားခဲ့ရတာတွေ၊ ဆုံးရှုံးခဲ့ရတာတွေ၊ စွန့်လွှတ်ခဲ့ရ တာတွေ ဘယ်လောက်များတယ်ဆိုတာ သူပဲသိတယ်လေ။ ဒီလိုပဲ တခြားဘာသာအယူဝါဒကနေ ထေရဝါဒဗုဒ္ဓဘာသာ ဝင်အဖြစ်သို့ ကူးပြောင်းရောက်ရှိလာသူတိုင်းဟာလည်း ဆင်းရဲသားဘဝကနေ သန်းကြွယ်သူဌေးဖြစ်တဲ့လူလိုပဲ ခံစားရတယ်”ဟူ၍ မိန့်မှာခဲ့သည်။

အီတလီဘုန်းတော်ကြီး ဦးလောကနာထ၏ မိန့်မှာခဲ့ သော ထိုအရာများကို ခြုံငုံသုံးသပ်ခြင်းဖြင့် မိမိတို့အသုံးပြု နေကြသော ပစ္စည်းများသည် များသောအားဖြင့် မိဘများက ဖန်တီးပြုလုပ်ပေးထားသော ပစ္စည်းများဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်အရည်အချင်းဖြင့် ကြိုးစားကာရယူခဲ့သော အရာများမဟုတ်သောကြောင့် တန်ဖိုးအစစ်အမှန်ကို မသိ၍ နှမြောတွယ်တာမှုမရှိ၊ ထိန်းသိမ်းစောင့်ရှောက်မှု မပြုလုပ်ဘဲ တန်ဖိုးမထားခြင်းဖြစ်သည်။ ထို့အတူ တချို့သောသူများ သည် မိမိတို့၏အရည်အချင်းဖြင့် ရှာဖွေကြသည်။ သို့သော် အသောက်အစား၊ လောင်းကစားများ အစရှိသည့် မကောင်း မှုများပြုလုပ်လာပြီး ပိုက်ဆံမရှိသောအခါ ပေါင်နှံရောင်းချ၍ ဖြုန်းတီးပစ်ကြသည်။ တန်ဖိုးသည် ထားတတ်လျှင် မြတ် သည်။ ပညာသင်ကြားစဉ်ကာလ ဆိုင်ကယ်၊ ဖုန်းနှင့် လူတန်းစေ့နေနိုင်ရန် ဆင်မြန်းထားသော နားကပ်၊ ဆွဲကြိုး၊ လက်စွပ် စသည့်ပစ္စည်းများသည် မိမိတို့၏ မိဘအစ်ကို အစ်မများ သို့တည်းမဟုတ် မိမိကိုယ်တိုင်၏ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်မှုများ၊ ကာယဉာဏလုပ်အားများဖြင့် ပြုလုပ်ပေးထားသည့် လုပ်အားများသည် မိမိတို့အသုံးပြု နေသော အရာဝတ္ထုပစ္စည်းများ၏ စစ်မှန်သောတန်ဖိုးပင် ဖြစ်သည်။ ထိုကဲ့သို့ မိမိတို့အသုံးပြုနေသော ပစ္စည်းများ၏ စစ်မှန်သောတန်ဖိုးဖြစ်သော ကာယဉာဏလုပ်အားများဖြင့် ကြိုးစားအားထုတ် လုပ်ကိုင်ခဲ့ရသော အတိတ်နောက် ကြောင်းကို သိမြင်ခြင်းဖြင့် အလွယ်တကူ ဆုံးရှုံးမှုမဖြစ် စေရန် ထိန်းသိမ်းစောင့်ရှောက်သင့်ပေသည်။

တန်ဖိုးတကာတန်ဖိုးထဲတွင် လူ့ဘဝတန်ဖိုး အစစ် အမှန်ကို သိမြင်တတ်ရန်လည်း အလွန်အရေးကြီးပါသည်။ “ဖြဟ္မာပြည်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ်တစ်စင်း အပ်သွားခြင်း ထိဖို့လွယ်ကူတယ်။ လူ့ဘဝကို ရရှိဖို့ဆိုတာ အပ်သွားခြင်း ထိဖို့ထက်ပို၍ခက်ခဲတယ်”ဟု ဘုရားဟော တရားတော်ထဲတွင် မှတ်သားခဲ့ဖူးသည်။ သံသရာသက်တမ်း နှင့်ယှဉ်လျှင် လူ့ဘဝသက်တမ်းသည် သမုဒ္ဒရာထဲရှိ ရေတစ် ပွက်မျှ အချိန်ကာလသာဖြစ်သည်။ လူ့ဘဝသည် ရခဲလှ သော်လည်း အလွန်တိုတောင်းပြီး ဗုဒ္ဓ၏တရားတော်များအရ မျိုးစေ့ကောင်းမှ အပင်သန်သလို ဘဝအဆက်ဆက်က ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များကြောင့် လူ့ဘဝသို့ ရရှိခြင်းပင်ဖြစ်သည်။

ထိုသို့ ဘဝအဆက်ဆက်က ပြုလုပ်ခဲ့သော ကုသိုလ် ကောင်းမှုများ၏ စစ်မှန်သော တန်ဖိုးကိုသိမြင်၍ ရခဲ့လှ သော လူ့ဘဝတွင်အကုသိုလ်ဖြစ်စေသော မကောင်းမှု ဒုစရိုက်လုပ်ငန်းများကို ရှောင်ရှားကြရမည်။ ထို့အပြင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော သူတော်ကောင်း တရား ခုနစ်ပါးဖြစ်သော **သဒ္ဓါ**–ဘုရား၊ တရား၊ သံဃာကို ယုံကြည်ခြင်း၊ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း၊ **သီလ**– ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ကို ကိုယ်နှုတ်နှစ်ပါးစလုံးဖြင့် စောင့်ထိန်းခြင်း၊ **ဟိရီ**–မကောင်းမှုဒုစရိုက်ပြုရမည်ကို ရှက်ခြင်း၊ **ဩတ္တပ္ပ**– မကောင်းမှုဒုစရိုက်ပြုရမည်ကို ကြောက်ခြင်း၊ **သုတ**– အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံခြင်း၊ **စာဂ**– စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်း၊ **ပညာ**– ဟုတ်မှန်စွာသိခြင်းဟူသော သူတော်ကောင်းတရားတို့နှင့်အညီ ဘဝအဆက်ဆက်က ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်များ၏ စစ်မှန်သောတန်ဖိုး ကို ထောက်ရှုသိမြင်၍ ရခဲလှသော လူ့ဘဝကိုတန်ဖိုးရှိစွာ ကျင့်ကြံနေထိုင်သင့်ပေသည်။

ထို့ကြောင့် လူသားတိုင်း မိမိတို့ပိုင်ဆိုင်သော တန်ဖိုးရှိ သည့် မည်သည့်အရာမဆို ငွေကြေးပမာဏကို မကြည့်ဘဲ လုံ့လဝီရိယဖြင့် ကြိုးစားကာ ရှာဖွေထိန်းသိမ်းခဲ့သော အတိတ်နောက်ကြောင်း တန်ဖိုးကို သိမြင်ခြင်းဖြင့် လွယ်လင့် တကူ ပေါင်းနှံရောင်းချ၍ ရခဲလှသော လူ့ဘဝတွင် မကောင်း မှုအကုသိုလ်အလုပ်များ ပြုလုပ်ခြင်းမှ ရှောင်ရှားသင့် ကြောင်း အကြံပြုရေးသားလိုက်ပါသည်။ ။

ပြန်လည်တမ်းတ ငယ်ဘဝ

❍ တို့အတူ ကြီးပြင်းခဲ့
သူငယ်ချင်းများတို့ရယ်၊
မိုးရွာရင် ရွာလမ်းကြားမှာ
ကစားကြမယ်။
ဘုတ်မကြီးက ဆီအိုးသယ်
ဘုတ်ငယ်လေးက ဆီကိုဆမ်း၊
တို့တစ်တွေ လွန်ကြည်နူး
မြူးရွှင်လို့လန်း။
❍ ချောင်းထဲမှာ လှိုင်းရေကြမ်းလည်း
တစ်ဖက်ကမ်း ကူးလို့ပျော်၊
ရေစိမ်ကြာရင် အမေလိုက်လို့
ရိုက်ဖို့သူခေါ်။
ရေချိုးရင် အော်သူအော်
လော်စပီကာလို ဟစ်ကာကြွေး၊
အိမ်အပြန် အပြေးလှမ်းလည်း
ပန်းနိုင်ဘူးလေ။
❍ ညချမ်းခါ လဖွေးဖွေး
စိန်ပြေးတမ်း ဆော့ကြတာ၊
မနောဖြူ တောဓလေ့
ပျော်မွေ့ဖွယ်ရာ။
လာကြဟေ့ မိအေးသာ
စာဥနှင့် မမလေး၊
မြောင်ပွေအကျ
တောင်အခြေက နွယ်တစ်ရိုးရယ်နဲ့
ကြိုးခုန်ကြသေး။ ။

မယ်ဇာဦး(ယင်းကွေ့ချောင်း)

စာတတ်မြောက်ရေး ဝိုင်းဝန်းကူကာပေး

❍ အမှောင်ကိုခွင်း မြတ်ပညာ
သင်ကြားလေ့လာပါ။
ငယ်စဉ်အခါ ကျောင်းကိုသွား
စာပေသင်စို့လား။
❍ ပညာများက အလင်းရောင်
အနာဂတ်ရှေ့ဆောင်။
လောကလူ့ဘောင် မြင့်မြင့်မား
ပညာစွမ်းပကား။
❍ ကမ္ဘာတစ်လွှား လှုပ်ရှားကာ
စာတတ်မြောက်အောင်ပါ။
တို့ပြည်မြန်မာ လှုံ့ဆော်ကြ
ပညာတတ်အောင်ဗျ။
❍ စက်တင်ဘာလ ရှစ်ရက်ဟာ
စာတတ်မြောက်ရေးနေ့ပါ။
ညီတူညီညာ ဆုံးဖြတ်ထား
ကမ္ဘာ့နိုင်ငံများ။
❍ ပညာမြင့်မား စာပေနယ်
တတ်မြောက်ကြအောင်ကွယ်။
ဝိုင်းဝန်းလို့ရယ် ကူညီစို့
စာပေတတ်မြောက်ဖို့။ ။

ရွှေတိုး–ထုံးဘို

ဝတ္ထုတို

ဇင်မင်းစိုး (ဗိုလ်ကလေး)



(၁)

"ကိုဖိုးအေး ... ထမင်းချိုင့် ပြင်ပြီးပြီနော်... တော်အလုပ်သွားလို့ရပြီ..."

"အေး ... အေး"

ဖိုးအေး လိုအပ်တဲ့စာရွက်စာတမ်းများကို လွယ်အိတ်ထဲထည့်ပြီး မိန်းမ လှမ်းပေးသော ထမင်းချိုင့်အားယူကာ ခြံရှေ့မှာ ရပ်ထားသော စက်ဘီးအဟောင်းလေးစီး၍ ရုံးဘက်သို့ အသာလေး နင်းထွက်လာခဲ့သည်။

ဒီအချိန်က ဖိုးအေး ပုံမှန် ရုံးတက်ချိန်ပင်။ ဖိုးအေးက အချိန်တိကျသည်။ စည်းစနစ်ရှိသည်။ တာဝန်ကျေပွန်သူဖြစ်၏။ အလုပ်ကို အပါးမခိုတတ်။

ဖိုးအေးသည် သာမန်ရုံးဝန်ထမ်းစာရေးလေး တစ်ဦးသာဖြစ်၍ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိသည်။ ဖိုးအေးရတဲ့ လစာလေးကို မိန်းမဖြစ်သူ မငွေသန်းက စိစစ်ခြစ်ခြုတ်၍ လောက်ငအောင် သုံးစွဲတတ်သူ ဖြစ်သည်။

မငွေသန်းက နံနက်ပိုင်း ကလေးနှစ်ယောက်ကို ကျောင်းပို့ပြီးလျှင် ဆေးလိပ်ခုံသွား၍ ဆေးလိပ်လိပ်ပြီး အပိုဝင်ငွေရအောင် စုသည်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းပမာ ဖိုးအေးရတဲ့ လစာငွေလေးကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည့် မီးဖိုချောင်စရိတ်အဖြစ် အသုံးပြုပြီး သူ ဘေးကရသည့် အပိုဝင်ငွေလေးကို နေ့စဉ် အသေးသုံးစရိတ်အဖြစ် ချင့်ချိန်သုံးစွဲတတ်သူလည်း ဖြစ်သည်။

မခက်ခဲသောဘဝဟု ဆိုပေမယ့် ပြေလည်တယ်ဟုလည်း မဆိုသာချေ။

ပုံကျရပ်ကွက်ကလေးဖြစ်၍ တစ်နေ့လုပ် တစ်နေ့စားဘဝတွေ များပြားလှသည်။ ရရာအလုပ်လုပ်၍ ဘဝကို ရုန်းကန်နေကြသူများသည့်အချိန်တွင် ဖိုးအေးတို့ ဝန်ထမ်းအလုပ်ကလေးက လူရိုသေ ရှင်ရိုသေအဖြစ် အရပ်ထဲမှာ တင့်တင့်တယ်တယ် ရှိလှ၏။

ဖိုးအေးက အသောက်အစား မရှိသလို နာမည်နှင့် လိုက်အောင်လည်း ရိုးသားအေးဆေးသူ ဖြစ်သည်။ မိဘဆီက အမွေရတဲ့ မြေကွက်ကလေးမှာ သုံးပင်အိမ်ကလေး ဆောက်၍ မိသားစုတွေ အတူရုန်းကန်နေကြသူများ ဖြစ်သည်။

"သမုဒ္ဒရာ ဝမ်းတစ်ထွာ" ဆိုသည့်အတိုင်း လင်မယားနှစ်ယောက် တက်ညီလက်ညီ မောင်တစ်ထမ်း မယ်တစ်ရွက်ပမာ ကြိုးစားရုန်းကန်၍ အေးအေးချမ်းချမ်း ဖြတ်သန်းနေရသော ဘဝသည်ပင်လျှင် ဖိုးအေးလိုချင်သော မိသားစု ဘဝလေးမို့ ဖိုးအေးကတော့ အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

(၂)

ယနေ့ ဖိုးအေး ခါတိုင်းလို စက်ဘီးလေး နင်းပြီး ရုံးလာရသော်လည်း စိတ်ထဲသိပ်မပါ။ မပါဆို အသစ်ပြောင်းလာသည့် ဦးစီးမှူးနှင့် သိပ်အဆင်မပြေ။

ယခင်လူကြီးက ဖိုးအေးအကြောင်း အူမချေးခါး သိထားသူမို့ အဆင်ပြေသည်။ ပင်စင်ယူသွားသည့်တိုင် နောက်ဝန်ထမ်းများကို ဖိုးအေးလိုနေကြဖို့ ဆုံးမသွားခဲ့သည်။

ယခုဦးစီးက ဖိုးအေးအကြောင်း မသိ။ ဘယ်ဝန်ထမ်းအကြောင်းမှလည်း သိမည်မထင်။ တစ်ခုတော့ ကောင်းသည်။ အလုပ်အလွန်လုပ်သူဟုဆိုရမည် ဖြစ်သည်။ ညနေရုံးဆင်းချိန်လည်း တော်တော်နှင့်မဆင်း။

သူမဆင်းတော့ ဖိုးအေးတို့လည်း မဆင်းရ။ ည ၇ နာရီ၊ ၈ နာရီအထိလည်း အလုပ်တွေက မပြီးပြတ်။ ဒါကို ဖိုးအေးက လက်မခံချင်။ နောက်ရက်တွေ လုပ်လို့ရသည်ဟု ခံယူထားသည်။

သူက နံနက် ၉ နာရီခွဲ ပုံမှန်ရုံးတက်ချိန် ဒေါင်ခနဲဆိုသည်နှင့် ဖိုးအေးက အလုပ်စားပွဲရှေ့အရောက်ပင်။ ဦးစီးကလည်း ထိုအချိန်ပင် ရောက်လာတတ်သည်။ အရင်ရောက်တော့ အရင်လုပ်ရတာက ထုံးစံဖြစ်သည်။

ကျန်ဝန်ထမ်းတွေက ၁၁ နာရီ၊ ၁၂ နာရီနီးမှ ရောက်လာတတ်သည်။ ရောက်လာလျှင်လည်း ဆင်ခြေမျိုးစုံ၊ အပူမျိုးစုံနှင့် ... ။

"အမေ့ကို ဆေးခန်းသွားပြပေးနေရလို့ .."

"ကလေးကို ကျောင်းပို့နေရလို့ပါ ဆရာ"

"ဆိုင်ကယ်ပျက်လို့..."

"ဝေးလို့"

ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုသည့် ဆင်ခြေမျိုးစုံကို နေ့တိုင်းကြားရသည်။ ဆင်ခြေမျိုးစုံနှင့် လူတွေက သက်သာသည်။ မသက်သာတာက ဖိုးအေးပင်။ လုပ်လည်း လုပ်ရသေးသည်။ အပြောလည်း မလွတ်။ ရုံးဆင်းချိန် ဆင်းမည်ဆိုတော့ ဦးစီးက မကြည်လင်။

ရုံးဆင်းခါနီးမှ စာရင်းဇယားတွေ လုပ်ဖို့ပေးသည်။ ဖိုးအေးက အလုပ်လုပ်လျှင် ပြီးစလွယ် မလုပ်တတ်။ တိကျစွာ လုပ်တတ်သဖြင့် အမှားနည်းသည်။

ကျန်သူများက နေ့လယ်ပိုင်းမှ ရုံးလာကြသူများမို့ နောက်ကျပြန်ရလည်း ဘာသံမှ မထွက်။ အချိန်မှန် ရုံးဆင်းချင်တဲ့ ဖိုးအေးကြာလာတော့ သည်းမခံနိုင်။

ဦးစီးကို အကျိုးအကြောင်း ပြောသည်။ ဒါကို ဦးစီးက "အခွင့်အရေး" ဟုထင်၍ အမြင်မကြည်လင်ရာမှ ဖိုးအေးတစ်ယောက် နောက်ပိုင်း ဦးစီးဘာလုပ်လုပ် အထင်အမြင်လွဲလေတော့သည်။

အတ္တဆန်သည်။ တစ်ကိုယ်ကောင်းဆန်သည်။ အောက်လက်ငယ်သားတွေရဲ့ အခက်အခဲကို မသိတာဟု တလွဲတွေးသည်။

ဘာပြောပြော သူ့ကိုပဲ စောင်းမြောင်းပြောသည်၊ ဘာခိုင်းခိုင်း သူ့ကိုပဲ ရွေးခိုင်းသည်၊ သူ့ကိုပဲ ဖိနှိပ်နေသည်၊ ကျန်ဝန်ထမ်းတွေကိုတော့ မျက်နှာသာပေးသည်ဟု ဖိုးအေးထင်မှတ်လာခဲ့သည်။

ဒီကြားထဲ သူ့မိန်းမ မငွေသန်းကပါ –

"ကိုဖိုးအေး ... ရှင် ဒီရက်ပိုင်း နောက်ကျလှချည်လားတော့ ... ခါတိုင်း ဒီလိုမဟုတ်ပါလား"ဟု ဆိုလာပြန်တော့ ဖိုးအေးတစ်ယောက် ငိုချင်လျက် လက်တို့ပမာ ပို၍စိတ်တိုရပြီး လုပ်ငန်းခွင်မှာ အဆင်မပြေတော့ချေ ... ။

(၃)

"ကိုကြီးမြင့်မောင်သာ စဉ်းစားကြည့်တော့ဗျာ ... ။ ကျွန်တော်က ရုံးချိန်လည်း မှန်တယ်။ သူများက နောက်ကျမှ လာတယ်။ အဲဒါကျ ဘာမှမပြောဘူး...။ ကျွန်တော် ရုံးဆင်းခါနီးပြီဆို စာရင်းတွေ လုပ်ဖို့ပေးတယ်။ နောက်မှလုပ်ပေးမယ်ဆိုလည်း မရ... ။ လုပ်ပေးပြန်တော့လည်း မှားတယ်ဆိုပြီး ဆူတယ်...။ ကျန်တဲ့ လူတွေကျ ကျွန်တော်နဲ့ တွဲလုပ်ဆိုပြီး ပြောတော့ ကျွန်တော်ပဲ ပင်ပန်းတယ်။ အမုန်းခံရတယ်...။ မှားတော့လည်း ကျွန်တော်ပဲ အဆူခံရတယ် ... တရားသလား"

ညဖက် လမ်းထိပ်က လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဖိုးအေးတစ်ယောက် လုပ်ငန်းအကြောင်း ရင်ဖွင့်ဖြစ်သည်။ မြင့်မောင်က ဖိုးအေးတို့နဲ့ တစ်လမ်းတည်းနေသူဖြစ်ပြီး အလုပ်လုပ်သည့် ရုံးလည်း ကပ်လျက်ဖြစ်သည်။ ရာထူးနှင့် လုပ်ငန်းစဝင်သည့်နေ့ကတော့ အတူတူပင် ... ။

"အခုခေတ်ကလည်း ခက်သားလားဟ ... ဖိုးအေးရ ။ မင်းတို့ ငါတို့က လူမှန်ကြီးတွေ ။ စာအုပ်ကြီးလို့တောင် နောက်ကွယ်မှာ အပြောခံရတယ်...။ တချို့ဆို မျက်နှာဖုံးကိုယ်စီနဲ့ကွ။ ခေတ်ကိုက မျက်နှာဖုံးခေတ်ဟ ... "

"မျက်နှာဖုံးခေတ်ဆိုတာ ဘာတုန်း ကိုကြီးမြင့်မောင်ရ ..."

"အ, လိုက်တာ ဖိုးအေးရာ... ။ လူကြီးအကြိုက်လိုက်ပြီး ပေါင်းသင်းနေထိုင်တာကို ပြောတာဟ ... ။ ဘာပြောပြော ဟုတ်ကဲ့ဆိုတဲ့ သူချည်းပဲ။ မှားတယ် မှန်တယ် ... တစ်ခွန်းမှ မပြောဘူး။ အလိုက်အထိုက်ကြည့်ပြီး နေကြတာ။ ခေတ်စကားအရ ပြောမယ်ဆို ဖားတာပေါ့ကွာ ... ။ ငါတို့က အဲဒီလို မနေတတ်တော့ ဘာလုပ်လုပ် ကွဲတာပဲဟေ့ ... ။ ဟိုလူတွေက ရှေ့မှာတော့ ဟုတ်ကဲ့ဆိုပေမယ့် ကွယ်ရာမှာ လုပ်ချင်မှ လုပ်ကြတာ။ မလုပ်တာက များပါတယ်ကွာ ... "

ကိုကြီးမြင့်မောင် ပြောတာတွေက ဖိုးအေးရုံးမှာ ဖြစ်ပျက်နေတာနှင့် အတူတူပင်... ။

"ဟုတ်တယ် ... ကိုကြီးမြင့်မောင် ...။ ကိုကြီးမြင့်မောင် ပြောတာနဲ့ တစ်ထပ်တည်းပဲ။ ရှေ့မှာတော့ ဟုတ်ကဲ့ပြောပေမယ့် နောက်ကွယ်ကျ ဘာမှမလုပ်တော့ ကျွန်တော်ပဲ ပင်ပန်းတယ် ... ။ မလုပ်ရတော့ မမှားဘူး။ မမှားတော့ အပြောမခံရဘူး ... ။ ကျွန်တော်ပဲ လုပ်ရတော့ မှားရင် ကျွန်တော်ပဲထိတာ... ကြာတော့ ကျွန်တော်လည်း စိတ်ညစ်တယ်ဗျာ ... ။ မလုပ်ချင်တော့ဘူး ... ။ အလုပ်ပဲ ထွက်ပစ်လိုက်ချင်တော့တယ် ... "

"အဲဒီလိုတော့ မလုပ်နဲ့ ဖိုးအေးရေ ... မင်းတို့ ငါတို့က ဘဝသမားတွေလေ...။ အခုခေတ်ကလည်း အလုပ်ရှိမှ ဂုဏ်ရှိတာဟ ... ။ ဘာဖြစ်ဖြစ် သည်းခံပါကွာ ...။ တစ်နေ့ ကိုယ့်စေတနာ နားလည်လာမှာပါ ...။ စေတနာထားပြီးလုပ်ရင် အကျိုးပေးမှာပါ။ ဘုရားတောင် ဟောထားသေးတာပဲလေ ... "

"ဟုတ်ကဲ့ပါ ... ကိုကြီးမြင့်မောင်ရာ ... ကျွန်တော်လည်း မထွက်သေးပါဘူး ... ။ အလုပ်ကိုလည်း သံယောဇဉ် ရှိပါတယ်။ စိတ်ညစ်လွန်းလို့သာ ရင်ဖွင့်မိတာပါဗျာ ... "

ဖိုးအေးတစ်ယောက် ပါးစပ်ကသာ ပြောလိုက်မိပေမယ့် ရင်ထဲက အပူကတော့ လျော့မသွား ... ။ ဘာပဲဖြစ်ဖြစ် ထုတ်ပြောလိုက်တဲ့အတွက် အထိုက်အလျောက်တော့ ရင်ထဲပေါ့သွား၏။

(၄)

ဖိုးအေးတို့ ဒုတိယဦးစီးမှူး ရာထူးတိုးတွေ ခေါ်တော့ ဝင်ရောက်လျှောက်ထား ဖြေဆိုကြသည်။ စာမေးပွဲမှာက ဖိုးအေးတို့ လုပ်နေကျ ရုံးလုပ်ငန်းတွေ မေးသည်မို့ ဖိုးအေး အလွယ်တကူပင် ဖြေဆိုနိုင်လေသည်။ ဖိုးအေးတို့လိုပင် ဌာနက ဝန်ထမ်းအချို့လည်း ဝင်ရောက်ဖြေဆိုကြသည်။

"ဖိုးအေးရေ ... ဖြေနိုင်လားဟေ့ ... "

"ဖြေနိုင်တယ် ကိုကြီးမြင့်မောင်...။ ကိုကြီးမြင့်မောင်တို့ ဌာနရော ခေါ်တယ်လေ ... ။ ဝင်ဖြေတယ်မလား..."

"အေး ... ဖြေတယ်လေ။ လုပ်နေကျ လုပ်ငန်းတွေအကြောင်း မေးတော့ ဖြေနိုင်တယ်ဟေ့။ မင်းရော ဌာနမှာ အဆင်ပြေလား ... "

"ဒီလိုပါပဲ ... ကိုကြီးမြင့်မောင်ရယ်... ။ အဆင်ပြေအောင် နေရတာပေါ့။ ကိုယ်က လက်အောက်ငယ်သားပဲလေ ... သူတင်းရင် ကိုယ်လျှော့လိုက်တာပေါ့..."

"အေးပါကွာ ... အဆင်ပြေအောင်နေပါ...။ ငါ့လူကြီးဆီက သတင်းကြားတာကတော့ မင်းလူကြီးက မင်းကို အတော်အားကိုးတယ်ဆိုပဲ ..."

"ဟုတ်ပါ့မလား ... ကိုကြီးမြင့်မောင်ရယ်...။ တစ်ချိန်လုံး မျက်စိဒေါက်ထောက် ကြည့်နေတာဗျ "

"မင်းက စေ့စပ်တယ်။ တိကျတယ်...။ အမှားနည်းတယ်ဆိုတော့ မင်းကိုပဲ ခိုင်းတာဖြစ်မှာပါ...။ ကျန်သူတွေက ပြီးစလွယ် လုပ်တော့ တာဝန်မပေးရဲဘူးလေ ... ။ မင်းကို ဆူတာကလည်း ကရုဏာဒေါသနဲ့ တတ်စေချင်တဲ့ စိတ်ကြောင့် ဖြစ်မယ်ထင်ပါတယ်ကွာ...။ မင်းက ရိုးတယ်လေ ...။ ကျန်တဲ့လူတွေက မျက်နှာဖုံးနဲ့ လူတွေဆိုတာ သူလည်း သိမှာပါ...။ သူ့ဘက်က လိုက်ပြောတာ မဟုတ်ပါဘူး။ ငါက မင်းတို့ရုံးက မဟုတ်တော့ အဲသတင်းတွေလည်း ကြားစရာ မရှိဘူးလေ ... "

"ဟုတ်ကဲ့ပါ ကိုကြီးမြင့်မောင်ရယ်... ကိုကြီးမြင့်မောင်ပြောလို့ ကျွန်တော်လည်း တဖြည်းဖြည်း သဘောပေါက်လာပါပြီ။ အမှားအမှန် ကွဲကွဲပြားပြား သိလာပါပြီဗျာ ..."

"အေးပါကွာ ... အမှားသိရင် အမှန်ပြင်လို့ရသလို... ဆက်ပြီးတော့လည်း မမှားနိုင်တော့ဘူးပေါ့"

ကိုကြီးမြင့်မောင်နှင့် လမ်းခွဲပြီး မိသားစုတွေ ဘုရားပွဲ အတူသွားကြသည်။ တပေါင်းပွဲမို့ ကြက်ပျံမကျ စည်ကားလှ၏။ ဇာတ်ပွဲသွင်းသည်မို့ ပို၍ပင် တိုးမပေါက် ရှိလေသည်။

မငွေသန်းနှင့် ကလေးနှစ်ယောက်က ဇာတ်ပွဲကြည့်ချင်သည်မို့ လိုက်ပို့ခြင်း ဖြစ်သည်။ ဇာတ်ပွဲက ရာမဇာတ် ဖြစ်သဖြင့် အပြောအဆို၊ အကအလှတို့က ပညာသားပါသလို ပရိသတ်ကိုလည်း ဆွဲဆောင်နိုင်လေသည်။

"အမေ ... ဟိုဘီလူးကြီးက တကယ် လားဟင် ..."

"ဘယ်ဟုတ်မလဲ သားရယ်... မျက်နှာဖုံး စွပ်ထားတာပေါ့ ..."

"ဘာလို့ မျက်နှာဖုံးစွပ်ထားတာလဲ အမေ"

"ဩော်.. သူတို့က သာမန်လူတွေပဲလေ...။ လူ့အကြိုက်အရ ကိုယ်စီ မျက်နှာဖုံးစွပ်ထားရတာပေါ့။ မျက်နှာဖုံးစွပ်ထားမှတော့ အမှန် ဘယ်ဟုတ်ပါ့မလဲကွယ် ... ကဲ ကဲ ကြည့်ကြည့် ... မမေးနဲ့တော့"

ကလေးနှစ်ယောက်နှင့် သူ့အမေတို့ အပြန်အလှန် ပြောနေသည့် စကားတို့ကို နားထောင်ပြီး ဖိုးအေးတစ်ယောက် အသိတစ်ခု ရရှိခဲ့လေသည်။ ကိုကြီးမြင့်မောင် မကြာခဏ ပြောနေသည့် မျက်နှာဖုံးဆိုသည့် စကားကို သူ့မိန်းမ မငွေသန်းက အဓိပ္ပာယ်ဖွင့်လိုက်သဖြင့် ရှင်းရှင်းလင်းလင်း သိမြင်ခဲ့ရပြီ ဖြစ်သည်။

(၅)

ဖိုးအေးတို့ဖြေထားသည့်ရာထူးတိုးစာရင်း ထွက်လာတော့ ဖိုးအေးအမည် ပါလာပြီး ဒုတိယဦးစီးမှူး ရာထူးဖြင့် အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာ ကျလာလေတော့သည်။ ကျန်ဖြေထားသူများကတော့ ပါမလာခဲ့ချေ ...။

သို့သော် ဖိုးအေးပါလာတော့ အားလုံးက ဂုဏ်ပြုပျော်ရွှင်ကြသည်။ ဦးစီးကလည်း ...

"ဂုဏ်ယူဝမ်းသာပါတယ် ဖိုးအေးရာ ...။ မင်းနဲ့ ထိုက်တန်ပါတယ် ...။ ဆက်ကြိုးစားကွာ ... မင်းကတော့ အများကြီး ဆုံးမစရာ မလိုပါဘူး ... "

ဦးစီးက ထိုသို့ပြောတော့ ဖိုးအေး ပို၍ စိတ်မကောင်းဖြစ်ရသည်။

"ဟုတ်ကဲ့ပါ ... ဆရာ။ ကျွန်တော် မှားတာရှိရင်လည်း ကန်တော့ပြီး တောင်းပန်ပါတယ်။ ခွင့်လွှတ်ပေးပါ။ ဆရာ့စေတနာတွေကို ကျွန်တော် တကယ်မတွေ့မြင် မသိခဲ့ပါဘူး။ အခုတော့ ကျွန်တော်တွေ့မြင် သိရှိခဲ့ပါပြီ ။ ကျွန်တော်အထင်လွဲပြီး ပြောဆိုခဲ့တာတွေအတွက် ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ ဗျာ ..."

ဖိုးအေး ကန်တော့ပြီး တောင်းပန်တော့ ဦးစီးက ခွင့်လွှတ်ကြောင်း၊ လူတိုင်း တွေ့ကြုံရတဲ့ လူ့သဘာဝတွေပင်ဖြစ်ကြောင်း၊ တစ်နေ့ ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာ ဖြစ်ကြောင်း၊ ယခု ဖိုးအေးလျှောက်လှမ်းရမည့် ဘဝခရီးလမ်းသည် အေးချမ်းသွားပြီဖြစ်ကြောင်း၊ ကျန်သည့် ဝန်ထမ်းများလည်း ဖိုးအေးကို ကြည့်ပြီး လိုက်နာအတုယူ ကြိုးစားကြဖို့ လိုကြောင်း ဆုံးမဩဝါဒ ပေးလေသည်။

ကိုကြီးမြင့်မောင်ကတော့ သူ့ရုံးမှာပင် ရာထူးပြန်တိုးသည်မို့ ဖိုးအေးတို့လို ပြောင်းရွှေ့စရာ မလိုပေ။

"ဖိုးအေး ... မင်း ငါပြောတာတွေ အခု သဘောပေါက်ပြီမလား ... "

" ပေါက်ပါပြီ ကိုကြီးမြင့်မောင် ..."

"အေးကွာ ... အခုခေတ်မှာ မျက်နှာဖုံးနဲ့ လူတွေ အများကြီးရှိပေမယ့် သူတစ်ပါး ကောင်းစားဖို့အတွက် ဟန်ဆောင် အမုန်းခံတပ်ရတဲ့ မျက်နှာဖုံးနဲ့လူကတော့ ရှာမှရှားပဲဟေ့..."

"ဟုတ်ကဲ့... ကိုကြီးမြင့်မောင်... ကျွန်တော် နားလည်ခဲ့ပါပြီဗျာ ... "

ဖိုးအေးတစ်ယောက် လုံ့လ၊ ဝီရိယနှင့် စေတနာထားခြင်းတို့၏ အကျိုးကို မျက်မှောက်ခံစားရခြင်းဖြစ်ကြောင်း သိရှိခဲ့ပြီး မိမိအကျိုးအတွက် ဟန်ဆောင်နေကြတဲ့ လူတွေကြား အမုန်းခံ မျက်နှာဖုံးအောက်က ပီတိအပြုံးကို လေးစားစွာ တွေ့မြင်ခဲ့ရပြီ မဟုတ်ပါလား ...။

ဆောင်းပါး

မိုးပေါ်တက်ချင်ရင် မြေပြင်မှာအိပ်မနေနဲ့

■ အေးချမ်းအောင်(ခမိုင်း)

"ကျွန်တော့်သားတွေ အလုပ်ကို ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်တယ်။ တစ်နေကုန်တစ်နေခန်း လုပ်တယ်။ နှစ်နဲ့ချီပြီးလုပ်တယ်။ ဒါပေမယ့် ကျွန်တော်တို့မိသားစု မချမ်းသာဘူးဗျာ"တဲ့။ သက်ကြီးပိုင်းလူတစ်ယောက်ရဲ့ ညည်းတွားတဲ့ စကားတစ်ခွန်းပါ။ သူ့သားတွေက အလုပ်ကြိုးစားတဲ့အတွက် အလုပ်ရှင်ကတော့ အတော် သဘောကျပါတယ်။

အလုပ်ကြိုးစားတဲ့သူကို အလုပ်ရှင်တွေက သိပ်ချစ်ကြပါတယ်။ ဒါကြောင့် အလုပ်ရှင်တွေက လက်မလွှတ်ချင်ကြပါဘူး။ သူတို့ဆီမှာ ကြာကြာနေစေချင်တဲ့အတွက် ပျော်အောင် အလိုလိုက်မြှောက်စားထားလေ့ရှိပါတယ်။ အလုပ်ရှင်က ခုလိုအရေးပေးတာဟာ ကောင်းတဲ့လက္ခဏာပါ။

လူငယ်တွေက ဒါလေးကိုပဲ ဘဝထင်ပြီး သုံးဖြုန်းရင်း ရှေ့ရေးကိုမကြည့်ဘဲ ပေ့ါပေ့ါတန်တန်နေတတ်ကြပြန်တယ်။ ဒီလိုနဲ့ အသက်တွေကြီးလာ၊ အိမ်ထောင်တွေကျလာတော့ မိသားစုအတွက် မလောက်မင၊ လူတန်းစေ့မနေနိုင်အောင် ဖြစ်လာကြတယ်။ အလုပ်ကြိုးစားတာက ကောင်းပါတယ်။ အလုပ်ခွင်မှာပျော်နေတာလည်း ကောင်းပါတယ်။ ဒါပေမယ့် ခေါင်းခဲအောင် စဉ်းစားစရာမလိုတဲ့ နောက်လိုက်အလုပ်သမားဘဝလေးမှာ ကျေနပ်နှစ်သိမ့်နေတာကတော့ မကောင်းဘူးလို့ ကျွန်တော်ယူဆပါတယ်။ အလုပ်လုပ်ရင်း လုပ်ငန်းနဲ့ဆိုင်တဲ့ပညာကို အမြဲတမ်းလေ့လာရမယ်၊ တတ်အောင်သင်ရမယ်။ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင် လုပ်ရမယ်။ ဒါမှသာ အရည်အချင်းတိုးတက်ပြီး လစာဝင်ငွေ ပိုတိုးလာမှာပါ။

ကျွန်တော် ဖားကန့်မှာနေတုံးက လူငယ်တစ်ယောက်နဲ့ ဆုံခဲ့ဖူးပါတယ်။ သူက လောပန်(အလုပ်ရှင်သူဌေး)အိမ်မှာ ကျောက်ဆေး၊ ကျောက်ရောင်းအလုပ်ကို လုပ်တာပါ။ ကျောက်ဆိုတာ ကျောက်စိမ်းကို ပြောတာပါ။ ကျောက်ရောင်းလို့ အဆင်ပြေရင် သူ့လောပန်က Lucky ဆိုပြီး မုန့်ဖိုးပေးတယ်။ သူကိုယ်တိုင်ရောင်းပေးရတဲ့ ကျောက်ဆိုရင် ပွဲစားခပေးတယ်။ သူက တတ်မြောက်ကြီးပွားချင်တဲ့စိတ်ရှိတဲ့အတွက် ကျောက်လောကကို စူးစမ်းလေ့လာမှတ်သားတယ်။ ကျောက်အကြောင်းနားလည်လာတော့ သူ့လောပန်က ကျောက်တွေဝယ်ခိုင်းပြန်တယ်။ ကျောက်လောကကို ကျွမ်းကျင်လာတော့ စုထားတဲ့ကိုယ်ပိုင်ငွေလေးတွေကို သူ့လောပန်အတွက် ဝယ်ပေးရတဲ့ ကျောက်တွေမှာ အစုရှယ်ယာထည့်တယ်။ သူရှယ်ယာထည့်တဲ့ ကျောက်တွေထဲက ရလာတဲ့ငွေနဲ့ ကိုယ်ပိုင်ကျောက်တွေ ဝယ်ရောင်းလုပ်နိုင်လာတယ်။ အခုတော့ သူလည်း ဖားကန့်နယ်ထဲက မော်တစ်ခုမှာ ကားတွေ၊ မိသားစုတွေနဲ့ အိုးပိုင်အိမ်ပိုင် လောပန်တစ်ယောက် ဖြစ်နေပါပြီ။

အဲဒီဖားကန့်မော်မှာပဲ ရေမဆေးကျောက်ရှာသူတစ်ယောက်တွေ့ခဲ့တယ်။ သူက ရေမဆေးကျောက်ရှာတဲ့နေရာမှာ အရမ်းတော်တယ်။ သိန်းဆယ်ချီတန်တဲ့ ကျောက်တွေ ခဏခဏရတယ်။ ငွေရလာရင် သုံးတယ်၊ ဖြုန်းတယ်။ ငွေတွေကုန်သွားရင် ကျောက်ပြန်ရှာတယ်။ သူပြောနေကျစကားတစ်ခွန်းရှိတယ်။ "ငွေဆိုတာ စိန်တူသွားထိပ်မှာ ရှိတာပါကွာ"တဲ့။ စိန်တူဆိုတာက ရေမဆေးကျောက်ရှာတဲ့နေရာမှာသုံးတဲ့ ထိပ်ဖျားသေးသေးချွန်ချွန်နဲ့ သံတူအသေးစားပါ။ အဲဒီလူက ရေမဆေးကျောက်ရှာဖို့ပဲ ရည်မှန်းတာပါ။သူ့စကားအတိုင်း အခုထိ သူ ကျောက်ရှာနေရတာပါပဲ။

အဲဒီလိုပဲ ဦးလေးတစ်ယောက်က သူ့သားရဲ့ အဖြစ်ကို ခုလို ပြောပြဖူးတယ်။ "ငါ့သားက သစ်စက်မှာ အလုပ်လုပ်နေတာ သုံးနှစ်ကျော်ပြီ။ ဒါပေမယ့် ခုချိန်ထိ ပျဉ်သယ်တဲ့အလုပ်ပဲ လုပ်နေရတာ။ ဒီလောက်နှစ်တွေကြာနေရင် သူများတွေဆို လွှဝိုင်းဆရာ ဖြစ်နေပြီ။ ငါ့သားက ဘာလို့လွှဝိုင်းဆရာ မဖြစ်သေးတာလဲ"လို့ သစ်စက်ထဲအထိ လိုက်ကြည့်တော့ သူ့သားရဲ့ မတိုးတက်တဲ့အကြောင်းကို တွေ့ခဲ့တယ်တဲ့။ လွှဝိုင်းဆရာက စက်ခဏနားပြီး လွှဝိုင်းသွေးနေချိန်မှာ ပညာမယူဘဲ သူ့သားက ပျဉ်ပုံဘေးမှာ တခေါခေါနဲ့ အိပ်နေတာတဲ့။

တိုးတက်ချင်ရင်တော့ ပိုစူးစမ်းလေ့လာရမယ်။ သူများထက် ဝီရိယလည်း ပိုစိုက်ပေးရပါမယ်။

"ပညာမရှိသူ၏ ဝန်ထမ်း"တဲ့။ ဘာအတတ်ပညာမှ မတတ်ရင် သူများခိုင်းတာပဲလုပ်ရမယ်လို့ ကျွန်တော်ယူဆတယ်။ အောက်ခြေအဆင့်က မတက်ဘူးလို့ ဆိုလိုတာပါ။ ဆံပင်ညှပ်တတ်ရင် ဆံသဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်တယ်။ အလားတူပဲ အားကစားသမား၊ လက်သမား၊ ကားဒရိုင်ဘာ၊ စက်ကိရိယာပြင်တဲ့ မက္ကင်းနစ်၊ ဈေးသည်၊ ကုန်သည်၊ ပွဲစား၊ ကျောင်းဆရာ၊ ကျူရှင်ဆရာ၊ ဆရာဝန်၊ အဆိုတော်၊ သရုပ်ဆောင်၊ စာရေးဆရာ၊ ကုမ္ပဏီမန်နေဂျာ စသည်အားဖြင့် အမျိုးမျိုး အသက်မွေးဝမ်းကျောင်းပြုနိုင်ကြတာပဲ။ ဒါတွေဟာ တတ်ထားတဲ့ပညာနဲ့ ဝမ်းရေးအတွက် လုပ်နေကြတဲ့သူတွေပေ့ါ။ ဒါပေမယ့် လက်ရှိလုပ်နေတာလေးနဲ့မရပ်ဘဲ အရည်အချင်းတွေ၊ လုပ်ငန်းတွေ တိုးတက်အောင် အမြဲတမ်းကြံ့ဆသင့်၊ သင်ယူသင့်ပါတယ်။

"ဆင်းရဲတွင်းထဲမှာ မွေးဖွားလာတာက သင့်ရဲ့ အပြစ်မဟုတ်ဘူး။ ဆင်းရဲတွင်းထဲမှာပဲ သေသွားမယ်ဆိုရင်တော့ သင့်ရဲ့ အပြစ်ပါ"တဲ့ ။ ကမ္ဘာကျော် သူဌေးကြီး ဘီလ်ဂိတ်ရဲ့ စကားပါ။ လက်ရှိအခြေအနေထက် ပိုတိုးတက်အောင် လုပ်ရမှာပါ။

ပထမမြန်မာနိုင်ငံတော်လို့ခေါ်တဲ့ ပုဂံပြည်ကြီးကို စတည်ခဲ့တာ အနော်ရထာမင်း မဟုတ်ပါဘူး။ ဒါပေမယ့် အနော်ရထာမင်းကြောင့်သာ ပုဂံပြည်ဟာ စတင်ကြီးကျယ်ခမ်းနားလာတာပါ။ ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်။ ဦးဝင်းငြိမ်းက ဝတ္ထုရေးဆရာတွေ လိုက်နာရမယ့် အချက် ၁၃ ချက်ကို "နှစ်ကြောင်းရေး တစ်ကြောင်းခြစ်"ဆိုတဲ့ စာအုပ်မှာ ဘာသာပြန်ထည့်သွင်းပေးထားတာပါ။ မူရင်းဆောင်းပါးရှင်က စာရေးဆရာမ Mona simpson ပါတဲ့။ အဲဒီ ၁၃ ချက်ထဲက နံပါတ် (၆)အချက်ကို စာဖတ်သူအတွက် စကားလက်ဆောင် ပါးချင်ပါတယ်။

"သင့်တယ် ဆိုခြင်းက ကောင်းတယ်ဆိုခြင်းရဲ့ ရန်သူဖြစ်သည်"တဲ့ ။

သင့်ရုံပဲ လုပ်မှာလား။ ကောင်းအောင်ကြိုးစားမှာလား။ အကောင်းဆုံးဖြစ်အောင် စွမ်းစွမ်းတမံကြိုးစားမှာလား။ ကဲ ကျွန်တော်တို့ ဘယ်ကိုသွားကြမှာလဲ။

စုပေါင်းကာကွယ် လူကုန်ကူးမှုအန္တရာယ်

လူကုန်ကူးမှုအန္တရာယ်
စုပေါင်းလို့ကာကွယ်
တိုက်ဖျက်ကြမယ်တူတကွ
အားလုံးပါဝင်ကြ... ။
အမျိုးသမီးများဘဝမြင့်မားအောင်
ဝိုင်းဝန်းကြိုးပမ်းဆောင်
ဘဝနောင်ရေးလုံခြုံအေး
အသိပညာပေး... ။
လောဘတို့ဝေးဆင်ခြင်ပါ
မက်လုံးပေးဆွဲဆောင်တာ
ကိုယ့်မြေကိုယ့်ရွာအလုပ်များ
မခွဲလုပ်စေသား... ။
စည်းရုံးလို့ထားလိမ်ညာခေါ်
တိုင်ကြားဆက်သွယ်နော်
အဓမ္မခိုင်းသော်နှိပ်စက်ကြ
ဖော်ထုတ်အပြစ်ပေးရ ... ။
ရောင်းကုန်မဟုတ်ကြလူသားတွေ
နိုင်ငံအများ တိုက်ဖျက်နေ
လူ့အခွင့်အရေးတွေမြှင့်တင်ဖို့
ဖမ်းဆီးအပြစ်ပေးစို့... ။
ကိုယ်ချင်းစာလို့ဖေးမကူ
လက်တွဲလို့ဆောင်ယူ
လူကုန်ကူးမှုပပျောက်ရေး
ရှေ့တန်းကနေစွမ်းဆောင်ပေး
လက်တွဲညီညာအောင်မြင်မနေး ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

လူငယ်ရယ်၊ ယဉ်ကျေးမှုရယ်၊ နည်းပညာရယ်

■ အောင်သွေး(မြစ်သား)

"အပြောမတည်သလောက် ဟောဒီပိတောက်တွေပွင့်ရင် မောင်ကြီးစိတ်မှာမြင်ယောင်လာတယ် ဒီဇာတ်လမ်းမှာကွယ် ကိုယ်ရယ်မင်းရယ် ပန်းပိတောက်ရယ်" ဘေးအိမ်ရေဒီယိုမှတစ်ဆင့် ပျံ့လွင့်လာသော တွံတေးသိန်းတန်၏ "ကိုယ်ရယ်မင်းရယ် ပန်းပိတောက်ရယ်"သီချင်းကို နားစွင့်မိရင်း ဤခေါင်းစဉ်ကိုပေးလိုက်မိပါသည်။ မိမိနိုင်ငံ မိမိလူမျိုး၏ယဉ်ကျေးမှုကို နည်းပညာ၏ရေစီးကြောင်းမှာ မျောပါမသွားအောင် ထိန်းသိမ်းရန်လိုအပ်လာသည်။ ထိုအခါ လူငယ်များ၏အခန်းကဏ္ဍသည် အလွန်အရေးပါလာသည်။ "လူငယ်ရယ်၊ ယဉ်ကျေးမှုရယ်၊ နည်းပညာရယ်"ဟူသော သုံးပွင့်ဆိုင်ဇာတ်လမ်းတွင် လူငယ်နှင့် ယဉ်ကျေးမှုကို ပထမဦးစွာနှိုင်းယှဉ်ကြည့်မိပါသည်။

(၁) လူငယ်နှင့် ယဉ်ကျေးမှု

ယဉ်ကျေးမှုဆိုရာတွင် စာပေယဉ်ကျေးမှု အနုပညာယဉ်ကျေးမှု/ဘာသာတရားကိုင်းရှိုင်းယဉ်ကျေးမှု စသဖြင့် ယဉ်ကျေးမှုပေါင်းစုံပါဝင်ရာ ယဉ်ကျေးမှုရပ်ဝန်းကြီးတစ်ခုပင် ဖြစ်ပါသည်။ မြန်မာအဘိဓာန်တွင် ပြဆိုထားရာ၌ ယဉ်ကျေးမှုဆိုသည်မှာ (၁) သိမ်မွေ့ပြေပြစ်သောတတ်သိ လိမ္မာမှု၊ (၂) တိုးတက်ထွန်းကားလာသော လူနေမှု အဆင့်အတန်း၊ (၃) အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသောဓလေ့ထုံးတမ်းစသည်ဟု ဖွင့်ဆိုထားပါသည်။ ထိရောက်မှုရှိသော ဖွင့်ဆိုချက်ပင်ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် လူငယ်များ၏ နှလုံးသားထဲ သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှုကိန်းအောင်းရန် လိုအပ်လာသည်။ လူငယ်များသည် တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်းနှင့် လိုက်လျောညီထွေမှုရှိရန်လိုပါသည်။ လူငယ်များသည် အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်းအစဉ်အလာကို ကာကွယ်ရန် လိုပါသည် ။ ထိုတာဝန်များယူရမည့် လူငယ်များသည် ယဉ်ကျေးမှုပါးဝနေရန် လိုပါသည်။ ယခုဆိုလျှင် မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်ဆက်ဆံရေးများတွင် ယဉ်ကျေးမှုအားနည်းလာသည်ကို တွေ့ရ၊ မြင်ရ၊ ကြားနေရပါသည်။ ထိုအခါ ငယ်စဉ်ကသင်ယူခဲ့ရသော အိမ်၌ယဉ်ကျေးခြင်း၊ ကျောင်း၌ယဉ်ကျေးခြင်း၊ ခရီးသွားစဉ်ယဉ်ကျေးခြင်းနှင့် အထွေထွေယဉ်ကျေးခြင်းတို့ကို ပြန်လည်ကြားယောင်မိပါသည်။ ထိုယဉ်ကျေးမှုအဖြာဖြာကို ကျောင်း၌ သာမက အိမ်တွင်လည်း မိဘများက ဆီပွတ်ကျည်ပွေ့ကဲ့သို့ ထပ်တလဲလဲ လေ့ကျင့်ပေးသင့်ပါသည်။ ထိုမှတစ်ဆင့် လူမှုဝန်းကျင်၊ လောကဝန်းကျင်အထိ ဝတ်မှုန်ကူးနိုင်လိမ့်မည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအနုပညာလုပ်ငန်းများ (ဥပမာ – ရုပ်သေးပညာ/ပန်းပု/ပန်းတမော့ စသည်) ကိုဆက်ခံသည့်လူငယ်များ နည်းပါးလာသည်။ ထိုသို့ နည်းပါးလာရခြင်းမှာ ခေတ်၏တောင်းဆိုချက်အရ လူငယ်များသည် မိမိတို့ဘဝရပ်တည်မှု ခိုင်ခံ့သည့်လုပ်ငန်းများကို ရွေးချယ်သွား၍လည်းကောင်း၊ မူးယစ်ဆေးဝါးများ၏ သားကောင်များဖြစ်သွား၍လည်းကောင်း၊ လူငယ်များ၏လုပ်အားများ နိုင်ငံရပ်ခြားတွင် အဆုံးတိုင်နစ်မြုပ်သွား၍လည်းကောင်း အမျိုးမျိုးဖြစ်နိုင်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ၏ အခန်းကဏ္ဍများသည် လူငယ်များအပေါ် မှီခိုခွင့်မရှိပါက တိုင်းပြည်၏အနာဂတ်သည်လည်း ယိမ်းယိုင်သွားဖွယ်ရှိပါသည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်ကွယ်သွားနိုင်သည် မဟုတ်ပါလား။ ထို့ကြောင့် မိမိနိုင်ငံ မိမိလူမျိုး၏ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းရန် လူကြီးနှင့်လူငယ် သဟဇာတမျှမှသာဖြစ်နိုင်ပါသည်။ အထူးသဖြင့် လူကြီးသည် လူငယ်အတွက် ဘဝအာမခံချက်ပေးနိုင်အောင် ချွေးထုတ်ပေးမည်ဆိုလျှင် နောင်တစ်ချိန်မှာ သွေးထွက်နည်းပါလိမ့်မည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" မဟုတ်ပါလား။

(၂) လူငယ်နှင့် နည်းပညာ

ကမ္ဘာတစ်ဝန်း နည်းပညာပေါက်ကွဲမှုနှင့်အတူ လူငယ်များ၏ အခန်းကဏ္ဍသည်လည်း သိသိသာသာ အရေးပါလာခဲ့သည်။ ကောင်းကျိုးနှင့် ဆိုးကျိုး ဒွန်တွဲလာသည့် နည်းပညာသည် ၂၁ ရာစုတွင် တတိယဘုရားသခင်ဖြစ်နေပြီလောဟု စာရေးသူ တွေးထင်မိပါသည်။ နည်းပညာကိုအကြောင်းပြုပြီး သက်ရှိများအတွက် ကောင်းကျိုးများဆောင်ရွက်နေကြသကဲ့သို့ တစ်ဖက်တွင်လည်း မောဟအမှောင်ဖုံးပြီး လောဘတက်ကာ သက်ရှိများ၏ဆိုးကျိုးများကို ဆောင်ရွက်နေသူများလည်းရှိပါသည်။ မည်သို့ပင်ဖြစ်စေ လူငယ်များအနေဖြင့် ယခုကဲ့သို့ အခွင့်သာခိုက်မှာ နည်းပညာမှတစ်ဆင့် မိမိအကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်ရန် မဟာအခွင့်အရေးကြီးပင် ဖြစ်ပါသည်။ ပညာရပ်အသီးသီးကို မိမိအိမ်မှာပင် လေ့လာသင်ယူနိုင်သည့်ခေတ်ကြီးမှာ မိမိဘဝကို ချောက်ထဲဆွဲချမည့်အဆိပ်သီးကို ရှောင်နိုင်ရန် အထူးလိုအပ်လှသည်။ နည်းပညာ၏ ကျွန်မဖြစ်စေဘဲ နည်းပညာ၏သခင်ဖြစ်နိုင်ရန်ကြိုးစားရမည်။ သခင်ဖြစ်ရန်ခေါင်းတစ်လုံးမြင့်ရမည်။ ခေါင်းတစ်လုံးမြင့်ရန် စာဖတ်ရမည်။ အမှားအမှန် အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်သုံးသပ် ခွဲခြားနိုင်စွမ်းရှိရန် ဦးနှောက်လေ့ကျင့်ခန်းလုပ်ရမည်။

စာရေးသူတို့ခေတ်နှင့် ယခုခေတ် မည်သည့်ခေတ်က ပို၍ကံကောင်းသလဲဆိုသည်ကို နှိုင်းယှဉ်ကြည့်မိပါသည်။ စာရေးသူတို့ခေတ် နွေကျောင်းပိတ်လျှင် အိမ်မှာပဲ စာအုပ်နှင့်အဖော်ပြုရသည်။ ကြည့်စရာ တီဗွီမရှိ၊ သွားစရာ ဆိုင်ကယ်မရှိ၊ စာအုပ်အငှားဆိုင်နှင့် စာကြည့်တိုက်များသာလျှင် လူငယ်တို့ဆုံစည်းရာ နိဗ္ဗာန်ဘုံလေးဖြစ်ခဲ့သည်။ စာဖတ်သောအလေ့အကျင့်သည် ထိုအချိန်မှစ၍ ယခုတိုင်စွဲမြဲနေသည်။ ယခုချိန်တွင် မိမိဖတ်ချင်သောစာအုပ်ကို ဖေ့စ်ဘွတ်မှတစ်ဆင့် ဆက်သွယ်မှာယူနိုင်သည်။ e-book ကြည့်လို့ရသည်။ ၂၁ ရာစု၏ အကောင်းဆုံး အခွင့်အရေးကြီးပင် ဖြစ်ပါသည်။

(၃) လူငယ်ရယ်၊ ယဉ်ကျေးမှုရယ်၊ နည်းပညာရယ်

နည်းပညာခေတ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှု ဆုတ်ယုတ်မသွားရန် ဂရုစိုက်ရပေမည်။ မိမိနိုင်ငံနှင့် လူမျိုး၏ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရန်လည်း နည်းပညာမှတစ်ဆင့် အလွယ်တကူမြှင့်တင်နိုင်လေသည်။ တစ်ပါးသူ၏ ရိုးရာယဉ်ကျေးမှုကို လေးစားရန် လိုအပ်သကဲ့သို့ မိမိလူမျိုး၏ရိုးရာယဉ်ကျေးမှုကိုလည်း သစ္စာစောင့်သိစွာ ထိန်းသိမ်းရမည်ဖြစ်သည်။ Globalization ဆိုသော ကမ္ဘာ့အနှံ့ဖြစ်စဉ်များကို တစ်နေရာတည်းမှာပင် သိနိုင်သည့်ခေတ်မှာ ရေလိုက်ငါးလိုက် မလွဲရန် သတိမူရမည်ဖြစ်ပေသည်။ ထိုအခါ လယ်တီဆရာတော်ကြီး၏ "ခွင့်သာခိုက်မှ မလိုက်ချင်လျှင်"ဟူသော သံဝေဂတေးထပ်ကို သတိရမိပါသည်။ ထိုတေးထပ်တွင် ငါးပါးအာရုံကာမဂုဏ်တွင် ပျော်မွေ့ပြီးနေသူများ မြတ်စွာဘုရား၏ သာသနာနှင့်တွေ့ဆုံစဉ် သံသရာမှလွတ်ကြောင်း တရားရှာဖွေရန် ဆုံးမထားပါသည်။ လူငယ်များအနေဖြင့်လည်း နည်းပညာတိုးတက်မှုနှင့် တွေ့ဆုံခိုက် နည်းပညာမှတစ်ဆင့် ဘဝတက်လမ်းများကို ကြိုးစားရှာဖွေသင့်ကြောင်း လယ်တီဆရာတော်ကြီး၏ တေးထပ်လေးဖြင့် နှိုးဆော်လိုက်ချင်ပါသည်။

"ခွင့်သာခိုက်မှ မလိုက်ချင်လျှင်
အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲကမှ မခဲချင်လျှင်
အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုန်းမှ မရုန်းချင်လျှင်
အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။ ။

စာရေးသူလည်း မိမိကိုယ်မိမိ သတိပေးနေပါသည်။

"ခွင့်သာခင်းမှ မနင်းချင်လျှင်
အပျင်းနှင့်ပြင် ရှိသေးလေလိမ့်လား။ ။

လူငယ်တိုင်း လှပသောအနာဂတ်ကို တည်ဆောက်နိုင်ကြပါစေ။ ။